မြတ်ဗုဒ္ဓ၏အဆုံးအမတရား

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

ဒို့တာဝန်အရေးသုံးပါး

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

သတင်းလောက ရှေ့ဆောင်မည် လူထုကြားက မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၉၃)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်
၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက်၊ အင်္ဂါနေ့

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

## သန်းခေါင်စာရင်းဆိုသည်မှာ နိုင်ငံ၏အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများအတွက် အခြေခံ အုတ်မြစ်တစ်ခုလည်းဖြစ်

နေပြည်တော် အောက်တိုဘာ ၂၇

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)(MICC-1)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊

စာမျက်နှာ ၁၆ ကော်လံ ၁ ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာထုတ်ပြန်ခြင်း အထိမ်းအမှတ်ပြခန်းအတွင်း ခင်းကျင်းပြသထားမှုများအား ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့်လှည့်လည်ကြည့်ရှုစဉ်။



## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၈ ရက်)

# အမျိုးသားရေးလုပ်ငန်းအောင်မြင်စွာပြီးမြောက်ကြောင်း

နိုင်ငံတစ်နိုင်ငံအတွက် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့်ကောက်ယူခဲ့သည်။ ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ပြည်ထောင်စုအစီရင်ခံစာကို ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၇ ရက်တွင်ထုတ်ပြန်ခဲ့သည်။ စာရင်းအချက်အလက်များရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ဝက်ဆိုက်တွင်ရယူနိုင်ကြောင်းလည်း ကြေညာပေးထားသည်။

မြန်မာနိုင်ငံ၏တိကျမှန်ကန်သောလူဦးရေနှင့် လူမှုစီးပွားဆိုင်ရာစာရင်းအင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ်ရရှိစေရန် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခဲ့ပြီးနောက် ၁၀ နှစ်ကြာသည့် ၂၀၂၄ ခုနှစ်တွင် ထပ်မံကောက်ယူခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းဆိုင်ရာမေးခွန်း ၄၁ ခုသာမေးမြန်းကောက်ယူခဲ့သော်လည်း ယခု ၂၀၂၄ ခုနှစ်တွင် စာရင်းအင်းအချက်အလက်များပိုမိုပြည့်စုံစေရန်အတွက် မေးခွန်း ၂၇ ချက်တိုးမြှင့်၍ သန်းခေါင်စာရင်း ၆၈ ခုကို မေးမြန်းကောက်ယူခဲ့သည်။ ထပ်မံကောက်ယူသည့်အချက်အလက်များအနက် ပညာရေးကဏ္ဍတွင် ပညာဆက်လက်မသင်ကြားရသည့် အဓိကအကြောင်းနှင့် အိမ်အကြောင်းအရာကဏ္ဍတွင် အမှိုက်စွန့်ပစ်မှုစနစ်၊ သန့်ရှင်းမှုစနစ် စသည်တို့အား တိုးမြှင့်မေးမြန်းထားသည်။ ဤမေးခွန်းများမှာလည်း နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများအတွက် လိုအပ်ချက်ကိုသိရှိပြီးဖြည့်ဆည်းပေးရန် မေးမြန်းခြင်းဖြစ်သည်။

ပညာရေးကဏ္ဍနှင့်ကျန်းမာရေးကဏ္ဍသည် လူတိုင်းအတွက် အရေးအကြီးဆုံးအစိတ်အပိုင်းများဖြစ်သည်။ ပညာတတ်လူသားအရင်းအမြစ်ပေါကြွယ်ဝလာမှ နိုင်ငံဖွံ့ဖြိုးမည်ဖြစ်သလို ကျန်းမာရေးကောင်းနေမှ အလုပ်အကိုင်များဆောင်ရွက်နိုင်မည်ဖြစ်သည်။ ပညာရေးလိုအပ်ချက်၊ ကျန်းမာရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်မေးခွန်းများမေးမြန်းခြင်းမှာ ပြည်သူလူထုအတွက်သာဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူခဲ့ခြင်းမှသိရှိရသည့် နိုင်ငံ၏လူဦးရေနှင့်စီးပွားရေးဆိုင်ရာပြောင်းလဲမှုများ နှိုင်းယှဉ်လေ့လာသုတေသနပြုလုပ်ပြီး လိုအပ်သည့်မူဝါဒများ၊ မဟာဗျူဟာများနှင့်နည်းဗျူဟာများကို ချမှတ်နိုင်ရန်၊ ကဏ္ဍအလိုက်ချမှတ်ဆောင်ရွက်ရမည့်စီမံကိန်းများကို အထောက်အကူပြုစေရန်၊ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းအကောင်အထည်ဖော်ရာတွင်ပံ့ပိုးပေးနိုင်ရန်နှင့် စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့်မဟာဗျူဟာကို အထောက်အပံ့ပြုရေးတို့အတွက် သန်းခေါင်စာရင်း ကောက်ယူနေခြင်းဖြစ်သည်။

သန်းခေါင်စာရင်းရလဒ်များမှာ နိုင်ငံအတွက်အရေးပါသည့်အချက်အလက်များဖြစ်သကဲ့သို့ မိမိတို့တစ်ဦးချင်း အတွက်လည်း အကျိုးကျေးဇူးရရှိမည်ဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူခြင်းမှာ အမျိုးသားရေး လုပ်ငန်းတာဝန်တစ်ခုဖြစ်သကဲ့သို့ နောင်အနာဂတ်မျိုးဆက်သစ်များအတွက် များစွာအကျိုးရှိစေမည့် လုပ်ငန်းဖြစ်သည်။ သန်းခေါင်စာရင်းမှရရှိသည့်ကိန်းဂဏန်းများမှာ လက်ရှိအစိုးရတစ်ရပ်အတွက်သာမက နောင်အစိုးရအဆက်ဆက်အထိ လက်ဆင့်ကမ်းအမွေပေးရမည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာကိန်းဂဏန်းအချက်အလက်များဖြစ်သည်။ ထိုအချက်အလက်များမှာ အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှု နယ်ပယ်အဆင့်တိုင်းအတွက် ထိရောက်သည့် ဖွံ့ဖြိုးမှုစီမံကိန်းများရေးဆွဲနိုင်ရန်နှင့် အထောက်အထား အခြေပြုဆုံးဖြတ်ချက်များချမှတ်ရာတွင်မရှိမဖြစ်လိုအပ်သည်။ နိုင်ငံတော်၏သယံဇာတရင်းမြစ်များ ခွဲဝေသတ်မှတ်ခြင်းများ၊ ဘဏ္ဍာငွေခွဲဝေချမှတ်ခြင်းများ၊ နယ်မြေရေးယာနယ်နိမိတ်များကို ပြန်လည် ဆန်းစစ်ခြင်းများကလည်း လူဦးရေပေါ်မှာပင်အခြေခံခြင်းဖြစ်သည်။ စာသင်ကျောင်း၊ ဆေးရုံနှင့် ကျန်းမာရေးဌာနများ၊ လမ်း၊ တံတားများ စသည့်အခြေခံအဆောက်အဦများတည်ဆောက်ပေးခြင်းနှင့် သုတေသနလုပ်ငန်းများမှာလည်း သန်းခေါင်စာရင်းကရရှိလာသည့်အချက်အလက်များကို လေ့လာဆန်းစစ် အသုံးပြုနိုင်မည်ဖြစ်၍ နိုင်ငံတော်နှင့်ပြည်သူများအတွက် များစွာအကျိုးပြုအသုံးဝင်သည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ **“ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး”** ဦးတည်ချက်ကို အကောင်အထည်ဖော်ရာတွင် သန်းခေါင်စာရင်းကရရှိလာသည့် အချက်အလက်များကိုအသုံးပြုရမည်ဖြစ်သည်။ အထူးသဖြင့် မဲစာရင်းများတိကျမှန်ကန်ရေးဆောင်ရွက်ရာတွင် သန်းခေါင်စာရင်းကရရှိသည့်အချက်အလက်များမှာ များစွာအထောက်အကူဖြစ်စေသည်။

မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများအောင်မြင်ပြီးမြောက်ခဲ့သည်မှာ နိုင်ငံတော်အစိုးရ၊ ပြည်သူများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ ပြည်ထောင်စု အစီရင်ခံစာကိုထုတ်ပြန်နိုင်ခြင်းဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ခြင်းသည် ပြည်တွင်းရှိ လူ့စွမ်းအားအရင်းအမြစ်များကိုအခြေခံပြီး မြန်မာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားရေးလုပ်ငန်းစဉ်တစ်ခု အောင်မြင်စွာပြီးမြောက်ခြင်းဖြစ်ပါ ကြောင်း ဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

---

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

**၆၁**

ရက်

သာ လိုတော့သည်။

---

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

---

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

- ❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

---

## ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**လင်းခေး အောက်တိုဘာ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တိညုကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာလ ၂၇ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုလင်း၊ လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမြင့်သူနှင့် တာဝန်ရှိသူများက တိညုကျေးရွာ၌ လမ်းအရှည် ၁ မိုင် ၄ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ၉ လက်မရှိ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကုန်ထုတ်လမ်းဖောက်လုပ်ရာတွင် စံချိန်စံညွှန်းသတ်မှတ်ချက်များအတိုင်း သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် အလေးထားဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

အဆိုပါလုပ်ငန်းများကို လင်းခေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၄၄ ဒသမ ၇၇၇ သန်းအသုံးပြု၍ ၂၀၂၅ ခုနှစ် ဩဂုတ်လ ပထမပတ်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မင်းမြင့်မိုရ်

---

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၈-၁၀-၂၀၂၅(အင်္ဂါနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၈:၀၀ | နှလုံးသားဝယ် ဘုရားတည် | ၄။ | ၁၆:၀၀ | တပ်မတော်စာတိုက်ခန်း |
| ၂။ | ၁၁:၅၀ | လှပကျန်းမာ | ၅။ | ၁၇:၀၀ | ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ |
| ၃။ | ၁၄:၅၀ | Speech On Air | ၆။ | ၂၁:၂၀ | Memory Box |

---

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပွင့်ဖြူမြို့နယ်၌ ဒေသတွင်း သီးနှံဝင်ငွေတိုးပွားစေရန် ဆောင်းကြက်သွန်နီများ စိုက်ပျိုးလျက်ရှိ



ပွင့်ဖြူ အောက်တိုဘာ ၂၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဒေသတွင်း စားရေရိက္ခာဖူလုံစေရန်နှင့် သီးနှံဝင်ငွေ တိုးပွားစေရန်ရည်ရွယ်၍ ယခုနှစ်အောက်တိုဘာလပထမပတ်မှစပြီး ဆောင်းကြက်သွန်နီများ စိုက်ပျိုးလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ကြက်သွန်နီ ၁၁၂၅ ဧက လျာထားစိုက်ပျိုးမည်ဖြစ်ကာ သတ်မှတ်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ကြက်သွန်နီ ၁၈၅ ဧကအထိ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ပွင့်ဖြူမြို့နယ်မှာ ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ စားရေရိက္ခာဖူလုံစေဖို့နဲ့ သီးနှံဝင်ငွေတိုးပွားစေဖို့ ရည်ရွယ်ပြီး ကြက်သွန်နီ ၁၁၂၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ကြက်သွန်နီစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ဒေသနဲ့ကိုက်ညီတဲ့ အထွက်နှုန်းကောင်းမျိုးတွေ ရွေးချယ်စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားရောဂါကင်းရှင်းရေးတို့အတွက် အသိပညာပေးလုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကြက်သွန်နီအပါအဝင် စားဖိုဆောင်သီးနှံစုံ စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အထွက်နှုန်းများ တိုးတက်ကောင်းမွန်ရေး၊ ကျန်းမာရေးနှင့်ညီညွတ်သောသီးနှံများ ထွက်ရှိရေး၊ အထွက်နှုန်းကောင်းသောမျိုးများ စိုက်ပျိုးနိုင်ရေး၊ မြေသြဇာနှင့်သွင်းအားစုများ စနစ်တကျသုံးစွဲတတ်စေရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကြက်သွန်နီကို အရည်အသွေးနှင့် အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် တောင်သူများ ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့် တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် နယ်လှည့်စာကြည့်တိုက် အသိပညာပေးဟောပြော

ရန်ကုန် အောက်တိုဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ခရိုင် ဒဂုံ(တောင်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ ပြင်ပစာပေများဖတ်ရှုပြီး အသိပညာဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် နယ်လှည့်စာကြည့်တိုက် အသိပညာပေးဟောပြောပွဲကို အောက်တိုဘာလ ၂၇ ရက်တွင် ဒဂုံ(တောင်ပိုင်း)မြို့နယ် အမှတ်(၂၈) အခြေခံပညာမူလတန်းကျောင်း၌ ဆောင်ရွက်သည်။

အခမ်းအနားတွင် အမှတ်(၂၈) အခြေခံပညာမူလတန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးကျော်သန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သန်းသန်းအေးက နယ်လှည့်စာကြည့်တိုက် အသိပညာပေး



ဟောပြောပွဲကျင်းပရခြင်းရည်ရွယ်ချက်နှင့် စာဖတ်ခြင်းအကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြောပြီး မြို့နယ်စာရေးဆရာအသင်း အတွင်းရေးမှူး စာရေးဆရာသက်ဝေမောင်က ဖတ်သင့်သောစာပေ၊ မဖတ်သင့်သောစာပေနှင့် အရွယ်အလိုက် ဖတ်သင့်သောစာပေအကြောင်းအရာများကို အကျယ်တဝင့်ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဂိမ်းကစားနည်းပြိုင်ပွဲများကျင်းပရာ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ကလေးအလုပ်သမားပပျောက်ရေး၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ/ရသ စာအုပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**နေမျိုးအောင်**

# ကျောင်းကုန်းမြို့နယ်၌ စိုက်ပျိုးရေးကောက်ရိုးမှိုများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

ကျောင်းကုန်း အောက်တိုဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၌ စိုက်ပျိုးရေးကောက်ရိုးမှိုများ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကျောင်းကုန်းမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ကလျာ၏ပြောကြားချက်အရ သိရသည်။

ကျောင်းကုန်းမြို့နယ်၌ အောက်တိုဘာလတတိယပတ်မှစ၍ စိုက်ပျိုးရေးကောက်ရိုးမှိုများ ဝယ်လိုအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။


"လက်ရှိ စိုက်ပျိုးရေးကောက်ရိုးမှိုက ဈေးကောင်းရရှိနေတဲ့အတွက် စိုက်ပျိုးသူတွေ တွက်ခြေကိုက်နေပါတယ်။ ဒေသတွင်းဈေးကွက်မှာကို အဝယ်လိုက်နေတာပါ။ အရောင်းအဝယ်ကောင်းနေပေမယ့် ကောက်ရိုးမှိုစိုက်သူနည်းတော့ အထွက်နည်းနေပါတယ်။ ကုန်ပစ္စည်းက လိုသလောက်မရတဲ့အထိဖြစ်နေပါတယ်။ ထွက်လာတဲ့မှိုတွေက အရည်အသွေးလည်းမဆိုးပါဘူး"ဟု ဒေါ်ကလျာက ပြောသည်။

ကျောင်းကုန်းမြို့နယ်၌ ကောက်ရိုးမှိုကို ကျေးရွာ ၁၃ ရွာမှ တောင်သူများက အများဆုံးစိုက်ပျိုးကြကြောင်း၊ ကောက်ရိုးမှိုကို စတင်စိုက်ပျိုးပြီးသည့်နေ့မှ ၁၅ ရက်ကြာလျှင် တစ်ကြိမ်ခူးဆွတ်၍ အိတ်စွပ်ပြီးရောင်းတမ်းဝင်သည်အထိ တစ်ပေါင်လျှင် အထွေထွေကုန်ကျစရိတ်အနေဖြင့် ငွေကျပ် ၆၇၀၀၀ ခန့်ကုန်ကျကြောင်းသိရသည်။

"ဒီနှစ်က ပြီးခဲ့တဲ့နှစ်ကထက် မှိုဈေးပိုရနေပါတယ်။ ဒေသထွက်ကောက်ရိုးမှိုတွေကို စိုက်ခင်းတွေအထိ လာရောက်ဝယ်ယူကြပါတယ်။ အခုတင်ပို့ကုန်ကလည်း ရှိနေပါတယ်။ အခုလိုဝယ်လိုအားကောင်းတော့ ကောက်ရိုးမှိုစိုက်တဲ့သူတွေ အဆင်ပြေနေပါတယ်"ဟု ကျောင်းကုန်းမြို့နယ်မှ ကောက်ရိုးမှိုစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဒေါ်မြတ်မွန်ကပြောသည်။

**သုတကျော်**

## မြဝတီ ကာတွန်း



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

စားပွဲခန်းကြီးမှာလည်း အလွန်ကျယ်ဝန်း၍ ခမ်းနားစွာပြင်ဆင်ထားသည့်အပြင် မြိန်ရှက်ပုံရသော ပွဲကြည့်ပရိသတ်တို့ စားလိုက်သောက်လိုက်ကြပုံမှာလည်း ပျော်စရာကြီးဖြစ်နေ၏။ အစားအသောက်များမှာ ကျွန်ုပ်တို့ မြန်မာငွေနှင့်တွက်သော် ဈေးနှုန်းကြီးမြင့်သည်ဟု ဆိုရမည်ဖြစ်သော်လည်း ခြိုးခြံခြင်းမရှိ။ အလျှံပယ်စားကြသောက်ကြခြင်းကို တွေ့ရ၏။ ဈေးနှုန်းချိုသော်လည်း ပိုက်ဆံရှား၍ ဝယ်မစားနိုင်ကြလျှင် ဈေးချိုခြင်းသည် အချည်းနှီးဖြစ်ပေလိမ့်မည်။ သူတို့၏အစားအသောက်အသုံးအစွဲရက်ရောပုံကို ကျွန်ုပ်မြင်ရသည့်အခါ မြင်းပွဲသို့ နှစ်ခေါက်၊ သုံးခေါက်ရောက်ဖူးစဉ်က မြင်းနိုင်သောသူများ သုံးကြဖြုန်းကြခြင်းကို သတိရမိသည်။ စည်ကားလိုက်ပုံကို ဥပမာနှိုင်းရသော် ကျွန်ုပ်တို့မြန်မာပြည်၌ အစည်ကားဆုံးသော ဘုရားပွဲကြီးတစ်ခုတွင် စားကြသောက်ကြခြင်းနှင့်တူလှ၏။ သို့သော် ခြားနားချက်တစ်ခုရှိသည်မှာကား ဘုရားပွဲများ၌ လူစည်ကားသည်ဆိုလျှင် တော်အောင်လျော်အောင် ပြင်ဆင်ပေးတတ်ကြပေရာ ထိုစားပွဲခန်းကြီးထဲ၌မူ ထုံးစံအတိုင်းပြင်ဆင်ပေး၍ ကိုယ့်အလှည့်ကျသောအခါ (အတော်အတန်တော့ကြာသည်။) မချွတ်ကေန် ရကြလေသည်။

**ဓာတ်လှေကားတစ်မျိုး**

ကရင်မလင်ဇာတ်ရုံကြီးမှာ ဘော်လ်ရှိုင်ဇာတ်ရုံကြီးကဲ့သို့ပင် အထပ်လေးထပ်ရှိပေရာ ဘော်လ်ရှိုင်ဇာတ်ရုံကြီးမှာမူ ကိုယ့်အထပ်သို့ ရောက်အောင် ရိုးရိုးလှေကားဖြင့် ခြေကျင်တက်ကြရ၏။ ကရင်မလင်ဇာတ်ရုံကြီး၌မူကား "မက်ထရို" မြေအောက်ရထားမှာကဲ့သို့ပင် အဲစ်ကာလိတ္တာ(Escalator) ခေါ် ဓာတ်လှေကားတစ်မျိုးဖြင့် တက်ရသည်။ ဓာတ်လှေကားတစ်မျိုးဟု ရေးရခြင်းမှာ ရွှေတိဂုံဘုရားနှင့် ရန်ကုန်တိုက်ကြီးများတွင် တပ်ဆင်ထားသည့် အထက်နှင့်အောက် မတ်စောက်စွာ ဆင်းတက်ရသော (လှောင်အိမ်ခန်း) လှေကားမျိုး မဟုတ်။ ကြည့်လိုက်လျှင် ပကတိလှေကားရိုးရိုးကဲ့သို့ အထစ်တွေနှင့် ခပ်စောင်းစောင်းရှိသော လှေကားမျိုးဖြစ်လေသည်။ ဤလှေကားအကြောင်းကို တခြားလူများ ရေးဖူးကြလှ၍ အဆန်းအသစ်မဟုတ်သော်လည်း မဖတ်ရဖူးသူတို့အတွက် ဗဟုသုတဖြစ်စေခြင်းငှာ အနည်းငယ်ဖော်ပြလိုက်ပါဦးမည်။ လှေကားရင်းမှ ရပ်ကြည့်လိုက်သောအခါ သာမန်လှေကား ရိုးရိုးသဖွယ် အထစ်တွေနှင့် ခပ်စောင်းစောင်းရှိ၍ နှစ်စင်းယှဉ်လျက်ရှိသည်ကို မြင်ရပေလိမ့်မည်။ တစ်ဖက်တစ်ချက်၌ မြဲမြဲမရပ်တတ်သူများအဖို့ လက်ရန်းများလည်းရှိ၏။ (အလေ့အကျင့်မရှိမီ ကိုယ့်ကိုယ်ကိုယ် စိတ်မချနိုင်၍ လက်ရန်းကိုကိုင်ကာ ထိန်းရသော်လည်း ကျွန်ုပ်အဘိုးကြီးအိုတစ်ယောက်ပင်လျှင် နှစ်ကြိမ်လောက်ဆင်းတက်ရသောအခါ၌ လက်ရန်းကို မကိုင်ရတော့ပါ။) လှေကားရင်းမှ တက်လိုသောသူသည် အောက်ဆုံးလှေကားထစ်ပေါ်သို့ ဖျတ်ခနဲရပ်လိုက်သည်နှင့်တစ်ပြိုင်နက် အထက်သို့ တက်လျက်ရှိသော လှေကားထစ်များနှင့်အတူ ပါသွားတော့သည်။ တခြားဘက်၌ မိမိနှင့်ဆန့်ကျင်ဘက်ခရီးသွားနေကြသည့် အဆင်းသမားများကိုလည်းမြင်ရ၏။ လှေကားထိပ်သို့ အလိုအလျောက်ရောက်သွားသောအခါ မိမိ၏အလုပ်မှာ ညီညာသောကြမ်းပြင်ပေါ်သို့ အသာကလေး လှမ်းကူးလိုက်ရန်သာရှိသည်။ အဆင်းမှာလည်း အလားတူပင် လှေကားထစ်ပေါ်သို့ အသာကလေးလှမ်းကူးပြီး လိုက်ပါသွားရန်သာဖြစ်သည်။ ကရင်မလင်ဇာတ်ရုံကြီးထဲ၌ ပွဲကြည့်ပရိသတ်သည် မိမိတို့၏လက်မှတ်ရှိရာ အဆင့်သို့ ဓာတ်လှေကားဖြင့် ခြေညောင်းမခံရဘဲ သွားနိုင်ကြလေသည်။

> **"ဇာတ်ရုံကြီးထဲ၌ တအိအိပျော့ပျောင်းသော ကြမ်းပြင်တစ်လျှောက် လှမ်းဝင်သွားသောအခါ ထိုင်ခုံများမှာ ဘော်လ်ရှိုင်ဇာတ်ရုံကြီးမှာကဲ့သို့ ခပ်မှိုင်းမှိုင်းမဟုတ်ဘဲ ရဲရဲနီလျက်ရှိသည်ကို တွေ့ရသည်။ ပို၍ ဆင်ခြေလျှောပြုလုပ်ထားသည့်အတွက် ပရိသတ်သည် ဇာတ်ခုံပေါ်၌ ကပြသူများကို ပို၍ထင်ရှားစွာမြင်နိုင်သည်။ ထိုင်ခုံတစ်ခု၌ ထိုင်ပြီးနောက် ကျွန်ုပ်သည် ကျွန်ုပ်ထိုင်သောထိုင်ခုံကို သေချာစွာ ကိုင်တွယ်စမ်းသပ်ကြည့်ရာ . . ."**

**ဇာတ်ခုံကြီး**

ဇာတ်ရုံကြီးထဲ၌ တအိအိပျော့ပျောင်းသော ကြမ်းပြင်တစ်လျှောက် လှမ်းဝင်သွားသောအခါ ထိုင်ခုံများမှာ ဘော်လ်ရှိုင်ဇာတ်ရုံကြီးမှာကဲ့သို့ ခပ်မှိုင်းမှိုင်းမဟုတ်ဘဲ ရဲရဲနီလျက်ရှိသည်ကို တွေ့ရသည်။ ပို၍ ဆင်ခြေလျှောပြုလုပ်ထားသည့်အတွက် ပရိသတ်သည် ဇာတ်ခုံပေါ်၌ ကပြသူများကို ပို၍ထင်ရှားစွာမြင်နိုင်သည်။ ထိုင်ခုံတစ်ခု၌ ထိုင်ပြီးနောက် ကျွန်ုပ်သည် ကျွန်ုပ်ထိုင်သောထိုင်ခုံကို သေချာစွာ ကိုင်တွယ်စမ်းသပ်ကြည့်ရာ သပ်ရပ်ခြင်း၊ ချောမွေ့ခြင်း၊ ပင်ကိုအထည်ကောင်းခြင်းတို့ကို မြင်ရသဖြင့် မြန်မာလက်သမားတစ်ယောက်သည် ယင်းထိုင်ခုံမျိုးတစ်ခုကို လုပ်နိုင်ပါမည်လောဟု အကဲဖြတ်မိသည်။ ထိုင်ခုံ၏ လက်ယာဘက်၌ စားပွဲရှင်လေးတစ်ခုရှိရာ အလိုရှိသည့်အခါ မိမိရင်ခွင်ထဲသို့ ဆွဲတင်ပြီး စားသောက်စရာများတင်ကာ သုံးဆောင်နိုင်သည်။ ထိုင်ခုံတွင် ခလုတ်လေးတစ်ခုရှိသေးရာ ကျွန်ုပ်သည် ယင်း၏ အသုံးကို သိလိုသည်နှင့် ကျွန်ုပ်၏ညီအား မေးကြည့်၏။ သူသည် ခလုတ်ကို ထိုမှဤမှ လှုပ်ခါစမ်းသပ်ကြည့်သော်လည်း အသုံးကို ရှာမတွေ့နိုင်ဘဲရှိ၍ လက်လျှော့လိုက်ကြရသည်။ ညီသည် ရဲဘော်တစ်ယောက်ဖြစ်သော်လည်း အလုပ်များသူတစ်ယောက်ဖြစ်၍ ကရင်မလင်ဇာတ်ရုံကြီးသို့ ဤတစ်ကြိမ်သာ ရောက်ဖူးသည်ဟု သိရသည်။ ဘဲလေးကပွဲမှာ အခန်းတစ်ခန်းပြောင်း၍ "ဇာတ်ခင်း" ကို ပြုပြင်ရသည့်အခါ ကားလိပ်များကို ကြိုးဖြင့်ဆွဲရုံနှင့်မပြီးဘဲ များစွာပြုပြင်ရန်လိုသည်ဖြစ်သောကြောင့် နာရီဝက်ခန့် အနားပေးပြီး ပရိသတ်လည်း အပြင်သို့ထွက်ကာ စားကြ၊ သောက်ကြ၊ ဆေးလိပ်သောက်ကြလေသည်။ ကျွန်ုပ် မမေ့နိုင်သည့် ဇာတ်ခင်းတစ်ခုမှာ ဇာတ်ခုံနောက်ပိုင်း ခပ်ကျကျတွင် ရှေးအိမ်ကြီးတစ်ဆောင်ရှိရာ အတွင်း၌ မီးအိမ်များထွန်းညှိထား၍ လူများ ထွက်ဝင်သွားလာလျက်ရှိ၏။ အိမ်ရှေ့၌ကား မိန်းကလေးတစ်ယောက်နှင့် ယောကျ်ားလေးတစ်ယောက်သည် မြက်ခင်းပေါ်တွင် တွဲ၍ကလျက်ရှိ၏။ နောက်ဆုံး၌ ရှေးအိမ်ကြီးသည် ဇာတ်ခုံပေါ်၌ပင် မီးများ တောက်လောင်လျက်ရှိသည်ကို မြင်ကြရသည်။ ဖော်ပြခဲ့ပြီးသည့်အတိုင်း ကျွန်ုပ်မှာ ဘဲလေးကပွဲများတွင် ဇာတ်ကောင်များနှင့် ဇာတ်လမ်းထက် သရုပ်ပါ၍ တကယ်ထင်ရလောက်အောင် ပြင်ဆင်ထားသည့် "ဇာတ်ခင်း" များ၌ ပိုမိုစိတ်ဝင်စားခြင်းရှိခဲ့ပါသည်။

**ဘဲလေးအက**

ဘဲလေးအကနှင့်ပတ်သက်၍ ကျွန်ုပ်သတိပြုမိသော အခြင်းအရာတစ်ခုကို ဖော်ပြလိုသေး၏။ ဘဲလေးကပွဲကို ကြည့်ခါစ၌ ကျွန်ုပ်သည် ခြေဖျားကလေးနှစ်ချောင်းထောက်ကာ မညောင်းမညာ ကြာရှည်စွာ ကနိုင်ခြင်းကို အံ့သြရုံမှတစ်ပါး ချီးမွမ်းစရာရှာမတွေ့ဘဲ ဖြစ်နေ၏။ ခြေထောက်များကို မြှောက်ခြင်း၊ ကားခြင်းနှင့် လက်များကို လှုပ်ရှားပုံတို့မှာ မိန်းကလေးများအတွက် အလှမ်းကွာလွန်းပြီး ကိုးရိုးကားရားနိုင်လွန်းသည်ဟူ၍ပင် ထင်မိ၏။ သို့ရာတွင် ကြာရှည်စွာကြည့်လိုက်သောအခါ၌မူကား သူတို့၏လှုပ်ရှားပုံများသည် ထင်သလောက် မရိုင်းဟု မြင်လာ၏။ ထို့ထက် ကြာပြန်သောအခါ၌မူကား သူတို့၏လှုပ်ရှားပုံများနှင့်ပတ်သက်၍ အဆင်ပြေသောအချက်အလက်များကို မြင်တတ်လာတော့သည်။ မိန်းကလေးများ ပေါင်ကားရားလုပ်ခြင်း၊ ခြေထောက်မြှောက်လွန်းခြင်းသည် မြန်မာမျက်စိနှင့် မြင်လိုက်လျှင် မြင်လိုက်ချင်းရိုင်းစိုင်းသည်၊ အမြင်မတော်ဟု တစ်ခါတည်းဆုံးဖြတ်တတ်၏။ ကျွန်ုပ်တို့သည် အတွေးနက်သော လူမျိုးဖြစ်ဟန်တူသည်။ ကျွန်ုပ်သည် ဘဲလေးအကကို အချိန်ကြာရှည်စွာ ကြည့်သည့်အခါ မူလကတည်းက အခံရှိသည့် အဆိုပါအတွေးမျိုးပျောက်သွား၍ ခြေဟန်၊ လက်ဟန်သက်သက်ကိုသာ မြင်လာ၏။ အမှန်မှာ ဘဲလေးကချေသည်မများ၏ ခြေလက်လှုပ်ရှားပုံသည် အလွန်ယဉ်ကျေးသည့် ဟန်အမူအရာမျိုး ပါရှိခြင်းကို ကျွန်ုပ်သဘောပေါက်လာသည်။ စာဖတ်သူသဘောပေါက်အောင် ရှင်းပြရမည်ဆိုလျှင် ဘဲလေးကချေသည်မများ၏ ကနည်းကဟန်နှင့် ကိုယ်အနေအထားကို လေ့ကျင့်မထားသည့် မိန်းကလေးတစ်ယောက်သည် ၎င်းတို့နည်းတူ ပေါင်နှစ်ချောင်းကို ကားသည်ဖြစ်စေ၊ ခြေထောက်နှစ်ချောင်းကို တစ်ဖက်စီမြှောက်သည်ဖြစ်စေ မကြည့်ပျော်အောင်ဖြစ်ပြီး မျက်စိထဲ၌ ကိုးရိုးကားရားနှင့် မဖွယ်ရာသော စိတ်ကူးမျိုးဝင်လာပေလိမ့်မည်။ ဘဲလေးအကကို ကြည့်တတ်လာသောအခါ၌မူ နောက်ခြေတစ်ဖက်ကို ခါးအထက်ရောက်အောင် မြှောက်လိုက်စေကာမူလည်း ကိုယ်ကာယ၏ ဟန်ပြင်ပုံ အလိုက်သင့်ရှိလှ၍ လှပသောကိုယ်လုံးကိုယ်ပေါက်လည်း ရှိသူများဖြစ်သည့်အတွက်ကြောင့် မတော်တရော် အသွင်မျိုးမပေါ်လာဘဲ ကိုယ်လက်နှင့် ခြေထောက်တို့၏ လှုပ်ရှားနည်းဆိုင်ရာ အနုပညာသည်သာလျှင် စိတ်ထဲတွင်ပေါ်လာပါတော့သည်။ ဤသည်ကြောင့် အနောက်တိုင်းဘဲလေးအကသည် အနုပညာတစ်ခုအနေဖြင့် ကမ္ဘာတွင် နာမည်ကြီးခြင်း ဖြစ်တန်ရာသည်ဟု ကျွန်ုပ်တွေးတောမိပါသည်။

ဆက်လက်ဖော်ပြပါမည်။

# ကျွန်းစုမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသော မိုးစပါးစံကွက်ရိတ်သိမ်း




ကျွန်းစု အောက်တိုဘာ ၂၇

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသော မောင်းလှော်ကျေးရွာရှိ ကွင်းအမှတ်(၃၀၈/၆၉၀) ဦးပိုင်အမှတ် (၇၉/၃) တောင်သူ ဦးမြင့်အောင်၏ မိုးစပါးစိုက်ကေ လေးကေအား မိုးစပါးစံကွက်ရိတ်သိမ်းခြင်းကို အောက်တိုဘာလ ၂၆ ရက်က ဆောင်ရွက်သည်။

အဆိုပါမိုးစပါးစံကွက်ရိတ်သိမ်းရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမိုးအောင်နှင့် ဝန်ထမ်းများ၊ မောင်းလှော်ကျေးရွာ အကျိုးဆောင်တောင်သူများနှင့်အတူ အောင်နိုင်တိုးစပါးမျိုး စံကွက်ရိတ်သိမ်းခဲ့ရာ တစ်ကေလျှင် စပါးအစို ၁၀၉ တင်းခန့် ထွက်ရှိခဲ့သည်။

ကျွန်းစုမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မိုးစပါး ၁၃၀၁၉ ကေ စိုက်ပျိုးထားရာ တစ်ကေအထွက်နှုန်း မှန်ကန်စွာရရှိနိုင်ရေး ကောင်း၊ သင့်၊ ညံ့ ကိုယ်စားပြုအလွှာလိုက်ခွဲခြားပြုစု၍ ကွင်းအလိုက်၊ မျိုးကွဲအလိုက်၊ ရေသောက် နည်းလမ်းအလိုက် စံကွက်များ ရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။

ထက်မြင့်(ကျွန်းစု)

# ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ မယ်တော်မိဖုရားကြီး ကံတော်ကုန်သွားခဲ့ခြင်းအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အစိုးရကိုယ်စား ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး

ရန်ကုန် အောက်တိုဘာ ၂၇

ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ မယ်တော်မိဖုရားကြီး Her Majesty Queen Sirikit သည် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၄ ရက်တွင် ကံတော်ကုန်သွားခဲ့ခြင်းအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရ ကိုယ်စား နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၁)ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း သည် အမှတ် ၉၄၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး၌ ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်၌ ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်လက်မှတ်ရေးထိုးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့်တာဝန်ရှိသူများအား သံရုံးဧည့်ခန်းမတွင်တွေ့ဆုံ နှုတ်ဆက်၍ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ မယ်တော်မိဖုရားကြီး Her Majesty Queen Sirikit ကံတော်ကုန်သွားခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရ ကိုယ်စား ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကားပြောကြားပြီး ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးခဲ့သည်။



ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ မယ်တော်မိဖုရားကြီး Her Majesty Queen Sirikit သည် ကံတော်ကုန်ချိန်တွင် အသက် ၉၃ နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။

မြဝတီ

# မန္တလေးပြည်သူ့ဆေးရုံကြီး ခွဲစိတ်ကုသဆောင်ပြုပြင်မွမ်းမံ လှူဒါန်းမှု လွှဲပြောင်းအပ်နှံ




မန္တလေး အောက်တိုဘာ ၂၇

ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးပြည်သူ့ဆေးရုံကြီး ခွဲစိတ်ကုသဆောင်(၃) ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ အောင်မြင်ပြီးမြောက်၍ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် ခွဲစိတ်ကုသဆောင်(၃)၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယကောင်စစ်ဝန်ချုပ် Mr.Zhang Wei၊ မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး(ကုသရေး) ဒေါက်တာမျိုးသန့်ခိုင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦးနှင့်တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက ခွဲစိတ်ကုသဆောင်(၃) အတွင်း ပြုပြင်မွမ်းမံပြီးစီးမှုနှင့်တက်ရောက် ဆေးကုသခံယူနေမှုများကို လှည့်လည်ကြည့်ရှုပြီး နှစ်နိုင်ငံအထိမ်းအမှတ်ပြုပြင်ပြီး ကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ဒုတိယပိုင်းအစီအစဉ်ကို (၉) ထပ်ဆောင် မန်းတောင်ရိပ်ခန်းမ၌ ဆက်လက်ကျင်းပရာ ဒုတိယကောင်စစ်ဝန်ချုပ်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယတိုင်းဒေသကြီးဦးစီးမှူး(ကုသရေး)က နှုတ်ခွန်းဆက်စကားပြောကြားကာ ဒုတိယကောင်စစ်ဝန်ချုပ်က လုပ်ငန်းပြီးစီးမှုနှင့် ပတ်သက်၍ သက်ဆိုင်သည့်စာရွက်စာတမ်းများကို ဆေးရုံအုပ်ကြီးထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ဆေးရုံအုပ်ကြီးနှင့်တာဝန်ရှိသူများက မန္တလေးအခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယကောင်စစ်ဝန်ချုပ်၊ Myanmar-China Oil and Gas Pipeline Co.,Ltd. ၊ Myanmar Conch Cement Co.,Ltd.၊ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်းတို့မှ တာဝန်ရှိသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်သည်။

ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးပြည်သူ့ဆေးရုံကြီး ခွဲစိတ်ကုသဆောင်(၃) ပြုပြင်မွမ်းမံခြင်းလုပ်ငန်းကို မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံး၊Myanmar China Oil and Gas Pipeline Co.,Ltd. နှင့် Myanmar Conch Cement Co.,Ltd. အဖွဲ့သုံးဖွဲ့တို့မှပူးပေါင်းလှူဒါန်း၍ မြန်မာ - တရုတ် ပူးပေါင်းဆက်ဆံရေးအသင်းမှ ပူးပေါင်းကူညီဆောင်ရွက်မှုဖြင့် ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို ဇူလိုင်လ ၁၇ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ အောက်တိုဘာလ ၁၆ ရက်တွင် လုပ်ငန်းပြီးစီးကာ ယနေ့ လွှဲပြောင်းပေးအပ်ခြင်းဖြစ်ပြီး စုစုပေါင်းကုန်ကျငွေကျပ် သိန်းတစ်ထောင့်ခြောက်ရာခန့် ကုန်ကျခဲ့ကြောင်းသိရသည်။

အောင်အောင်

# သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ သာကေတမြို့နယ်ရှိပြည်သူများအား ကွင်းဆင်းဆေးကုသမှုဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၂၇

ကျန်းမာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးလူငယ်ရေးရာကော်မတီတို့ ပူးပေါင်းဆောင်ရွက်သည့် သဃ်န်းကျွန်းပြည်သူ့ဆေးရုံကြီးမှအထူးကုဆရာဝန်ကြီးများ၏ ကွင်းဆင်းဆေးကုသမှုအစီအစဉ်ကို ယနေ့နံနက် ၉ နာရီမှစတင်၍ ရန်ကုန်တိုင်းဒေသကြီးလူငယ်စင်တာ၌ ကျင်းပသည်။

ယင်းသို့ဆေးကုသမှုဆောင်ရွက်ရာတွင် သွားနှင့်ခံတွင်းဆေးကုဌာန၊ ခွဲစိတ်ကုသဌာန၊ စိတ်ကျန်းမာရေး၊ ကိုယ်အင်္ဂါသန်စွမ်းရေး၊နား၊ နှာခေါင်း၊ လည်ချောင်း၊ အရေပြား၊ ရင်ဘတ်ဓာတ်မှန်ခန်း၊ရင်ခေါင်းကု၊အစာအိမ်အူလမ်းကြောင်း၊ ကျောက်ကပ်နှင့် ဆီးလမ်းကြောင်း၊သားဖွားမီးယပ်ဌာန၊ အရိုးကုဌာန၊ မျက်စိကုသဌာန၊ ဆေးဝါးဌာနများပါဝင်ကာ သာကေတမြို့နယ်အတွင်းရှိအငြိမ်းစားဆရာကြီး၊ ဆရာမကြီးများနှင့် အသက် ၇၀ နှစ်နှင့်အထက် အဘိုး၊ အဘွား ၈၀၀ ဦးတို့ကို သဃ်န်းကျွန်းစံပြဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများက ဆေးကုသဆောင်ရွက်ပေးနေမှုကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးဦးငွေအောင်နှင့်တာဝန်ရှိသူများလာရောက်ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ ဆေးကုသမှုခံယူကြသည့် သာကေတမြို့နယ်မှ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများနှင့် ပြည်သူများအား မြို့နယ်လူမှုရေးအဖွဲ့များ၊ပရဟိတအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့များမှ မော်တော်ယာဉ်များဖြင့် အခမဲ့ကူညီဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

နေကိုထိုက်



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက် အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့်CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၂၄°c / ၃၅°c |
| ရန်ကုန် | ၂၅°c / ၃၄°c |
| မန္တလေး | ၂၄°c / ၃၅°c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# ၂၀၂၄ -၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရအောင်သင်ကြားပေးသော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲကျင်းပ

ပေါက်ခေါင်း အောက်တိုဘာ ၂၇

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ငွေရတုခန်းမ၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရအောင်သင်ကြားပေးသော ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၆ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်သူဦးက အဖွင့်အမှာစကားပြောကြားပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးရအောင်သင်ကြားပေးသော ဆရာ၊ ဆရာမများအား ဂုဏ်ပြုဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကိုယ်စား ဒုတိယမြို့နယ်ပညာရေးမှူး ဦးမိုးဇော်နှင့် ဆုရကျောင်းသား၊ ကျောင်းသူများကိုယ်စား ငါးဘာသာဂုဏ်ထူးရှင် မကြည်ဖြူခင်တို့က ကျေးဇူးတင်စကားအသီးသီး ပြောကြားကြသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်သူဦး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဆုရဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြကြောင်း သိရသည်။

မင်းကို(ပြန်/ဆက်)

လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။

ရန်ကုန် - အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၁၉

မန္တလေး - ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃

## မိုးထစ်ချုန်း ရွာနိုင်

နေပြည်တော် အောက်တိုဘာ ၂၇

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။ (မိုး/ဇလ)

# မြောင်းမြမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သစ်စိမ်းမြေဩဇာ(ပိုက်ဆန်လျှော်) ဧက ၂၅၀၀ ကျော် စိုက်ပျိုးမည်

မြောင်းမြ အောက်တိုဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် မြောင်းမြမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ဧက ၂၅၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်၏ပြောကြားချက်အရ သိရသည်။

မြောင်းမြမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးမည့် သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်) ဧက ၂၅၀၀ ကျော်ကို လာမည့်နိုဝင်ဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

"ပိုက်ဆန်လျှော်စိုက်ပျိုးခြင်းက အကျိုးကျေးဇူးများစွာရှိပါတယ်။ စိုက်ပျိုးမြေတွေမှာ ဓာတ်မြေဩဇာတွေသုံးစွဲမှုလျှော့နည်းသွားမယ်။ ဓာတ်မြေဩဇာတွေကြောင့် မြေဆီလွှာပျက်စီးမှု လျော့နည်းသွားမယ်၊ ဒါ့အပြင်ပိုက်ဆန်လျှော်ထည့်သွင်းစိုက်ပျိုးတဲ့အတွက် ထွက်ရှိလာတဲ့သီးနှံတွေမှာလည်း ဓာတုဓာတ်ကြွင်းပါရှိမှုလျော့နည်းမှာဖြစ်ပါတယ်။ ဒါကြောင့် ပိုက်ဆန်လျှော် စိုက်ပျိုးမှာဖြစ်ပါတယ်။ ပိုက်ဆန်လျှော်စိုက်ပျိုးဖို့ သက်ဆိုင်ရာစိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်နေပါတယ်" ဟု ဒေါ်ခင်ဌေးမြင့်ကပြောသည်။

အဆိုပါ သစ်စိမ်းမြေဩဇာ (ပိုက်ဆန်လျှော်)ကို စိုက်ပျိုးပြီး မြေဩဇာအစားထိုးပြန်လည်ထည့်သွင်းအသုံးပြုခြင်းကြောင့် ဓာတ်မြေဩဇာအသုံးပြုရမှု လျော့နည်းခြင်း၊ ဓာတ်မြေဩဇာများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို သက်သာစေခြင်း၊ စပါးစိုက်ပျိုးသည့်အခါ ထည့်သွင်းစိုက်ပျိုးပါက စပါးများ ဖြစ်ထွန်းအောင်မြင်ခြင်း၊ စပါးအရည်အသွေးကောင်းမွန်ခြင်း၊ သီးနှံများ ဘေးဥပဒ်ကင်းရှင်းခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သောသီးနှံများ စားသုံးနိုင်ခြင်း၊ မျိုးကောင်းမျိုးသန့်များကို ဆင့်ပွားထုတ်လုပ်ပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း သိရသည်။

သုတကျော်

# စေတုတ္တရာမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများထုတ်ချေး

စေတုတ္တရာ အောက်တိုဘာ ၂၇


မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပွင့်တောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ချေးငွေများ ထုတ်ချေးပေးခြင်းကို အောက်တိုဘာလ ၂၇ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့် ဝန်ထမ်းများက ပွင့်တောက်ကျေးရွာရှိ တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေ ငွေကျပ် ၃၇ ဒသမ ၇၅ သန်းကို ပွင့်တောက်ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပွင့်တောက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးအတွက် ငွေကျပ် ၂၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦးအတွက် ငွေကျပ် ၁၂ ဒသမ ၃၅ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးအတွက် ငွေကျပ် ၂ ဒသမ ၄ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၇၅ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၃၇ ဒသမ ၇၅ သန်းကို သက်သာသော အတိုးနှုန်းဖြင့် တစ်ဦးချင်းလက်ဝယ်အရောက် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချိုလေး




# ပွင့်ဖြူမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

ပွင့်ဖြူ အောက်တိုဘာ ၂၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလ ၂၆ ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိစက်သုံးဆီအရောင်းဆိုင်သို့သွားရောက်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးရဲလင်းနောင် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ပွင့်ဖြူ-မင်းဘူး- မကွေးကားလမ်းဘေးတွင် ဖွင့်လှစ်ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်၌ မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများ၊ မီးသတ်ဆေးဘူး၊ မီးသတ်စက်နှင့် အရေးပေါ်မီးငြိမ်းသတ်ရေးပစ္စည်းများ အသင့်အသုံးပြုနိုင်ခြင်းရှိ၊ မရှိ၊ ဆီသိုလှောင်ကန်များ မီးဘေးလုံခြုံစိတ်ချရမှုရှိ၊ မရှိ၊ မီးလောင်လွယ်သောလောင်စာများမရှိစေရေး သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး မီးငြိမ်းသတ်ရေးပစ္စည်းများဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းများကို သရုပ်ပြကြသည်။

မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် မြို့နယ်အတွင်း မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပေါ်စေရေးအတွက် လိုက်နာရမည့် မီးဘေးလုံခြုံရေးဆိုင်ရာ ညွှန်ကြားချက်များ၊ သတိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခြင်း၊ တစ်အိမ်တက်ဆင်းမီးဘေးလုံခြုံရေး စစ်ဆေးအကြံပြုခြင်း၊ အရေးပေါ်မီးငြိမ်းသတ်ရေးလုပ်ငန်းများတွင် ရေရရှိရေးအတွက် မြို့ပေါ်ရှိ မီးသတ်ရေကန်များအတွင်း ရေဖြည့်တင်းခြင်းတို့ကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# စပါးရိုးပြတ်များ လျင်မြန်စွာဆွေးမြည့်စေရေး ဆောင်ရွက်ရမည့်နည်းလမ်းများ

စပါးသီးနှံသည် နိုင်ငံတော်၏ အရေးကြီးသီးနှံဖြစ်ပြီး ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် ပိုလျှံသည်ကို ပြည်ပသို့တင်ပို့နိုင်ရေး အရည်အသွေးကောင်းဆန်များထုတ်လုပ်ရန်နှင့် စပါးစိုက်ပျိုးထုတ်လုပ်မှုပိုမိုတိုးတက်လာစေရန်လိုအပ်သည်။ နှစ်စဉ်ဆန်စပါးထုတ်လုပ်မှု၏ ၈၀ ရာခိုင်နှုန်းခန့်ကို ပြည်တွင်းစားသုံးမှုနှင့် စားသောက်ကုန်များထုတ်လုပ်မှုတို့တွင်သုံးစွဲပြီး ၂၀ ရာခိုင်နှုန်းခန့်ကို ပြည်ပသို့တင်ပို့ရောင်းချခြင်းအားဖြင့်လည်း နိုင်ငံအတွက် ဝင်ငွေတိုးကာ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(GDP)ကိုလည်း ပိုမိုမြင့်တက်လာစေသည်။ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားလာစေရေး၊ သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအားတိုးတက်မြင့်မားစေရေးနှင့်ချမှတ်ထားသော အဓိကသီးနှံများ၏ ပန်းတိုင်အထွက်နှုန်းရရှိရေးသည် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်လာသည်။ စိုက်ပျိုးရေးဦးစီးဌာနသည် သီးနှံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရေးအတွက် သီးနှံစိုက်ပျိုးဧရိယာများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ တစ်ဧကသီးနှံအထွက်နှုန်းတိုးရေး၊ သီးထပ်စွမ်းအားနှင့်သီးနှံစိုက်စွမ်းအားတိုးတက်စေရေး၊ အဓိကသီးနှံများပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် "မျိုး၊ မြေ၊ ရေ၊ နည်း"စသည်တို့ကို စနစ်တကျပေါင်းစပ်ဆောင်ရွက်လုပ်ကိုင်လျက်ရှိသည်။

ထို့ကြောင့် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အရည်အသွေးနှင့်အထွက်နှုန်းကောင်းသည့်မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးခြင်း၊ မျိုးစေ့နှုန်းထားမှန်ကန်စွာနှင့် ဒေသရေမြေနှင့်ကိုက်ညီသည့်မျိုးများကို ရွေးချယ်စိုက်ပျိုးခြင်း၊ စိုက်ပျိုးမည့်မြေ၏အရည်အသွေးကောင်းမွန်စေရန် စနစ်တကျပြုပြင်ခြင်းနှင့် လိုအပ်သည့်သွင်းအားစုမြေဩဇာများကို အချိန်ကိုက်ထည့်သွင်းပေးခြင်း၊ စိုက်ပျိုးရေဖူလုံစွာရရှိနိုင်စေရန် စနစ်တကျစီမံဆောင်ရွက်ခြင်း၊ စိုက်ပျိုးနည်းစနစ်များမှန်ကန်ရေးနှင့်ခေတ်မီစိုက်ပျိုးနည်းစနစ်များအသုံးပြုခြင်းတို့ကို ပေါင်းစပ်ဆောင်ရွက်ခြင်းဖြင့် တောင်သူတို့၏အကျိုးစီးပွားမြင့်မားတိုးတက်လာမည်ဖြစ်သည်။ အဆိုပါအချက်အလက်များအပေါ်အခြေခံ၍ မိုးစပါးသီးနှံပန်းတိုင်အထွက်နှုန်းတင်း ၁၀၀ နှင့်အထက်ထွက်ရှိရေးအတွက် ဆောင်ရွက်ရာတွင် တောင်သူများအနေဖြင့် စိုက်ခင်းမြေပြုပြင်ရာတွင် ထယ်ရေးနက်နက်နှင့်ထွန်ရေးညက်ညက်ပြုပြင်ဆောင်ရွက်ရန် အရေးကြီးသည်။ စပါးစိုက်ပျိုးရန် ထယ်ရေးပြင်ရာတွင် "လယ်မှာအပုပ်၊ ယာမှာအသုတ်"ဆိုသည့်အတိုင်း လယ်သီးနှံစိုက်ပျိုးရေးအတွက် မြေယာပြုပြင်ရာတွင် တမန်းပုပ်ပြီးလယ်ထဲတွင်ကျန်ရှိသည့်ကောက်ရိုးများ၊ ရိုးပြတ်များနှင့် သီးနှံဘေးထွက်ပစ္စည်းများ ကောင်းစွာဆွေးမြည့်၍ တမန်းကောင်းရရှိရန်လိုအပ်သကဲ့သို့ ယာသီးနှံများစိုက်ပျိုးရန် မြေပြုပြင်ရာတွင်လည်း ထယ်ရေးပြင်မှုမြန်မြန်ဆန်ဆန်ပြင်ပါမှသီးနှံစေ့များအား အစိုဓာတ်မိအောင် စိုက်ပျိုးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် မိုးစပါးစိုက်ပျိုးထုတ်လုပ်မှုတွင် ပန်းတိုင်သီးနှံအထွက်နှုန်းရရှိရေးအတွက် မြေယာပြုပြင်ခြင်းလုပ်ငန်းကို ဂရုတစိုက်ဆောင်ရွက်ရန် လိုအပ်သည်။

ထို့ပြင် စပါးစိုက်ပျိုးမြေများတွင် သီးနှံဘေးထွက်ပစ္စည်းများဖြစ်သည့် ကောက်ရိုး၊ နှမ်းရိုး၊ ပဲရိုး၊ နေကြာရိုး၊ စပါးခွံ၊ ပဲစင်းငုံရိုးတို့ကို ထည့်သွင်းပေးခြင်းအားဖြင့် မြေဆီလွှာတိုးတက်ကောင်းမွန်ပြီး သီးနှံအထွက်နှုန်းတိုးတက်လာစေသည်။ စပါးသီးနှံများကို ဆက်တိုက်စိုက်ပျိုးမည်ဆိုပါက ရိုးပြတ်များနှင့် ကောက်ရိုးအကြွင်းအကျန်များဆွေးမြည့်ရန် လုံလောက်သော အချိန်မရရှိနိုင်သဖြင့် ရိုးပြတ်များ မဆွေးမြည့်နိုင်ဘဲ နောက်ထပ်စိုက်ပျိုးသောသီးနှံပင်အတွက်အောက်ဖော်ပြပါဆိုးကျိုးများဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် ရိုးပြတ်များလျင်မြန်စွာဆွေးမြည့်စေရန် စီမံဆောင်ရွက်ရမည်ဖြစ်သည်။



အီးအမ်၊ ယူရီးယားနှင့်ဖွဲနုများအား ရိုးပြတ်များပေါ်သို့ ကြဲပက်ခြင်း။



ရိုးပြတ်များဆွေးမြည့်စေရန် ဆောင်ရွက်ခြင်း။

**ရိုးပြတ်များမဆွေးမြည့်ခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သောဆိုးကျိုးများ**

- ထယ်ထိုး၊ ထွန်မွှေခြင်းစသည့် မြေပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ရန်ခက်ခဲခြင်း၊
- ယခင်စိုက်ပျိုးခဲ့သည့်သီးနှံများတွင်ကျရောက်ခဲ့သည့်မှိုနှင့် ဗက်တီးရီးယားပိုးများသည် မဆွေးမြည့်သေးသော ရိုးပြတ်များပေါ်တွင် ဆက်လက်ရှင်သန်နိုင်ခြင်းကြောင့် အဆိုပါရောဂါပိုးမွှားများအတွက် ခိုအောင်းရန်နေရာကောင်းဖြစ်လာပြီး နောက်ထပ်စိုက်ပျိုးသည့်သီးနှံများကို လွယ်ကူစွာကူးစက်စေနိုင်ခြင်း၊
- ရိုးပြတ်များ လေမဲ့ဆွေးမြည့်မှုဖြစ်စဉ်ကြောင့် မီသိန်းဓာတ်များထွက်ရှိကာ အမြစ်ဇုန်တွင်စုမိလာပြီး အပင်ကြီးထွားမှုကို အဟန့်အတားဖြစ်စေသည့်အပြင် ဓာတ်လျော့ဖြစ်စဉ်များကြောင့်လည်း သံဓာတ်များစုပုံလာကာ စပါးပင်နီတိုဖြစ်စေနိုင်ခြင်း၊
- အဏုဇီဝပိုးများသည် မြေကြီးထဲမှနိုက်ထရိုဂျင်ဓာတ်ကိုအသုံးပြုသည့်အတွက် သီးနှံပင်အတွက် ရရှိနိုင်သောနိုက်ထရိုဂျင်ဓာတ်များ နည်းသွားပြီး အပင်များဝါလာခြင်း၊ ကြီးထွားမှုနှေးကွေးခြင်း၊ အထွက်နှုန်းကျဆင်းခြင်း၊
- အချို့သော ပေါင်းမြက်မျိုးစိတ်များသည် သီးနှံရိုးပြတ်များကြားတွင် ပိုမိုလွယ်ကူစွာ ပေါက်ရောက်တတ်သည့်အတွက် ပေါင်းမြက်နှိမ်နင်းရန်ပိုမိုခက်ခဲစေပြီးနောက် သီးနှံအတွက် ပေါင်းမြက်ပြဿနာများဖြစ်စေခြင်း။

**ရိုးပြတ်များလျင်မြန်စွာဆွေးမြည့်ရန် ဆောင်ရွက်ရမည့်နည်းလမ်းများ**

စပါးခင်းများတွင် ရိတ်သိမ်းပြီးနောက် ကျန်ရှိသောရိုးပြတ်များကို ဆွေးမြည့်စေရန်အတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်ဖြစ်သည်။

- ရိုးပြတ်များလျင်မြန်စွာ ဆွေးမြည့်စေရေးအတွက် လယ်ကွင်းထဲတွင် ရေမရှိပါက ရေပါးပါးထည့်သွင်းပေးရမည်။
- တစ်ဧကလျှင် အီးအမ်ဖျော်ရည် ၃ လီတာကို ရေ ၂၀ လီတာနှင့်ရော၍ ရိုးပြတ်များပေါ်သို့ ဖျန်းပေးပါ သို့မဟုတ် သွင်းရေနှင့်အတူ ထည့်သွင်းပေးပါ။ အီးအမ်ထည့်သွင်းပေးခြင်းဖြင့် ဆွေးမြည့်မှုကို လျင်မြန်စေမည်ဖြစ်သည်။
- တစ်ဧကလျှင် ပုလဲမြေဩဇာ ငါးပြည်နှင့် ဆန်ကွဲ သို့မဟုတ် ဖွဲနု ငါးပြည်ရော၍ ရိုးပြတ်များပေါ်သို့ ညီညီညာညာကြဲပက်ပြီးနောက် ရိုးပြတ်များကို မြေကြီးအနက် လေးလက်မမှ ရှစ်လက်မအနက်ခန့်ထိ ထယ်ထိုးမြေမြှုပ်ပေးပါ။ ထယ်ထိုးမြေမြှုပ်ရာတွင် နက်လွန်းပါက လေဝင်လေထွက်နည်းပြီး ဆွေးမြည့်မှုကို နှောင့်နှေးစေနိုင်သည်။
- ရိတ်သိမ်းခြွေလှေ့စက်ဖြင့်ရိတ်သိမ်းထားသော စပါးခင်းများတွင် ကျန်ရှိသောကောက်ရိုးများအား ဆွေးမြည့်စေရန်အတွက် ကောက်ရိုးများကို အရှည် နှစ်လက်မခန့် နွားစာစဉ်းစက်ဖြင့်စဉ်းပါ။ ကောက်ရိုးသည် ကာဗွန်ပါဝင်မှုများသဖြင့် အရွယ်အစားကြီးလေလေ ဆွေးမြည့်မှုကြာလေလေဖြစ်သောကြောင့် အဆွေးမြန်စေရန်ကောက်ရိုးများကိုပိုင်းဖြတ်ပေးရမည်။ စဉ်းထားသောကောက်ရိုးများကို နွားချေးခြောက်တင်းခန့်နှင့်ရော၍ ညီညာစွာကြဲပက်ပြီး ထယ်ထိုးမြေမြှုပ်ပေးပါ။ ဆွေးမြည့်မှုကို ပိုမိုလျင်မြန်စေရန်အတွက် ပဲမျိုးရင်းဝင်အပင်များကို ရိုးပြတ်များကြားတွင် ထည့်သွင်းပေးလျှင် ပိုမိုကောင်းမွန်သည်။
- ထယ်ထိုးမြေမြှုပ်ပြီး နှစ်ပတ်ကြာပါက ကောက်ရိုး၊ ရိုးပြတ်များ ဆွေးမြည့်သွားပြီး စပါးစိုက်ပျိုးရန် မြေပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

**အကျိုးကျေးဇူးများ**

- ကောက်ရိုးများကို စပါးခင်းသို့ ပြန်လည်ထည့်သွင်းပေးခြင်းဖြင့် သီးနှံပင်အတွက် (N,P,K) အာဟာရဓာတ်များကိုရရှိစေသည့်အပြင် မြေဆီလွှာ၏မြေသားတည်ဆောက်မှုကို ပိုမိုကောင်းမွန်လာစေခြင်း၊
- မြေပြုပြင်ခြင်းလုပ်ငန်းများ၊ ထယ်ထိုးခြင်း၊ ထွန်မွှေခြင်းလုပ်ငန်းများ ကောင်းစွာဆောင်ရွက်နိုင်ခြင်း၊
- မြေဆီလွှာအတွင်း သစ်ဆွေးဓာတ်နှင့် အကျိုးပြုအဏုဇီဝသက်ရှိများ ပိုမိုကြွယ်ဝလာပြီး မြေသားဖွဲ့စည်းမှုကောင်းမွန်လာစေခြင်း၊
- ပေါင်းမြက်ပေါက်ရောက်မှုကိုသက်သာစေခြင်း၊
- ရိုးပြတ်များကို မီးမရှို့ခြင်းကြောင့် လေထုညစ်ညမ်းမှုလျော့နည်းစေခြင်းနှင့် ရာသီဥတုဖောက်ပြန်ခြင်းကိုလျှော့ချနိုင်ခြင်း၊
- စပါးစိုက်ပျိုးမှုအတွက် မြေပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူလာခြင်း၊
- ရိုးပြတ်များကို စနစ်တကျစီမံခန့်ခွဲခြင်းဖြင့် တောင်သူများကုန်ကျစရိတ်သက်သာစေပြီး ပိုမိုအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

ထို့ကြောင့် မိုးစပါးစိုက်ပျိုးသည့်တောင်သူများအနေဖြင့် သီးနှံအထွက်တိုးတက်စေရန်အတွက် မိမိတို့လယ်ကွင်းထဲတွင်ရှိသည့်ကောက်ရိုးနှင့်ရိုးပြတ်များ၊ လယ်ယာသီးနှံအကြွင်းအကျန်များကို အလျင်အမြန်ဆွေးမြည့်အောင်ဆောင်ရွက်ရန် လိုအပ်ပါကြောင်းနှိုးဆော်တိုက်တွန်းအပ်ပါသည်။ ။

မြင့်မြင့်ထွန်း
(စိုက်ပျိုးရေးဦးစီးဌာန)

# ဒစ်ဂျစ်တယ်ခေတ်တွင် ကလေးငယ်များ၏အာရုံစူးစိုက်မှုကောင်းမွန်စေသော နည်းလမ်းများ

ယနေ့ခေတ်ဒစ်ဂျစ်တယ်လောကတွင် ကလေးငယ်များ၏အာရုံစူးစိုက်မှုနှင့် စွမ်းဆောင်ရည်များကို အားနည်းသွားစေနိုင်သည့်ဖန်သားပြင်များမှ အာရုံထွေပြားမှုများစွာကိုရင်ဆိုင်နေရသည်။ ဒစ်ဂျစ်တယ်နည်းပညာများသည် သင်ယူခြင်းဆိုင်ရာအကျိုးကျေးဇူးများကိုပေးစွမ်းသော်လည်း ဖန်သားပြင်အလွန်အကျွံအသုံးပြုမှုသည် ကလေးငယ်များ၏ အာရုံစူးစိုက်မှုကိုပျက်ပြားစေသည်။ မိဘများနှင့် ဆရာများသည် ကလေးများအတွက် စစ်မှန်သောစွမ်းဆောင်ရည်များရရှိစေရန်နှင့် အာရုံစူးစိုက်မှုကို ထိန်းချုပ်နိုင်ရန် အထောက်အကူဖြစ်စေသောနည်းလမ်းများကို အသုံးပြုရပါမည်။

**"အာရုံစူးစိုက်မှုနှင့် သင်ယူနိုင်မှုစွမ်းရည်အတွက် မှတ်ဉာဏ်စုစည်းမှုနှင့် စိတ်ခံစားမှုဆိုင်ရာ ထိန်းညှိမှုနှင့် ပုံမှန်အိပ်စက်မှုအစီအစဉ်များကို ဖော်ဆောင်ခြင်းသည် အသိဉာဏ်အားပြန်လည်ဖြည့်တင်းရန် မရှိမဖြစ်လိုအပ်ပါသည်။ အာရုံကြောဆိုင်ရာ သိပ္ပံနည်းကျသုတေသနပြုချက်များအရ အသက်ခြောက်နှစ်မှ ၁၂ နှစ်ကြားကလေးများအတွက် ဦးနှောက်၏ လုပ်ဆောင်မှုအကောင်းဆုံးဖြစ်ရန်အတွက် တစ်ညလျှင် အိပ်ချိန် ၉ နာရီမှ ၁၂ နာရီအထိ ပုံမှန်အိပ်စက်ရန်လိုအပ် . . ."**

**ဖန်သားပြင်အသုံးပြုမှုအချိန်ကိုကန့်သတ်ပြီး အသုံးပြုပုံပြောင်းလဲရန် အားပေးခြင်း**

၂၀၂၃ ခုနှစ်တွင် Young Children's Language Skills လေ့လာမှုတစ်ခုအရ Passive Screen Exposure ခေါ် ဆိုရှယ်မီဒီယာ၏လွှမ်းမိုးမှု၊ ဗီဒီယိုများ သို့မဟုတ် တီဗွီကြည့်ခြင်းကဲ့သို့ ဖန်သားပြင်အလွန်အကျွံ အသုံးပြုမှုအချိန်များသည် ဝေါဟာရ၊ နားလည်နိုင်စွမ်းနှင့် အာရုံစူးစိုက်မှုအားနည်းသောအပိုင်းနှင့် ဆက်စပ်နေကြောင်း တွေ့ရသည်။ ဆန့်ကျင်ဘက်အနေဖြင့် ကလေးများကိုသိမြင်နိုင်စွမ်းရှိစေရန် ဒီဇိုင်းထုတ်ထားသောသင်ယူမှုအက်ပ်များသည် အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုများရှိသည်။ ထို့ကြောင့် မိဘများသည် Passive Screen Time ကို ကန့်သတ်သင့်ပြီး ဖန်သားပြင်အသုံးပြုပုံအား တီထွင်ဖန်တီးမှုပြဿနာဖြေရှင်းမှုနှင့် တက်ကြွသောတွေးခေါ်မှုကိုအားပေးသည့် လုပ်ဆောင်ချက်များဆီသို့ပြောင်းလဲခြင်းနှင့် ပညာပေးအကြောင်းအရာများကို အားပေးသင့်သည်။

**ဦးနှောက်လုပ်ဆောင်ချက်ကို မြှင့်တင်ရန် ကိုယ်လက်လှုပ်ရှားမှုကို မြှင့်တင်ခြင်း**

ကိုယ်လက်လှုပ်ရှားမှုသည် ဦးနှောက်လုပ်ဆောင်ချက်ကို သိသာထင်ရှားစွာမြှင့်တင်ပေးသည်။ အထူးသဖြင့် အာရုံကြောဆိုင်ရာစီမံခန့်ခွဲမှုများဖြစ်သည့် တားဆီးမှု၊ သိမြင်မှု၊ ပြောင်းလွယ်ပြင်လွယ်ဖြစ်မှုနှင့် အလုပ်မှတ်ဉာဏ်ကဲ့သို့ ဦးနှောက်လုပ်ဆောင်ချက်များကို သိသိသာသာမြှင့်တင်ပေးပါသည်။ ပုံမှန်အလယ်အလတ်မှ ပြင်းထန်သောလေ့ကျင့်ခန်းများသည် မှတ်ဉာဏ်ဆိုင်ရာလုပ်ငန်းစဉ်များနှင့် မှတ်ဉာဏ်စုစည်းမှုအတွက် အရေးပါသော Prefrontal Cortex နှင့် Hippocampus ကဲ့သို့သော ဦးနှောက်နေရာများတွင် သွေးစီးဆင်းမှု၊ အောက်ဆီဂျင်နှင့် အာရုံကြောများကို တိုးပွားစေသည်။ ကလေးများအတွက် အားကစားပြုလုပ်ခြင်း သို့မဟုတ် လမ်းလျှောက်ခြင်းတို့ကဲ့သို့ နေ့စဉ် မိနစ် ၆၀ ခန့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းသည် မိမိကိုယ်ကို ထိန်းညှိပေးခြင်း၊ အာရုံစူးစိုက်မှုကို မြှင့်တင်ပေးခြင်းနှင့် အကောင်းဆုံးဦးနှောက်ဖွံ့ဖြိုးမှုတို့ကို တိုးမြှင့်ပေးသည်။ ကိုယ်လက်လှုပ်ရှားမှုများအတွင်း အပြန်အလှန်လူမှုဆက်ဆံရေးသည် ကလေးများစွမ်းဆောင်ရည်နှင့် စိတ်ပိုင်းဆိုင်ရာကောင်းမွန်မှုတို့ကိုတိုးမြှင့်စေပြီး သိမြင်မှုဆိုင်ရာအကျိုးကျေးဇူးများကို ပေါင်းစပ်ပေးသည်။

**မှတ်ဉာဏ်ပြန်လည်ဖြည့်တင်းရန် ပုံမှန်အိပ်စက်ခြင်းအစီအစဉ်ကိုဖန်တီးခြင်း**

အာရုံစူးစိုက်မှုနှင့် သင်ယူနိုင်မှုစွမ်းရည်အတွက် မှတ်ဉာဏ်စုစည်းမှုနှင့် စိတ်ခံစားမှုဆိုင်ရာ ထိန်းညှိမှုနှင့် ပုံမှန်အိပ်စက်မှုအစီအစဉ်များကို ဖော်ဆောင်ခြင်းသည် အသိဉာဏ်အားပြန်လည်ဖြည့်တင်းရန် မရှိမဖြစ်လိုအပ်ပါသည်။ အာရုံကြောဆိုင်ရာ သိပ္ပံနည်းကျသုတေသနပြုချက်များအရ အသက်ခြောက်နှစ်မှ ၁၂ နှစ်ကြားကလေးများအတွက် ဦးနှောက်၏ လုပ်ဆောင်မှု အကောင်းဆုံးဖြစ်ရန်အတွက် တစ်ညလျှင် အိပ်ချိန် ၉ နာရီမှ ၁၂ နာရီအထိ ပုံမှန်အိပ်စက်ရန် လိုအပ်ကြောင်း သိရသည်။ မအိပ်ခင် ဖန်သားပြင်အသုံးပြုမှုကိုလျှော့ချခြင်းနှင့် အိပ်ရာဝင်ချိန်ဓလေ့ထုံးတမ်းများကိုချမှတ်ခြင်းသည် သဘာဝအိပ်စက်ခြင်းစက်ဝန်း ထိန်းညှိမှုယန္တရားများကို ပံ့ပိုးပေးခြင်းဖြင့် အိပ်စက်ခြင်းအရည်အသွေးကို တိုးတက်စေသည်။ တစ်သမတ်တည်း အိပ်စက်ခြင်းပုံစံများသည် စိတ်ခံစားမှုများကို ထိန်းညှိပေးကာ နေ့ဘက်တွင် ပိုမိုကောင်းမွန်သောအာရုံစူးစိုက်မှု၊ သင်ယူမှုနှင့်ပညာရေးဆိုင်ရာစွမ်းဆောင်ရည်များကို အားကောင်းစေသည်။

**အာရုံစူးစိုက်မှုကို မြှင့်တင်ရန် ဖန်သားပြင်မပါသော နေရာများနှင့် အချိန်များကို ဖန်တီးခြင်း**

ပညာရပ်ဆိုင်ရာရှုထောင့်မှကြည့်လျှင် ပတ်ဝန်းကျင်ထိန်းချုပ်မှုသည် လူတစ်ဦးချင်းစီ၏ သိမြင်မှု၊ စိတ်ခံစားမှုနှင့် အပြုအမူဆိုင်ရာအကြောင်းအရာများကို ရည်မှန်းချက်နှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် ပြုပြင်နိုင်ရန် ပံ့ပိုးပေးသည်။ ဖန်သားပြင်မပါသော နေရာများနှင့်အချိန်များကို ဖန်တီးခြင်းသည် သိမှုလွန်ကဲမှုကို လျှော့ချပြီး စဉ်ဆက်မပြတ် အာရုံစူးစိုက်လေ့ကျင့်ရန်နှင့် ကလေးများ မိမိကိုယ်ကို ထိန်းချုပ်မှုတို့ကို မြှင့်တင်ရန် အားကောင်းသော နည်းလမ်းတစ်ခုဖြစ်သည်။ ကလေးများအား အာရုံထွေပြားခြင်းမရှိဘဲ အလုပ်များကို အာရုံစူးစိုက်လုပ်ဆောင်ရန် တွန်းအားပေးပါသည်။

၂၀၂၄ ခုနှစ် ဒစ်ဂျစ်တယ်ခေတ်တွင် ကလေးများအတွက် ဘဝနေထိုင်နည်း လေ့လာမှုသုတေသနသည် အိပ်ခန်းများကဲ့သို့ ဖန်သားပြင်လွတ်နေရာများသတ်မှတ်ခြင်းနှင့် အိမ်စာလုပ်ချိန် သို့မဟုတ် မိသားစုအစာစားချိန်များကဲ့သို့ ဖန်သားပြင်မပါသော အချိန်များကို စီစဉ်ထားရန် အကြံပြုထားသည်။ ထိုအလေ့အကျင့်များသည် ကလေးများနှင့် မိသားစုအပြန်အလှန်ဆက်ဆံရေးကို မြှင့်တင်ခြင်းဖြင့် ကလေးများ၏အာရုံစူးစိုက်မှုကို အားပေးသည်။ မိဘများကဖန်သားပြင်ကိုသတိထား၍အသုံးပြုခြင်းနှင့် ဖန်သားပြင်များကို ထိန်းသိမ်းခြင်းသည် ကလေးများအား ဆိုရှယ်မီဒီယာ၏အနှောင့်အယှက်များကို လျှော့ချပေးပြီး ပိုမိုကောင်းမွန်သော စိတ်ပိုင်းဆိုင်ရာထိန်းညှိမှုကို ဖွံ့ဖြိုးတိုးတက်စေပြီး ဦးနှောက်ကျန်းမာရေးနှင့် ပညာရေးဆိုင်ရာစွမ်းဆောင်ရည်နှင့် အောင်မြင်မှုကို အားကောင်းစေသည်။

**လက်တွေ့ဘဝနှင့် လိုက်လျောညီထွေရှိသော လူမှုဆက်ဆံရေးကို မြှင့်တင်ခြင်း**

ကလေးဘဝအစောပိုင်းတွင် ဖွဲ့စည်းတည်ဆောက်ထားသောဆော့ကစားမှုများနှင့် ဒီဇိုင်းထုတ်ထားသော သင်ယူမှုအက်ပ်များသည် ကလေးဘဝဖွံ့ဖြိုးမှုအဆင့်အားလုံးအတွက် အာရုံစူးစိုက်မှု၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် လိုက်လျောညီထွေရှိသော တွေးခေါ်မှုကို ဦးစားပေးသည့် ဦးနှောက်စနစ်များကို ပြုစုပျိုးထောင်ပေးသည်။ ကလေးများအား မျှဝေခြင်း၊ အလှည့်ကျလုပ်ဆောင်ခြင်း၊ အပြန်အလှန်ဆက်သွယ်ခြင်း၊ ညှိနှိုင်းခြင်းနှင့် ပဋိပက္ခဖြေရှင်းခြင်းကဲ့သို့မရှိမဖြစ်လိုအပ်သော လူမှုဆက်ဆံရေးစွမ်းရည်များ တိုးတက်စေရန် ကူညီပေးပါသည်။ ထိုလှုပ်ရှားမှုများသည် ကလေးများအတွက် လူမှုစည်းမျဉ်းစည်းကမ်းများကို လေ့ကျင့်ပေးပြီး မတူညီသောရှုထောင့်များကို နားလည်သဘောပေါက်စေရန် ဘေးကင်းလုံခြုံပြီး အပြန်အလှန်အကျိုးပြုသောပတ်ဝန်းကျင်ကို ပံ့ပိုးပေးခြင်းဖြင့် သင်ကြားပေးရပါသည်။

ဒေါက်တာသိဂီကျော်

# ကျိုက်လတ်မြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

ကျိုက်လတ် အောက်တိုဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို အောက်တိုဘာလ ၂၇ ရက်တွင် မြို့နယ်အတွင်းရှိ ဆန်စက်များ၌ တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်စွာဝင်းက မြို့နယ်အတွင်းရှိ စက်ရုံအလုပ်ရုံများ၌ မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေး၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည့်လုပ်ငန်းများ၊ လိုက်နာရမည့်အချက်များ၊ မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အလျင်အမြန်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဦးစီးမှူး ဦးကျော်စွာဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြုပုံအား ရှင်းလင်းပြောကြားခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်မှုများကို သရုပ်ပြလေ့ကျင့်ခဲ့ရာ သက်ဆိုင်ရာ ဆန်စက်လုပ်ငန်းရှင်များနှင့် လုပ်သားများက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

လှိုင်မင်းအောင်(ပြန်/ဆက်)



## မြေပြင်လူဦးရေစာရင်းတိုက်ဆိုင်စိစစ်ခြင်းအခမ်းအနားကျင်းပ



**ကန်ကြီးထောင့် အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့ ဧရာသီရိသုခခန်းမ၌ အောက်တိုဘာလ ၂၇ ရက် နံနက်ပိုင်းတွင် မြေပြင်လူဦးရေစာရင်းတိုက်ဆိုင်စိစစ်ခြင်းအခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်က အဖွင့်အမှာစကားပြောကြားပြီး ကော်မတီအဖွဲ့ဝင်က မြေပြင်လူဦးရေစာရင်းတိုက်ဆိုင်စိစစ်ခြင်းနှင့်ပတ်သက်၍ လိုအပ်သည်များကို ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် မြေပြင်ကွင်းဆင်းကောက်ယူရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုစာရေးဝန်ထမ်းများနှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးဌာနရှိဝန်ထမ်းများက မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စိစစ်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုအားပေးကြကြောင်း သိရသည်။ **ကျော်ဇင်စိုး(ပြန်/ဆက်)**

## အသက် ၁၀၁ နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်အား ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်

**ပူတာအို အောက်တိုဘာ ၂၇**

ကချင်ပြည်နယ် ပူတာအိုမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်တစ်ဦးဖြစ်သူ တပ်သားဆန်ဒေါင်းဖောင်(အငြိမ်းစား)အား ပူတာအိုမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အောက်တိုဘာလ ၂၇ ရက် နံနက်ပိုင်းတွင် အသက် ၁၀၁ နှစ်ပြည့် ဂါရဝပြုဂုဏ်ပြုချီးမြှင့်ငွေများကို မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ပေးအပ်ကြောင်း သိရသည်။

အခမ်းအနားတွင် တာဝန်ရှိသူများက အသက် ၁၀၁ နှစ်ပြည့် တပ်သားဆန်ဒေါင်းဖောင်(အငြိမ်းစား)အား ဂါရဝပြုနှုတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်၊ ကချင်ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နှင့် ပူတာအိုမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့တို့က ပေးအပ်သည့်ဂုဏ်ပြုချီးမြှင့်ငွေများကို ဂါရဝပြုပေးအပ်ကြောင်း သိရသည်။ (၅၀၀)




## ကျိုက္ခမီ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုပေးအပ်ပွဲကျင်းပ



**သံဖြူဇရပ် အောက်တိုဘာ ၂၇**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာဗိမာန်ခန်းမ၌ စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၆ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် သံဖြူဇရပ်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မိုးလွင်နှင့် တာဝန်ရှိသူများက အဖွင့်အမှာစကားများပြောကြားသည်။

ထို့နောက် ကျိုက္ခမီစာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများပေးအပ်သည်။

အခမ်းအနားသို့ သံဖြူဇရပ်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မိုးလွင်၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတင်ယု၊ ကျိုက္ခမီမြို့ အုပ်ချုပ်ရေးမှူး ဦးကျော်ဖြိုးလင်း၊ ကျိုက္ခမီအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးအောင်ခန့်ကျော်၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ (၄၀၆)

## ဂုဏ်မြင့်တဲ့ပန်း

❖ စစ်သားဆိုတဲ့ ဂုဏ်အဆင်း
ရနံ့သင်းလို့ မွှေးပျံ့ပေ။
ပြည်သူကိုလုပ်ကျွေးပြု
ကောင်းမှုဖြာဝေ။
မျိုးချစ်လို့ တာဝန်ကျေ
စံပြပေ ပြည်ချစ်သား။
ပြိုင်ဆိုင်မမီ တုန္နိုင်းမဲ့
တိုင်းပြည်ရဲ့အား။

❖ နိုင်ငံအတွက်ဆို မယိုင်လဲ
စဉ်ခိုင်မြဲလို့ သက်သေတည်။
အဖျက်ရန်စွယ် ဆီးကာထား
စွန့်စားလို့ရည်။
ပြည်သူတွက်ဆို ဘာမထီ
စွန့်ဝံ့သည် သတ္တိသွေး။
ကြည်း ရေ လေ အင်အားစု
စံပြုလို့လေး။

❖ သစ္စာလေးချက် ဦးမှာရွက်
နေ့စဉ်ရက်ဆက်အမြဲပေ။
ဒို့တာဝန်အရေးသုံးပါး
ဦးထိပ်ထားနေ။
လက်ဆင့်ကမ်းခဲ့ ဘိုးဘွားအမွေ
တည်တံ့စေ ကာကွယ်မှု။
ပြည်ချစ်တဲ့ တပ်မတော်သား
လေးစားဂုဏ်ပြု။

❖ ပြည်ကျိုးဆိုမြဲရှေးရှု
ပြည်ထောင်စုတပ်မတော်။
ပြည်သူတွေ ဘဝလမ်း
အေးချမ်းဖို့မျှော်။
နိုင်ငံချစ်စိတ်အမြဲနော်
ကမ္ဘာကျော်သတ္တိသွေး။
ကိုယ့်အရေးကို မငဲ့ကွက်
ထမ်းရွက်လို့လေး။

❖ စစ်သားဆိုသည့် အသည်းနှလုံး
မြဲရှင်ပြုံးလို့ သက်သေတည်။
ပြည်သူကိုလုပ်ကျွေးပြု
ကောင်းမှုဝေစည်။
ဘယ်ပန်းချီရေးလို့မမီ
အာဇာနည်တွေလက်ဆင့်ကမ်း။
ရေနဲ့ကြာလို ပန်းသင့်
ဂုဏ်မြင့်တဲ့ပန်း။ ။

မနော်ဖြူ

### MWD Variety Channel
၂၈-၁၀-၂၀၂၅(အင်္ဂါနေ့)

၁။ ၁၀:၃၀ ကျန်းမာသောဘဝ
၂။ ၁၂:၄၅ ဥပဒေမှတ်စု
၃။ ၁၄:၄၀ ဖတ်ပါ မှတ်ပါ လေ့လာပါ
၄။ ၁၆:၃၀ သိမှတ်ဖွယ်ရာ သုတကမ္ဘာ

### MWD Education, Knowledge & Sports Channel
၂၈-၁၀-၂၀၂၅(အင်္ဂါနေ့)

၁။ ၀၇:၀၀ - ၀၈:၂၅ Grade - 4 မြန်မာစာ၊ အင်္ဂလိပ်စာ
၂။ ၁၅:၃၀ - ၁၆:၄၅ Grade - 4 သင်္ချာ၊ သိပ္ပံ
၃။ ၁၆:၄၅ - ၁၇:၂၀ Grade - 5 မြန်မာစာ၊ အင်္ဂလိပ်စာ
၄။ ၁၇:၂၀ - ၁၉:၀၀ Grade - 5 သင်္ချာ၊ လူမှုရေး၊ သိပ္ပံ

### မြဝတီရုပ်မြင်သံကြားအစီအစဉ်
၂၈-၁၀-၂၀၂၅(အင်္ဂါနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ မောင်မယ်လေးများသိစေချင်
၃။ ၀၉:၀၀ Soft Skill
၄။ ၁၀:၀၀ သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်
၅။ ၁၄:၀၀ ဝေမျှဆွေးနွေးလူငယ့်အရေး
၆။ ၁၆:၀၀ ကိုယ်လက်လှုပ်ရှားအားကစား
၇။ ၁၇:၀၀ မှတ်သားလိုက်နာပုံပမာ
၈။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ
၉။ ၁၉:၀၀ **CGTN Nature အပိုင်း(၁၄)**

# စွယ်တော်မြတ်စေတီတော်(ရန်ကုန်) အကြိမ်(၃၀)မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၇

စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၏ အကြိမ် (၃၀)မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကို နိုဝင်ဘာလ ၄ ရက် (တန်ဆောင်မုန်းလပြည့်နေ့) တွင် စေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးခုနစ်ပါးအား ပင့်ဆောင်၍ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားကို ယင်းနေ့ နံနက် ၆ နာရီတွင် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဝင်များ၊ စေတီတော်ဝန်ထမ်းများနှင့် အလှူရှင်များက ဂန္ဓကုဋိတိုက်အတွင်းရှိ စွယ်တော်မြတ်နှင့် မုဒြာကိုးဆူတို့အား အရုဏ်ဆွမ်းနှင့် သစ်သီးဆွမ်းများ ဆက်ကပ်လှူဒါန်း၍ နံနက် ၈ နာရီတွင် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဝင်များက စေတီတော်၏ ဂန္ဓကုဋိတိုက်အတွင်းရှိ မုဒြာဘုရားကိုးဆူအား ရွှေကြာသင်္ကန်းဆက်ကပ်လှူဒါန်းကြမည်ဖြစ်သည်။

ထို့နောက် နံနက် ၈ နာရီခွဲတွင် ဩဝါဒါစရိယဆရာတော်ကြီးခုနစ်ပါးက စေတီတော်အား ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ကြပြီး ညှော်ပရိသတ်များက ရှစ်ပါးသီလခံယူဆောက်တည်ကာ ဩဝါဒါစရိယဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြမည်ဖြစ်သည်။

ထို့ပြင် အဖိတ်နေ့၊ တန်ဆောင်မုန်းလပြည့်နေ့နှင့် လပြည့်ကျော် ၁ ရက်နေ့တို့တွင် ပဋ္ဌာန်းနှင့် ဓမ္မစကြာတရားတော်များ ရွတ်ဖတ်ပူဇော်ကြမည်ဖြစ်ပြီး တန်ဆောင်မုန်းလပြည့်နေ့ညပိုင်းတွင် ဂေါပကအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် အလှူရှင်များက ဆီမီး ၉၀၀၀ ဆက်ကပ်လှူဒါန်းပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။

ဝန်းရံခ



# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ထောပတ်ပဲကေ ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီး



ပွင့်ဖြူ အောက်တိုဘာ ၂၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ထောပတ်ပဲ ဧက ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ထောပတ်ပဲ ၈၂၂၇ ဧက စိုက်ပျိုးရန်လျာထားပြီး ဒေသခံတောင်သူများက လျာထားဧကပြည့်မီစေရန် ယခုနှစ် အောက်တိုဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ဧက ၅၀၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ပွင့်ဖြူမြို့နယ်မှာ ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ထောပတ်ပဲ ၈၂၂၇ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းမှာ အဓိကအကျဆုံးက သီးနှံအရည်အသွေးကောင်းမွန်ဖို့အပြင် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးတာ၊ GAP စနစ်နဲ့စိုက်ပျိုးတာ၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရာမှာ သဘာဝပိုးသတ်ဆေး ထုတ်လုပ်အသုံးပြုတာ၊ အချိန်မီရိတ်သိမ်းတာ စတဲ့နည်းစနစ်တွေကို စနစ်တကျ လိုက်နာဆောင်ရွက်မယ်ဆိုရင် အောင်မြင်ဖြစ်ထွန်းမှုရှိပြီး သီးနှံအထွက်နှုန်းလည်း ကောင်းမွန်မှာဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ထောပတ်ပဲစိုက်တောင်သူများ အခက်အခဲမရှိ အဆင်ပြေစွာစိုက်ပျိုးနိုင်ရေး၊ စိုက်ဧကများတိုးချဲ့စိုက်ပျိုးနိုင်ရေးနှင့် သီးနှံအထွက်နှုန်းကောင်းမွန်စေရေးအတွက် မျိုးကောင်းမျိုးသန့်များ၊ မြေမှန်၊ မျိုးမှန်စိုက်နည်းစနစ်များ၊ ပိုးမွှားရောဂါကင်းရှင်းရေး ကာကွယ်နည်းများ စသည့်စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါထောပတ်ပဲများ သတ်မှတ်စိုက်ဧကပြည့်မီရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိစေရေးအတွက် ဒေသခံတောင်သူများက ကြိုးပမ်းစိုက်ပျိုးလျက်ရှိကြောင်း၊ တချို့တောင်သူများသည် ထောပတ်ပဲ စိုက်ပျိုးရာတွင် သီးနှံအပိုဝင်ငွေရရှိစေရန် သီးညှပ်အဖြစ် ဖူးစားပြောင်းများနှင့် ရောနှောစိုက်ပျိုးကြကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# ပန်းခင်းစီမံချက်အဆင့် (၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းထုတ်ပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်းလုပ်ငန်းများဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းထုတ်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်းနှင့် Biometric ကောက်ယူခြင်းလုပ်ငန်းများကို အောက်တိုဘာလ ၂၆ ရက်က မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုငါးအုပ်စု၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးခင်ဆွေနှင့်ဝန်ထမ်းများက ကတွယ်ကျေးရွာအုပ်စု၊ စံကင်းကြီးကျေးရွာအုပ်စု၊ မြဂဲကျေးရွာအုပ်စု၊ ရေစိုကျေးရွာအုပ်စုနှင့် ဆတ်ကလေးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ၌ ပန်းခင်းစီမံချက်အဆင့်(၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းထုတ်ပေးခြင်းနှင့် အသက် ၁၈ နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ်မရှိသေးသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် ပန်းခင်းစီမံချက်အဆင့် (၃) ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးထားသည့် နိုင်ငံသားစိစစ်ရေးကတ်များကို ကာယကံရှင်လက်ဝယ်သို့မပေးအပ်မီ Biometric အချက်အလက်ကောက်ယူ၍ UID နံပါတ်ထုတ်ပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်တစ်ကြိမ်တစ်ခါမျှ ကိုင်ဆောင်ထားခြင်းမရှိသူများအား စိစစ်ပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဇင်မင်းထိုက်(ထန်းတပင်)

# ဒေးဒရဲမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး ဌာနဆိုင်ရာရုံးများအရောက် မိုဘိုင်းလ်စနစ်ဖြင့် စာအုပ်စာစောင်များငှားရမ်းပေး



ဒေးဒရဲ အောက်တိုဘာ ၂၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူများ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာပေမှရရှိသည့် ဗဟုသုတများတိုးပွားစေရေး ဌာနဆိုင်ရာရုံးများအရောက် မိုဘိုင်းလ်စနစ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေးခြင်းကို အောက်တိုဘာလ ၂၇ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြည်သူများနှင့် ဝန်ထမ်းများ စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရေး၊ အားလပ်ချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရေး၊ သုတ၊ ရသစာအုပ်များ၊ ဝတ္ထု၊ မဂ္ဂဇင်းစာအုပ်များနှင့် ကလေးများအတွက် ပုံပြင်၊ ရုပ်ပြစာအုပ်များ စုံလင်စွာသယ်ဆောင်၍ မိုဘိုင်းလ်စနစ်ဖြင့် စာကြည့်တိုက်အသင်းဝင်များအား ငှားရမ်းပေးခဲ့ပြီး တစ်ပတ်ပြည့်လျှင် စာအုပ်စာစောင်အသစ်များဖြင့် အစားထိုးလဲလှယ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အခြေခံပညာကျောင်းများ၊ ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရေးနှင့် လွယ်လင့်တကူ စာပေဖတ်ရှုနိုင်စေရေး သက်ဆိုင်ရာနေရာများသို့ အပတ်စဉ်သွားရောက်၍ သုတ၊ ရသစာအုပ်စာစောင်များ ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

အေဇာလင်း

# လန်ချန်း-မဲခေါင် ရွှေရောင်အနာဂတ်များဆီသို့ ရုပ်သံမှတ်တမ်းအစီအစဉ်အတွက် တွေ့ဆုံမေးမြန်းမှုအား ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း လက်ခံဖြေကြား

နေပြည်တော် အောက်တိုဘာ ၂၇

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မြန်မာ့ရုပ်မြင်သံကြားနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ Yunnan Media Group (YMG) တို့ ပူးပေါင်းရိုက်ကူးလျက်ရှိသည့် "လန်ချန်း-မဲခေါင် ရွှေရောင်အနာဂတ်များဆီသို့" ရုပ်သံမှတ်တမ်းအစီအစဉ်တွင် ပြန်ကြားရေးကဏ္ဍမှတစ်ဆင့် တရုတ်-မြန်မာနှစ်နိုင်ငံ ပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် နားလည်မှုတိုးမြှင့်လာစေရန် ဆောင်ရွက်ပေးမှုနှင့်စပ်လျဉ်း၍ ပူးပေါင်းရိုက်ကူးရေးအဖွဲ့၏တွေ့ဆုံမေးမြန်းမှုကို ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်း၌ လက်ခံဖြေကြားသည်။

ထိုသို့လက်ခံဖြေကြားရာတွင် "မဲခေါင်-လန်ချန်း" ပူးပေါင်းစီမံကိန်းသည် မဲခေါင်ဒေသခွဲ နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုကိုပိုမိုခိုင်မြဲစေပြီး ဒေသတွင်းနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုကြောင်း၊ ၂၀၁၈ ခုနှစ်တွင် CCTV နှင့်ပူးပေါင်း၍ "မဲခေါင်-လန်ချန်း ခရီးသွားအစီအစဉ်" နှင့် ၂၀၁၉ ခုနှစ်တွင် YMG နှင့်ပူးပေါင်း၍ "တောင်ပိုင်းပိုးလမ်းမသစ်ကြီး မှတ်တမ်းရုပ်ရှင်" တို့ကို ရိုက်ကူးထုတ်လုပ်ခဲ့ပြီး နှစ်ဖက်ရုပ်သံလိုင်းများတွင် ပြသခဲ့ကြောင်း၊ ယူနန်ပြည်နယ် ကူမင်းမြို့တွင် ကျင်းပခဲ့သည့် Twin City Media Forum ကိုလည်း ဝန်ကြီးဌာနများ၊ ပြင်ပမီဒီယာများနှင့်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို ဦးဆောင်ကာ နှစ်နှစ်ဆက်တိုက် တက်ရောက်ခဲ့ခြင်းဖြင့် နှစ်နိုင်ငံ မီဒီယာများအကြား နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၊ ယဉ်ကျေးမှုဖလှယ်မှုများကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မီဒီယာကဏ္ဍဖြင့် အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုအပြင် ပြည်သူအချင်းချင်း ဆက်ဆံရေးကိုလည်း ပိုမိုမြှင့်တင်ပေးနိုင်ပြီး ချစ်ကြည်ရင်းနှီးမှုကိုလည်း ပိုမိုခိုင်မြဲစေမည်ဖြစ်ကြောင်း ပြောကြားသည်။



"လန်ချန်း-မဲခေါင် ရွှေရောင်အနာဂတ်များဆီသို့" ရုပ်သံမှတ်တမ်းအစီအစဉ်ကို လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်း၏ ရှစ်နှစ်တာကာလအတွင်း လန်ချန်း-မဲခေါင် ခြောက်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ခဲ့သည့် အထင်ကရစီမံကိန်းများနှင့်အောင်မြင်မှုများကို မှတ်တမ်းတင်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ Yunnan Media Group (YMG) တို့ ပူးပေါင်းရိုက်ကူးလျက်ရှိသည့် တစ်နှစ်တာစီမံကိန်းဖြစ်ပြီး တစ်ပိုင်းလျှင် မိနစ် ၃၀ ဖြင့် အပိုင်း ငါးပိုင်း ရိုက်ကူးသွားမည်ဖြစ်ကြောင်း၊ အဆိုပါရုပ်သံမှတ်တမ်းအစီအစဉ်တွင် မြန်မာနိုင်ငံအတွင်း လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းအရ ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံ အဆင့်မြှင့်တင်မွမ်းမံပြင်ဆင်ခြင်း၊ ဒလတံတားတည်ဆောက်ခြင်း၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံသုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန (VFRDC)တွင် နည်းပညာဆိုင်ရာ သုတေသနဆောင်ရွက်ခြင်းနှင့် မန္တလေးမြေလျှင်ကြီးအတွင်း တရုတ်ရှာဖွေကယ်ဆယ်ရေးအဖွဲ့က ကယ်ဆယ်ခဲ့သူများနှင့် တွေ့ဆုံမေးမြန်းမှုများအား ရိုက်ကူးခဲ့ပြီး ရန်ကုန်ဆိပ်ကမ်းအား ဆက်လက်ရိုက်ကူးမည်ဖြစ်ကြောင်းနှင့် အဆိုပါရုပ်သံမှတ်တမ်းအစီအစဉ်အား တည်းဖြတ်ပြီးစီးပါက မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ နှစ်ဖက်ရုပ်သံလိုင်းများတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ဝန်ထမ်းများနှင့်တွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၂၇

ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေများနှင့်ပတ်သက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (ရုံးချုပ်)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ အမှုဆောင်အရာရှိချုပ်နှင့် ဌာနဆိုင်ရာများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လျှပ်စစ်မန်နေဂျာများ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ်လျှပ်စစ်မန်နေဂျာများ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာများနှင့် ဘဏ္ဍာရေးတာဝန်ခံများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဓာတ်အားထုတ်လုပ်မှုကို တိုးချဲ့တည်ဆောက်နိုင်ရန် စီစဉ်ဆောင်ရွက်နေသကဲ့သို့ ထုတ်လုပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားများကို ပိုမိုသယ်ဆောင်နိုင်ရန်ကိုလည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ မကြာမီအချိန်တွင်လည်း လက်ရှိထုတ်လုပ်နေမှုများမှ ထပ်မံတိုးချဲ့ထုတ်လုပ်နိုင်ရန် နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်ဓာတ်အားပို့လွှတ်မှုနှင့် ဖြန့်ဖြူးမှုအပိုင်းတွင်လည်း တည်ငြိမ်ပြည့်ဝသည့်ဓာတ်အားစနစ်ရရှိရေးတို့ကို ဟန်ချက်ညီတိုးတက်ကောင်းမွန်စေရန် စီမံဆောင်ရွက်မှုများအပေါ် အားလုံးမှ တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

# မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းတက်ရောက်လျက်ရှိသည့် ၂၀၂၄-၂၀၂၅ တက္ကသိုလ်ပညာသင်နှစ်၊ တပ်ဖွဲ့ဝင်သင်တန်းသားများ၏ လေ့ကျင့်သင်ကြားပို့ချနေမှုများအား ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၇

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့စစ်နှင့်နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ တက္ကသိုလ်လေ့ကျင့်ရေးတပ်များ၌ ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား အခြေခံစစ်ပညာနှင့် တန်းမြင့်စစ်ပညာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့ရှိ တက္ကသိုလ်လေ့ကျင့်ရေးတပ်၌ မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းတက်ရောက်လျက်ရှိသည့်တပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ လေ့ကျင့်သင်ကြားနေမှုများကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများ၏ သက်ဆိုင်ရာလေ့ကျင့်ခန်းများသင်ကြားပို့ချနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက သင်တန်းသားများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်ကြသည်။

အဆိုပါသင်တန်း၌ သင်တန်းသားများသည် ခေါင်းဆောင်မှုဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်နှင့် အခြားသောသက်ဆိုင်ရာဘာသာရပ်များကို ဆွေးနွေးပို့ချသင်ကြားလေ့ကျင့်ပေးလျက်ရှိပြီး သင်တန်းသားများသည် ပြင်ပလေ့လာရေးများဖြစ်သည့် တပ်မတော်(လေ)နှင့်ပတ်သက်သည့်လေ့လာရေးများနှင့် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မှော်ဘီ)သို့ လေ့လာရေးခရီးစဉ်များ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ထို့ပြင် သင်တန်းသားများသည် ညနေပိုင်း သင်ခန်းစာပို့ချမှု ပြီးဆုံးချိန်များတွင် ဘော်လီဘောကစားခြင်း၊ ဘောလုံးကစားခြင်းနှင့် အခြားသောကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ခြင်းများပြုလုပ်ကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက်ရှိ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များကလည်း ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ အဆိုပါသင်တန်း၌ မိုးရာသီစခန်းချလေ့ကျင့်ရေးသင်ခန်းစာများကို စာတွေ့၊ လက်တွေ့ ဆက်လက်သင်ကြားပို့ချလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း မိုးရာသီစခန်းချလေ့ကျင့်ရေးသင်တန်းတက်ရောက်လျက်ရှိသည့် ၂၀၂၄-၂၀၂၅ တက္ကသိုလ် ပညာသင်နှစ် တပ်ဖွဲ့ဝင် သင်တန်းသားများနှင့် နေ့လယ်စာအတူတကွသုံးဆောင်စဉ်။

# ဒီးမော့ဆိုမြို့နယ်၊ ငွေတောင်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းအား စုပေါင်းသန့်ရှင်းရေးပြုလုပ်၊ လွိုင်ကော်မြို့ပေါ်ရှိ ဆရာ/ဆရာမများအား စားသောက်ဖွယ်ရာများပေးအပ်၊ နယ်မြေခံတပ်မတော်ဆေးရုံ၌ ဆေးဝါးကုသမှုခံယူသူများအား သွားရောက်ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၂၇

KNPP/ KNDF/PDF အကြမ်းဖက်သောင်းကျန်းသူများသည် ကယားပြည်နယ်အတွင်းရှိ မြို့နယ်များနှင့် ကျေးလက်ဒေသများပါမကျန် သာသနိကအဆောက်အအုံများ၊ တက္ကသိုလ်များ၊ ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ အိုးအိမ်အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်းများကို ရက်စက်ယုတ်မာရိုင်းစိုင်းစွာပြုလုပ်ခဲ့ကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက မြို့/ရွာ အေးချမ်းသာယာရေးအတွက် အဆိုပါနယ်မြေအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ငွေတောင်ရှိအမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် လမ်းဘေးဝဲ/ယာချုံနွယ်များအား တပ်မတော်သားများ၊ မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ စက်ယန္တရားများဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ဇော်မင်းလတ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။




ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ဇော်မင်းလတ် ဆရာ၊ ဆရာမများအား စားသောက်ဖွယ်ရာများပေးအပ်စဉ်။

ထို့နောက် ကယားပြည်နယ်၊ လွိုင်ကော်တပ်နယ်ခန်းမ၌ လွိုင်ကော်မြို့ပေါ် ကျောင်းများမှ ဆရာ/ ဆရာမများအား စားသောက်ဖွယ်ရာများပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ဗိုလ်ချုပ်ဇော်မင်းလတ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ/ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ ဗိုလ်ချုပ်ဇော်မင်းလတ်က အမှာစကားပြောကြားသည်။ ထို့နောက် ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တိုင်းမှူးတို့က စားသောက်ဖွယ်ရာများပေးအပ်ရာ ကျောင်းအုပ်ကြီးများနှင့် ဆရာ/ဆရာမများမှ အသီးသီးလက်ခံရယူကြပြီး ဆရာ/ ဆရာမများကိုယ်စား ကျောင်းအုပ်ဆရာကြီးတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် ဗိုလ်ချုပ်ဇော်မင်းလတ်၊ တိုင်းမှူးနှင့်တာဝန်ရှိသူများက တက်ရောက်လာကြသော ကျောင်းအုပ်ကြီးများနှင့် ဆရာ/ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့ပြင် ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး မီးဖွားလူနာတစ်ဦးအား အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်စဉ်။

ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ/စစ်သည်များ၊ မိသားစုဝင်များအား သွားရောက်တွေ့ဆုံ၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများအား လိုက်လံကြည့်ရှုအားပေး စကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။

ယင်းနောက် ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဆေးရုံရှိ ဆရာဝန်၊ သူနာပြုများ၊ ဝန်ထမ်းများနှင့် လူနာများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။(၁၀၀)

# သီပေါမြို့၌ ကျောင်းသား/ကျောင်းသူများ ကျောင်းအပ်ဆက်လက်လက်ခံ၊ ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေး၊ ပြည်သူ့ဆေးရုံအားပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သီပေါမြို့ရှိ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် နေရာများတွင် တပ်မတော်မိုင်းရှင်းလင်းရေးအဖွဲ့က မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၂၇

တပ်မတော်က ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter- Terrorism Operation)ကိုဆောင်ရွက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့အား အလုံးစုံပြန်လည်ထိန်းချုပ်ရရှိပြီးချိန်တွင် အစိုးရ၏အုပ်ချုပ်မှုယန္တရား ပြန်လည်လည်ပတ်နိုင်ရေး၊ ကလေးသူငယ်များ ပညာသင်ကြားနိုင်ရေးနှင့် ဒေသခံပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်ရေး စသည်တို့အပြင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ သီပေါမြို့နှင့် ၎င်းဒေသတစ်ဝိုက်ရှိ ကျောင်းသား၊ ကျောင်းသူများ၏ ပညာရေးကဏ္ဍထိခိုက်နစ်နာမှုမရှိစေရန် စာသင်ကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရန်နှင့် ပြည်သူလူထု၏ကျန်းမာရေးကဏ္ဍ အဆင်ပြေချောမွေ့စေရန် ဆေးရုံများပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် ယနေ့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ သီပေါမြို့ရှိ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ သီပေါမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းကို အောက်တိုဘာလ ၂၂ ရက်နေ့တွင် စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး အောက်တိုဘာလ ၂၅ ရက်နေ့အထိ အခြေခံပညာကျောင်း ၄ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ကျောင်းအပ်လက်ခံလျက်ရှိရာ ယနေ့တွင် ကျောင်းသား၊ ကျောင်းသူ ၇၁ ဦး ထပ်မံလာရောက်ကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၄၀၂ ဦးအထိ ရှိပြီဖြစ်ပြီး အဆိုပါကျောင်းသား၊ ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြသည်။

၎င်းအပြင် သီပေါမြို့သို့ ပြန်လည်ဝင်ရောက်လာကြသော ဒေသခံပြည်သူများအား တာဝန်ရှိသူများက ကြိုဆိုနေရာချထားပေးပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနကလည်း သီပေါမြို့၊ ကုန်းတော်ပရိယတ္တိစာသင်တိုက်၌ ယာယီရုံးခွဲဖွင့်လှစ်၍ အိမ်ထောင်စုစာရင်းတိုက်ဆိုင်စစ်ဆေးပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့အား စတင်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၄၆ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာ ၃ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

၎င်းအပြင် တပ်မတော်မိုင်းရှင်းလင်းရေးအဖွဲ့က သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့်နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာလုပ်မှုစီးပွားဘဝလုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# ကျောင်းသား ကျောင်းသူများကို စာဖတ်ရှိန်မြှင့်တင်ပေးကြပါစို့

ညွန့်ဝင်း(နတ်တလင်း)

စာဖတ်သောလူမျိုးသည် တိုးတက်သည်ဟု ယုံကြည်လက်ခံထားကြသည်။ လက်တွေ့တွင်လည်း စာဖတ်သောလူမျိုး၊ စာဖတ်သောနိုင်ငံသည် တိုးတက်ကြသည်မှာ မျက်မြင်ဖြစ်သည်။ စာကြည့်တိုက်များသည် ဘဝတက္ကသိုလ်ဟုဆိုသည်နှင့်အညီ လေ့လာမှတ်သားစရာများကို မပြတ်လေ့လာ၍ အသိပညာ၊ အတတ်ပညာများကို လက်တွေ့အသုံးချလျှင် ဘဝအောင်မြင်မှုများရရှိမည်ဖြစ်သည်။ စာဖတ်သည့်အလေ့သည် လေ့ကျင့်ပျိုးထောင်ယူရ၏။ ငယ်ငယ်က စ၍ စာဖတ်ကျင့်စွဲမြဲအောင် ကြိုးစားသူများသည် ဘဝအတွက်အလွန်အဖိုးတန်သော ပညာများကို ရယူတတ်သူများဖြစ်လျက်ရှိကြကုန်၏။ သို့ဆိုလျှင် စာဖတ်ခြင်းအလေ့အထကို မည်သည့်နေရာက စတင်ပျိုးထောင်ပေးနိုင်ပါသနည်း။ ကလေးငယ်တိုင်း ကျောင်းများတွင် စတင်တက်ရောက်သင်ကြားရသည်ဖြစ်ရာ ကျောင်းစာကြည့်တိုက်နှင့် စာဖတ်ကျင့်လေ့ကျင့်ပျိုးထောင်မှုသည် ကျောင်းများတွင် အတန်းစာသင်ကြားမှုများနှင့်အတူ ကွဲကူးရေပါ လေ့ကျင့်သင်ကြားပေးရမည့် ပျိုးထောင်မှုတစ်ခုဖြစ်သည်။

ဆိုရှယ်မီဒီယာများ အလွန်ခေတ်စားလာသည့် ယခုခေတ်တွင် ကျောင်းစာကြည့်တိုက်များ အသက်မဝင်မှုကြောင့် စာမဖတ်သူများတဖြည်းဖြည်းများပြားလာပေသည်။ ၎င်းသည် နိုင်ငံအတွက်ရောတစ်မျိုးသားလုံးအတွက်ပါ ကောင်းသောလက္ခဏာမဟုတ်ပေ။

ကျောင်းများတွင် စာကြည့်တိုက်ယဉ်ကျေးမှုထွန်းကားလာအောင် ကြိုးစားက ရရှိနိုင်သကဲ့သို့ ဘက်စုံကဏ္ဍစုံ အောင်မြင်တိုးတက်လာနိုင်သည်။ စာရေးသူသည် လွန်ခဲ့သော ၁၀ နှစ်ခန့်က တောမြို့ကလေးတစ်မြို့ရှိအထက်တန်းကျောင်းတစ်ကျောင်းသို့ အထက်တန်းပြတာဝန်ဖြင့် ရောက်ခဲ့ရသည်။ ကျောင်းတွင် စာကြည့်တိုက် (သတ်မှတ်အဆောက်အအုံ)တော့ရှိသည်။ ထို့ကြောင့် စာရေးသူက ကျောင်းအုပ်ကြီးနှင့် ညှိနှိုင်းတိုင်ပင်၍ စာကြည့်တိုက်လှုပ်ရှားမှုစတင်ရန် ပြင်ဆင်သည်။ ကျောင်းအုပ်ကြီးက စာရေးသူကို စာကြည့်တိုက်မှူးတာဝန်ပေးအပ်ပြီး စာကြည့်တိုက်၏ လိုအပ်ချက်များကို ပြင်ဆင်ဖြည့်စွက်စေသည်။

စာကြည့်တိုက်သို့ ဝင်လိုက်သည်နှင့် ဗီရိုနှင့်စားပွဲများတွင် ရှုပ်ပွနေသော စာအုပ်များကိုတွေ့ရသည်။ ထို့ကြောင့် ပထမဦးစွာ စာအုပ်များကိုအမျိုးအစားအလိုက်ခွဲခြား၍ သပ်သပ်ရပ်ရပ်ပြန်စီရသည်။ စာအုပ်များပြန်စီခြင်း၊ ပြန်လည်နေရာချထားခြင်းကို ဆရာ၊ ဆရာမနှင့် ကျောင်းသားအင်အားကို အသုံးပြုဆောင်ရွက်၍ နေ့ချင်းပြီးစီးသွားသည်။ ဒုတိယအဆင့်အနေဖြင့် စာကြည့်တိုက်တွင် မရှိသေးသော၊ လိုအပ်သော စာအုပ်စာပေများကို ကျောင်းဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေကိုအသုံးပြု၍ ဝယ်ယူဖြည့်ဆည်းရသည်။ စာကြည့်တိုက်တွင် စာအုပ်စာပေများဖြည့်ဆည်း၍ စနစ်တကျစီစဉ်ထားပြီဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ စာဖတ်စေရန် ဆောင်ရွက်ရပါတော့မည်။ စာကြည့်တိုက်ကို ကျောင်းဖွင့်ရက်တိုင်း နေ့စဉ်ဖွင့်လှစ်ထားသည်။ ကျောင်းအားလပ်ချိန်နှင့် အခြားလိုအပ်ချိန်များတွင် စာကြည့်တိုက်သို့ ဝင်ရောက်ဖတ်ရှုရန် နှိုးဆော်လိုက်သည်။ သို့သော် အချိန်နှစ်ပတ်၊ သုံးပတ်ကြာသည်အထိ ဆရာ၊ ဆရာမများလည်း စာကြည့်တိုက်ဘက် မလှည့်၊ ကျောင်းသားများလည်း စာကြည့်တိုက်ထဲသို့ ယောင်၍ပင်မလာကြပါ။ စာရေးသူစိတ်မကောင်းဖြစ်ရသည်။ စာကြည့်တိုက်တွင် ဖတ်စရာ၊ မှတ်စရာ



စာအုပ်များရှိပါလျက်နှင့် မည်သူမျှလာမဖတ်၍ စာကြည့်တိုက်ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မပျက်လိုသော စာရေးသူ ခေါင်းကုတ်စဉ်းစားရသည်။ စာရေးသူက မိမိတစ်ယောက်တည်း စဉ်းစားလုပ်ကိုင်ခြင်းထက် အတွေ့အကြုံရှိသူအကြီးအကဲနှင့် ပူးပေါင်းစဉ်းစားလုပ်ကိုင်ရန်လိုအပ်သည်ဟု သုံးသပ်မိသည်။ သို့နှင့် ကျောင်းအုပ်ကြီးနှင့် ရပ်မိရပ်ဖများအား အစည်းအဝေးဖိတ်ကြား၍ တွေ့ဆုံညှိနှိုင်းလိုက်သောအခါ အဖြေတစ်ခုရသည်။ စာဖတ်ခြင်းကို အပတ်စဉ်၊ နေ့စဉ် အလှည့်ကျ (တာဝန်ကျ) လုပ်ကိုင်ရန် အစီအစဉ်ဖြစ်သည်။ ထိုအစီအစဉ်အရ တာဝန်ကျသော အတန်းက စာကြည့်တိုက်တွင် စာလာဖတ်ရမည်။ ထိုအချိန်တွင် ထိုအတန်း၌ တာဝန်ကျသော ဆရာကလည်း ကျောင်းသားများကို စာကြည့်တိုက်တွင် လိုက်လံကြီးကြပ်ရင်း စာဖတ်ခွင့်ပေးသည်။ စာကြည့်ချိန်ကို နံနက်ကျောင်းမတက်မီနှင့် နေ့လယ်ကျောင်းအားချိန်များတွင် သတ်မှတ်ထားသည်။

စာရေးသူက အလှည့်ကျစာဖတ်ရမည့် အတန်းစာရင်းစာရွက်ကို ကြော်ငြာသင်ပုန်းတွင်ကပ်ထားသည်။ နေ့လယ်ထမင်းစားပြီးချိန်တွင် စာဖတ်ရန် အချိန်ခွဲဝေသတ်မှတ်ပေးထားသဖြင့် စာရေးသူက အလှည့်ကျအတန်းများ၏စာဖတ်ရှုမှုအခြေအနေကိုလှည့်လည်ကြည့်ရှုသည်။စာကြည့်တိုက်တွင် တာဝန်ကျဆရာရောက်နေသော်လည်း ကျောင်းသား၊ ကျောင်းသူများကို မတွေ့ရချေ။ သို့နှင့် အကြောင်းစုံမေးကြည့်သောအခါ စာမဖတ်ချင်ဘူးဟုပြောကြကြောင်းသိရသည်။ ထိုနည်းအတိုင်းဆိုလျှင် စာဖတ်ကြမည်မဟုတ်သဖြင့် စဉ်းစားရပြန်သည်။ စာရေးသူက နောက်တစ်မျိုးစဉ်းစား၍ စမ်းသပ်ကြည့်လိုက်သည်။ ထိုနည်းမှာ စာဖတ်လျှင် ဖတ်၊ မဖတ်သူကို အပြစ်ခံယူရမည်ဟု သတ်မှတ်သည့်နည်းဖြစ်သည်။ ထိုနည်းကြောင့် အလုပ်စဖြစ်လာသည်။ အပြစ်ခံယူရမည်ကိုကြောက်၍ စာလာဖတ်ကြသည်။ တဖြည်းဖြည်းစာဖတ်ခြင်းကို အရသာတွေ့လာသည့်အခါ ပုံမှန်စာဖတ်လာကြတော့သည်။ ထိုနည်းကို ခတ်ဆီခတ်ဆန်နည်းဟု စာရေးသူက အမည်ပေးထားသည်။ ခတ်ဆီခတ်ဆန်တို့၏ ကျန်စစ်သားပြက်လုံးတွင် လုံ့ကိုင်လာသူကျန်စစ်သားက သူပေးသည့် ရှောက်သီးမစားလျှင် လုံ့နှင့်ထိုးမည်ဆိုသဖြင့် ရှောက်သီးကို ကြောက်ကြောက်နှင့်စားကြသည်။ ရှောက်သီးအရသာထူးကဲနေမှန်းသိကြသောအခါ ထပ်တလဲလဲတောင်း၍စားသည့်ပုံမျိုးဖြစ်သည်။

ကျောင်းတွင် စာဖတ်သူဆွေးနွေးပွဲများကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဆက်သွယ်ပူးပေါင်း၍အကောင်အထည်ဖော်ခဲ့သည်၊ ဆရာ၊ ဆရာမများကိုလည်း ကျောင်းစုဝေးကွင်းတွင် အလှည့်ကျစကားပြောရန်စီစဉ်ခဲ့သည်။ စုဝေးကွင်းတွင် တပည့်များကို သွန်သင်ဆုံးမစကားပြောရာ၌ အကြောင်းအရာမထပ်အောင်အလှည့်ကျပြောစေသည်၊ ဆရာ၊ ဆရာမတို့လည်း အသစ်အသစ်သော အကြောင်းအရာများပြောနိုင်ရန်စာပိုဖတ်လာကြသည်၊ တပည့်များကိုလည်း မိမိဖတ်မှတ်ခဲ့သော အကြောင်းအရာများကို စုဝေးကွင်းတွင် ရှေ့ထွက်၍ အလှည့်ကျပြောစေသည်။ ထိုသို့ပုံမှန်ပြုလုပ်ခဲ့ရာ အကျိုးထူးများခံစားကြရသည်။

ယခုအခါ နိုင်ငံတော်တွင် ပညာနှင့်ပတ်သက်၍ လိုအပ်ချက်များရှိနေခြင်းကို ပညာဗဟုသုတ ပြည့်စုံကြွယ်ဝစေရန် အလွယ်ကူဆုံးနှင့် အထိရောက်ဆုံး ဆောင်ရွက်နိုင်သည့် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးကို ဆောင်ရွက်နေသည်။ စာကြည့်တိုက်များတိုးချဲ့ဖွင့်လှစ်ပြီး စာကြည့်တိုက်၏ လုပ်ငန်းများပိုမိုတိုးတက်လာစေရန် စာအုပ်စာပေများ လှူဒါန်းဆောင်ရွက်လျက်ရှိသည်။ စာဖတ်ရှိန်မြှင့်တင်ကြရာတွင် အွန်လိုင်းမီဒီယာများမှ စာပေဖတ်ရှုနိုင်သော်လည်း အဆိပ်အတောက်သတင်းအချက်အလက်များ လွှမ်းမိုးနေသဖြင့် မိမိဘဝအတွက် အမှန်တကယ်အကျိုးရှိစေမည့်စာပေများကို ရွေးချယ်ဖတ်ရှုတတ်ရန်လိုပေသည်။ စာအုပ်စာပေဖတ်ရှုမှုသည်ကား မိမိ၏လူမှုဘဝကိုဖွံ့ဖြိုးတိုးတက်စေသဖြင့် အထောက်အကူဖြစ်စေမည့်စာအုပ်များကို ရွေးချယ်ဖတ်ရှုရမည်ဖြစ်သည်။ စာသင်ကျောင်းများတွင် စာကြည့်တိုက်များတိုးချဲ့ဖွင့်လှစ်၍ အမှန်တကယ် အကျိုးဖြစ်စေနိုင်သည့် စာအုပ်စာပေများထားရှိနိုင်ရေး ဆောင်ရွက်ကြရမည်ဖြစ်သည်။ စာပေဖတ်ရှုရန်အတွက်အပျော်ဖတ်စာပေမှစတင်၍ဗဟုသုတရရှိသည့် စာပေများအထိဖတ်ရှုနိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးတို့မှ သုတ ၊ ရသ စာအုပ်စာစောင်များကို အပတ်စဉ်၊ လစဉ်၊ နှစ်စဉ်ပုံနှိပ်ထုတ်ဝေလျက်ရှိသကဲ့သို့ သတင်းစာများတွင်လည်း ထည့်သွင်းဖော်ပြပေးလျက်ရှိသည်။ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအတွက်အလှူငွေများနှင့် စာအုပ်စာစောင်များလှူဒါန်းခဲ့ကြသည့် အလှူရှင်များ၏လှူဒါန်းမှုသည် မွန်မြတ်သည့်အသိပညာဒါနအလှူဖြစ်ပေသည်။ ပြည်သူအားလုံးအနေဖြင့် "စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု"များကို ရည်ရွယ်ချက်အောင်မြင်စေရန် ဝိုင်းဝန်းအကောင်အထည်ဖော်ကြရမည်ဖြစ်သည်။

သို့ဖြစ်၍ ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့ကျောင်းသား၊ ကျောင်းသူများ အမှန်တကယ်ပညာတတ်စေရေး၊ ယဉ်ကျေးလိမ္မာ၍ အကျင့်စာရိတ္တကောင်းမွန်စေရေး၊ တိုင်းချစ်ပြည်ချစ်စိတ်နှင့် မျိုးချစ်စိတ်ရှိသူများဖြစ်စေရေးအတွက် စာဖတ်သည့်အလေ့အကျင့်ကောင်းများ ကြိုးစားပြုစုပျိုးထောင်ပေးကြပါစို့ဟု တိုက်တွန်းလိုက်ရပေသည်။ ။

# အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းဖွင့်လှစ်

**ဆီဆိုင် အောက်တိုဘာ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် ဆိုက်ခေါင်စံပြကျေးရွာရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ဆိုက်ခေါင်)၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၆) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၇ ရက် နံနက်ပိုင်းတွင်ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းက ယခုလိုအိမ်တွင်းမှုသင်တန်းများ ဖွင့်လှစ်ပေးထားခြင်းဖြင့် နယ်စပ်ဒေသနှင့် မြေပြန့်ဒေသရှိအမျိုးသမီးများအနေဖြင့် ကိုယ်ပိုင်ယဉ်ကျေးမှုများ၊ ကိုယ်ပိုင်ဝတ်စားဆင်ယင်မှုများ၊ ကိုယ်ပိုင်လက်မှုအတတ်ပညာများဖြင့် မိမိဘဝ၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးကို လက်တွေ့ကျကျ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သင်တန်းသူများအနေဖြင့် သင်တန်းကျောင်းမှအသက်မွေးဝမ်းကျောင်းပညာနှင့် ဗဟုသုတများကို ထူးထူးချွန်ချွန်တတ်မြောက်အောင် လေ့လာသင်ယူကြပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိအသုံးချကြစေလိုကြောင်း ပြောကြားသည်။ ထို့နောက် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ဆိုက်ခေါင်) ကျောင်းအုပ် ဒေါ်ခင်စန်းဝင်းက သင်တန်းနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းမှ ခင်းကျင်းပြသထားသည့် သင်တန်းအတွက် သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုကြပြီး သင်တန်းသူများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းသူ ၃၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ အောက်တိုဘာလ ၂၇ ရက်မှ မတ်လ ၂၆ ရက်အထိ ရက်သတ္တ ၂၂ ပတ်ကြာ စာတွေ့လက်တွေ့ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဥသာတိုင်းသား

# ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့်အလှူတော်ငွေများ ဆက်ကပ်လှူဒါန်း



**နေပြည်တော် အောက်တိုဘာ ၂၇**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် အောက်တိုဘာလ ၂၅ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ရှိ ကမ္ဘောဇသျှမ်းကျောင်းကြီး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်ဆရာတော် ကျောက်မဲမြို့နယ် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တပညောဘာသအား ဖူးမြော်ကြည်ညိုကာ ဘုန်းတော်ကြီးသင်ပညာရေးကိစ္စများ လျှောက်ထား၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် တိလင်ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဝါသဝ နှင့် နိုင်ငံတော်ဩဝါဒါစရိယ သဒ္ဓမ္မပါလ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တဝေပုလ္လတို့အား ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာကိစ္စများ လျှောက်ထား၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

ဒုတိယဝန်ကြီးသည် ယမန်နေ့ မွန်းလွဲပိုင်းက ကျောက်မဲခရိုင် သာသနာရေးမှူးရုံးသို့သွားရောက်၍ ဝန်ထမ်းများကိုတွေ့ဆုံအားပေးစကားပြောကြားကာ ထောက်ပံ့ငွေများပေးအပ်ပြီး ရုံးဝင်းအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောက်မဲမြို့ ရပ်ကွက် (၇)ရှိ ဥတ္တရဓမ္မာရုံ၌ နေရပ်သို့ပြန်လည်ဝင်ရောက်လာသည့် မြို့ခံပြည်သူများကို ရင်းနှီးနွေးထွေးစွာ တွေ့ဆုံအားပေးစကားပြောကြားပြီး ဆန်အိတ်များ၊ ထောက်ပံ့ငွေများနှင့် ဓမ္မစာအုပ်များ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

မြဝတီ

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၄)သင်တန်းဖွင့်လှစ်

**နေပြည်တော် အောက်တိုဘာ ၂၇**

အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ်(၁၄)၏ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) နီလာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးဆန်းမြင့်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ တာဝန်ရှိသူများ၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြား/စီမံဌာနများမှတာဝန်ရှိသူများနှင့် သင်တန်းသား၊သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်က မိမိတို့လက်အောက်ဝန်ထမ်းများကို မှန်ကန်တိကျသည့် ဦးဆောင်လမ်းညွှန်မှုများကို ချမှတ်ပေးပြီး မိမိအထက်အဆင့်များကိုလည်း တာဝန်ခံမှု၊ တာဝန်ယူမှုများဖြင့် အထောက်အကူပြု ဆောင်ရွက်ပေးကြရန်၊ အလယ်အလတ်အဆင့်အရာထမ်းများဖြစ်၍ ညှိနှိုင်းပေါင်းစပ်ပူးပေါင်းဆောင်ရွက်ခြင်း အရည်အသွေးနှင့် စွမ်းဆောင်ရည်ပြည့်ဝသူများဖြစ်အောင် ကြိုးစားကြရန်တိုက်တွန်းမှာကြားသည်။

အဆိုပါသင်တန်းသို့သင်တန်းသား၅၀ဦး၊ သင်တန်းသူ ၅၁ ဦး စုစုပေါင်း ၁၀၁ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ အောက်တိုဘာလ ၂၇ ရက်မှ ၂၀၂၆ ခုနှစ် မတ်လ ၁၈ ရက်အထိဖြစ်သည်။

ဆက်လက်၍ အဖွဲ့ဝင်ဦးဆန်းမြင့်သည် တက္ကသိုလ်မှ တာဝန်ရှိသူများနှင့်အတူ တက္ကသိုလ်စစ်ရေးပြကွင်း၌ အရာထမ်းငယ်သင်တန်းအမှတ်စဉ်(၁၀၄)နှင့်စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ်(၁၁၄)တို့၏ သင်တန်းဆင်းစစ်ရေးပြလေ့ကျင့်နေမှု၊ သင်တန်းခန်းမများတွင် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်းအမှတ်စဉ်(၁၇)နှင့် စာရေးဝန်ထမ်းကြီးကြပ်သင်တန်းအမှတ်စဉ်(၂၇)တို့၏ သင်ခန်းစာပို့ချနေမှုအခြေအနေများနှင့်ပတ္တမြားခန်းမတွင်အရာထမ်းလောင်း(အထူး)သင်တန်းအမှတ်စဉ်(၁၅)၏စာမေးပွဲဖြေဆိုနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

# ရာဇဝတ်အထူးအယူခံမှု (၂) မှုနှင့် တရားမအထူးအယူခံမှု (၄) မှုတို့ကို စီရင်ချက်ချမှတ်ပြီး တရားမအထူးအယူခံမှု (၄) မှုတို့ကို ရုံးထိုင်ကြားနာ

**နေပြည်တော် အောက်တိုဘာ ၂၇**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဦးသောင်းနိုင်၊ ဦးဝင်းမြင့်၊ ဒေါ်စိုးခက်ခက်တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ပုဗ္ဗသီရိမြို့နယ် မင်္ဂလာဒီပရပ်ကွက် ချင်းတွင်းလမ်းရှိ ဧယျာသီရိခရိုင်တရားရုံး ရုံးခန်းအမှတ်(၁)၌ ပြည်ထောင်စုတရားလွှတ်တော်ချုပ် အထူးအယူခံခုံရုံး ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ်၆/၂၀၂၅ (မွန်)၊ ၇/၂၀၂၅ (မွန်) နှင့် တရားမအထူးအယူခံမှုအမှတ်၃၁/၂၀၂၅ (မန္တလေး)၊ ၃၂/၂၀၂၅ (မန္တလေး)၊ ၃၃/၂၀၂၅ (ကချင်)၊ ၃၄/၂၀၂၅ (ကချင်) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု (၂) မှုနှင့် တရားမအထူးအယူခံမှု (၄) မှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှုအမှတ် ၁၆/၂၀၂၅ (မန္တလေး)၊ ၂၃/၂၀၂၅ (ရန်ကုန်)၊ ၂၄/၂၀၂၅ (ရှမ်း)နှင့် ၂၅/၂၀၂၅ (မန္တလေး) စုစုပေါင်း တရားမအထူးအယူခံမှု (၄) မှုတို့ကို ရုံးထိုင်ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် အောက်တိုဘာ ၂၇

မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့်မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

# "ပြည်သူ့ကြားက ပြည်သူ့စကား"

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ကိုယ်ကိုယ်တိုင်က တံတားဆောက် လမ်းဖောက်တာမျိုးမလုပ်ပေးနိုင်ပေမယ့် ကိုယ်ထူကိုယ်ထလမ်းဖောက်သူ ပြည်သူများအား သတ်ဖြတ်နေသည့်အကြမ်းဖက်များ"** ခေါင်းစဉ်ဖြင့် ၂၉-၁၀-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၅-၁၁-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် **"ဘယ်သူတွေ ဘယ်လိုပဲ ဖျက်လိုဖျက်ဆီးလုပ်ပါစေ မလွဲမသွေအောင်မြင်အောင်လုပ်ဆောင်သွားမယ့် ပြည်သူတို့ရဲ့ရွေးကောက်ပွဲ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ၂၇-၁၀-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၈၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၈-၁၀-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၇၀ | ၂၇၈၀ | ၂၇၅၀ | ၂၆၈၅ | ၂၇၉၀ | ၂၈၀၅ | ၂၈၂၀ | ၂၇၄၀ | ၄၅၀၅ | ၃၀၃၅ | ၂၇၅၅ | ၂၈၁၅ | ၂၈၃၀ | ၂၇၉၅ | ၂၈၁၅ | ၃၀၇၀ |
| 95 Ron | ၂၇၆၀ | ၂၈၇၅ | ၂၈၄၀ | ၂၇၇၅ | ၂၈၈၀ | ၂၈၉၅ | ၂၉၁၀ | ၂၈၃၀ | ၄၅၆၀ | ၃၁၂၅ | ၂၈၅၀ | ၂၉၀၀ | ၂၉၂၀ | ၂၈၈၅ | ၂၉၀၅ | ၃၁၆၅ |
| HSD (500 ppm) | ၂၃၈၀ | ၂၄၉၅ | ၂၄၆၀ | ၂၃၉၅ | ၂၅၀၀ | ၂၅၁၅ | ၂၅၃၀ | ၂၄၅၀ | - | ၂၇၄၅ | ၂၄၆၅ | ၃၀၅၀ | ၂၅၄၀ | ၂၅၀၅ | ၂၅၂၅ | ၂၇၈၅ |
| HSD (50 ppm) | ၂၉၀၀ | ၃၀၁၀ | ၂၉၈၀ | ၂၉၁၅ | ၃၀၂၀ | ၃၀၃၅ | ၃၀၅၀ | ၂၉၇၀ | ၄၈၃၀ | ၃၂၆၅ | ၂၉၈၅ | ၃၀၆၅ | ၃၀၆၀ | ၃၀၂၀ | ၃၀၄၅ | ၃၃၀၀ |
| HSD (10 ppm) | ၂၉၀၀ | ၃၀၁၀ | ၂၉၈၀ | ၂၉၁၅ | ၃၀၂၀ | ၃၀၃၅ | ၃၀၅၀ | ၂၉၇၀ | - | ၃၂၆၅ | ၂၉၈၅ | ၃၀၆၅ | ၃၀၆၀ | ၃၀၂၀ | ၃၀၄၅ | ၃၃၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၀၉ | ၂၅၉၃ |
| 95 Ron | ၂၅၉၈ | ၂၆၈၄ |
| HSD (500 ppm) | ၂၂၂၉ | ၂၃၀၃ |
| HSD (50 ppm) | ၂၇၃၂ | ၂၈၁၆ |
| HSD (10 ppm) | ၂၇၃၂ | ၂၈၁၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီး ဂျူဒိုပြိုင်ပွဲဗိုလ်လုပွဲနှင့်ဆုပေးပွဲကျင်းပ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည်စုံလင်း တံခွန်စိုက်ဒိုင်းနှင့်ဆင့်ပွားဒိုင်းဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် အောက်တိုဘာ ၂၇

၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား၊ အမျိုးသမီးဂျူဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ ၁ (သုဝဏ္ဏ)၌ ပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ်အဖြစ် ပြိုင်ပွဲဝင်အသင်းများ၏ အတိုက်ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ အားကစားနည်းများအလိုက် တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆု ရရှိသောအသင်းများအား တာဝန်ရှိသူများကလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဒိုင်းနှင့်ဆင့်ပွားဒိုင်းဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးက တံခွန်စိုက်ဒိုင်းဆုနှင့် ငွေသားဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း ဂျူဒိုပြိုင်ပွဲအား ခတ၊ အတိုက်၊ အသင်းလိုက်အမျိုးသား၊ အမျိုးသမီး တို့ဖြင့် အမျိုးအစား(၃)မျိုးပါဝင်ပြီး ပြိုင်ပွဲဝင် အသင်း(၁၂) သင်းဖြင့် အောက်တိုဘာလ ၂၂ ရက်နေ့မှ ယနေ့အထိ ကျင်းပပြုလုပ်ခဲ့ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲ အဖွင့်ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုကိုတွေ့ရစဉ်။

နေပြည်တော် အောက်တိုဘာ ၂၇

၂၀၂၅ ခုနှစ်၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ၌ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် အဖွဲ့ဝင်များ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အဖွင့်ပွဲ ပွဲစဉ်ဖြစ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)အသင်းနှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းတို့၏ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ကရာတေးပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် အောက်တိုဘာလ ၃၁ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ကျိုင်းတုံမြို့ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ကျိုင်းတုံ)တွင် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းအမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၂၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ကျိုင်းတုံ)တွင် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း၊ အမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းရှိ အိမ်တွင်းမှုခန်းမ၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့်တာဝန်ရှိသူများ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးလှိုင် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းအမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီး သင်တန်းကျောင်းအတွက် ချီးမြှင့်ငွေအားပေးအပ်ရာ ကျောင်းအုပ်ကြီးကလက်ခံရယူသည်၊ ထို့နောက်ကျောင်းအုပ်ကြီးမှ သင်တန်းဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြသည်။

၎င်းနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက သင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် သင်တန်းဆိုင်ရာ သင်ခန်းစာနမူနာ ပစ္စည်းများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါသင်တန်းအား ၂၀၂၆ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများအတွက် လိုအပ်သော ဘိလပ်မြေများကို အထူးကုန်ရထားဖြင့်ပို့ဆောင်

နေပြည်တော် အောက်တိုဘာ ၂၇

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အစီအစဉ်ဖြင့် ငလျင်ဘေးဒဏ် ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်လျက်ရှိသော သံချောင်းလုံးများ၊ အမိုးသွပ်ပြားများနှင့် ဘိလပ်မြေများအား အထူးကုန်ရထားများဖြင့် ပို့ဆောင်ပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် ဘိလပ်မြေအိတ် ၉၇၄၀ အိတ်(တန်ချိန် ၄၈၇ တန်) တင်ဆောင်လာသော အထူးကုန်ရထားသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မြို့ဟောင်းဘူတာသို့ ပို့ဆောင်ရောက်ရှိခဲ့ပြီး တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးကြကာ တိုင်းဒေသကြီးအတွင်း ပြန်လည်ထူထောင်ရေးနှင့်တည်ဆောက်ရေးလုပ်ငန်းများအတွက် ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ အစီအစဉ်ဖြင့်မန္တလေးတိုင်းဒေသကြီးနှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ ငလျင်ဘေးဒဏ် ပြန်လည်ထူထောင်ရေးနှင့်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သောဆောက်လုပ်ရေးသုံးပစ္စည်းများကို အထူးကုန်ရထားများဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ယခုအခါ HRB 500 အမျိုးအစား သံချောင်းလုံးတန်ချိန် ၂၂၂၉ ဒသမ ၆၃၀ တန်၊ 4 Angle 0.33 mm အမိုးသွပ်ပြားချပ်ရေ ၄၉၀၀၀ ချပ် (တန်ချိန် ၂၂၇ ဒသမ ၉၁ တန်)နှင့် ဘိလပ်မြေအိတ် ၉၇၄၀ အိတ် (တန်ချိန် ၄၈၇ တန်) တို့အား ပို့ဆောင်ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မြဝတီ

# အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၂၇

ယနေ့နံနက် ၀၇ နာရီ ၅၅ မိနစ် ၅၂ စက္ကန့်အချိန်တွင် ညောင်ဦးမြေငလျင်စခန်းမှ မြောက်-အနောက်မြောက်ဘက် ၅၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဂန့်ဂေါမြို့၏ အရှေ့တောင်ဘက် ၂၈ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၈၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၄၆ ဒီဂရီ၊ အနက် ၃၈ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၃ ဒသမ ၄ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/ဇလ)





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**❖ ယနေ့ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းပြည်ထောင်စု အစီရင်ခံစာထုတ်ပြန်မှုသည် နိုင်ငံ၏လက်ရှိဖြစ်ပေါ်နေသည့် လူဦးရေပြောင်းလဲလာမှုနှင့် မြို့ပြ၊ ကျေးလက်အလိုက် လူဦးရေအခြေအနေ၊ နိုင်ငံသူနိုင်ငံသားများ၏ ပညာရေး အဆင့်အတန်း၊ လုပ်သားအင်အားအခြေအနေနှင့်အလုပ်လုပ်ကိုင်မှု၊ ရွှေ့ပြောင်းသွားလာမှု နှင့် ၎င်းတို့၏နေထိုင်မှုပုံစံ စသည့်အခြေအနေများနှင့် မိမိတို့မြန်မာနိုင်ငံ၏အနာဂတ်ကို မီးမောင်းထိုးပြနေသည့် နေ့စဉ်လူနေမှုဘဝပုံစံများကို ထုတ်ဖော်ပြသခြင်းပင်ဖြစ် . . .**

**❖ လာမည့် ဒီဇင်ဘာလ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးအောင်မြင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးဆောင်ရွက်ရာတွင်လည်း ယခုသန်းခေါင်စာရင်း၏ လူဦးရေကိန်းဂဏန်း များက အထောက်အကူပြုလျက်ရှိ . . .**

☆ **ရှေ့ဖုံးမှအဆက်**

ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများနှင့်အသင်းအဖွဲ့များမှဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ်များတွင်ပါဝင်အားဖြည့်ခဲ့ကြသည့်နိုင်ငံ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဖိတ်ကြားထားသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ ယိမ်းအဖွဲ့များက "နိုင်ငံ့အကျိုးသယ်ပိုးဆောင်ကြဉ်း၊ သန်းခေါင်စာရင်း" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ယနေ့ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်မှုသည် နိုင်ငံတော်အတွက် အဖိုးတန်သည့် စာရင်းအင်း၊ ကိန်းဂဏန်းအချက်အလက်များဖြစ်သောကြောင့် ပိုမိုလေးနက်ပြီး အဓိပ္ပာယ်ရှိသည့်နေ့တစ်နေ့ဖြစ်ကြောင်း၊ ယင်းအစီရင်ခံစာသည် နိုင်ငံ၏လက်ရှိဖြစ်ပေါ်နေသည့် လူဦးရေပြောင်းလဲလာမှုနှင့် မြို့ပြ၊ ကျေးလက်အလိုက် လူဦးရေအခြေအနေ၊ နိုင်ငံသူနိုင်ငံသားများ၏ ပညာရေးအဆင့်အတန်း၊ လုပ်သားအင်အားအခြေအနေနှင့် အလုပ်လုပ်ကိုင်မှု၊ ရွှေ့ပြောင်းသွားလာမှုနှင့် ၎င်းတို့၏ နေထိုင်မှုပုံစံ စသည့် အခြေအနေများနှင့် မိမိတို့ မြန်မာနိုင်ငံ၏ အနာဂတ်ကို မီးမောင်းထိုးပြနေသည့် နေ့စဉ်လူနေမှုဘဝပုံစံများကိုထုတ်ဖော်ပြသခြင်းပင်ဖြစ်ကြောင်း၊ ယင်းအစီရင်ခံစာပါကိန်းဂဏန်းအချက်အလက်များသည် ယနေ့မိမိတို့မည်သို့ အခြေအနေရှိသည်ဆိုသည်ကို ထင်ဟပ်ပြသနေပြီး မနက်ဖြန်တွင် မည်သည့်အခြေအနေဖြစ်လာနိုင်မည်ဆိုသည်ကို ညွှန်ပြနေသည့် နိုင်ငံတော်၏ကြေးမုံပြင်တစ်ချပ်ဟု ပြောရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းကောက်ယူမှုသမိုင်းကြောင်းကို ပြန်လည်လေ့လာသုံးသပ်ကြည့်မည်ဆိုပါက လွတ်လပ်ရေးမရမီ ၁၈၇၂ ခုနှစ်မှ ၁၉၄၁ ခုနှစ်အတွင်း သန်းခေါင်စာရင်း (၈) ကြိမ် ကောက်ယူခဲ့သည်ကို တွေ့ရှိရကြောင်း၊ လွတ်လပ်ရေးရပြီးနောက် လူဦးရေသန်းခေါင်စာရင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်တို့တွင် ကောက်ယူခဲ့ပြီး ယခု ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းနှင့်ဆိုပါက (၄)ကြိမ် ကောက်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယုံကြည်အားထားရသော အချက်အလက်မရှိသည့်နိုင်ငံသည် သံလိုက်အိမ်မြှောင်မပါဘဲ သင်္ဘောကို ထိန်းကျောင်းမောင်းနှင်နေခြင်းနှင့်တူနေသည်ဟု ဆိုကြကြောင်း၊ ထို့ကြောင့် သန်းခေါင်စာရင်းက မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးမှုလမ်းကြောင်းကို ပြသနေသည့် သံလိုက်အိမ်မြှောင်ဟု တင်စားလိုကြောင်း၊ ထို့ပြင် သန်းခေါင်စာရင်းဆိုသည်မှာ နိုင်ငံ၏အုပ်ချုပ်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများအတွက် အခြေခံအုတ်မြစ်တစ်ခုလည်းဖြစ်ကြောင်း၊ စီမံကိန်းရေးဆွဲသူများ၊ မူဝါဒချမှတ်သူများအနေဖြင့် ပိုမိုကောင်းမွန်သည့် ပညာရေးမျှော်မှန်းချက်များဖော်ဆောင်ရန်၊ ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများမြှင့်တင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရန်၊ လူမှုကူညီစောင့်ရှောက်ရေးလုပ်ငန်းများ ချဲ့ထွင်ရန် စသည့်လုပ်ငန်းများ ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန်အတွက် သန်းခေါင်စာရင်းအချက်အလက်များသည် ယုံကြည်အားထားရသည့် နိုင်ငံ၏အသက်သွေးကြောဟု ဆိုနိုင်ကြောင်း။

သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် အလွန်ကျယ်ပြန့်ပြီးလုပ်ငန်းပမာဏကြီးမားရုံသာမက ငွေကြေးကုန်ကျမှုလည်းများလွန်းသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ သို့သော်လည်း နိုင်ငံတော်၏လက်ရှိအခြေအနေနှင့်အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိကျမှန်ကန်သည့်လူဦးရေဆိုင်ရာစာရင်းအင်းအချက်အလက်များရရှိရန် အရေးကြီးပြီး ကုလသမဂ္ဂ၏ အကြံပြုချက်အရ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ သန်းခေါင်စာရင်းကို (၁၀)နှစ် တစ်ကြိမ် ကောက်ယူရန်လိုအပ်ကြောင်း၊ ထို့ကြောင့် အခက်အခဲများ၊ စိန်ခေါ်မှုများကြားထဲကပင်သန်းခေါင်စာရင်းကို မဖြစ်မနေကောက်ယူရန် တွန်းအားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

၂၀၂၄ ခုနှစ်အောက်တိုဘာလအတွင်းတွင် သန်းခေါင်စာရင်းကောက်ယူပြီးသည့်နောက် နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်ပြီး အခြေခံအချက်အလက် အနေဖြင့် ချက်ချင်းအသုံးပြုနိုင်ရန် ရှေ့ပြေးလူဦးရေစာရင်းကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်တွင် ဦးစွာ ထုတ်ပြန်ကြေညာပေးခဲ့ပြီးဖြစ်ကြောင်း၊ ယင်းသန်းခေါင်စာရင်းအချက်အလက်များကို ဆန်းစစ်လေ့လာထားသည့် ကိန်းဂဏန်းအချက်အလက်များနှင့် အညွှန်းကိန်းများပါဝင်သော သန်းခေါင်စာရင်း ပင်မအစီရင်ခံစာဖြစ်သည့် ပြည်ထောင်စုအစီရင်ခံစာ၊ အသုံးပြုသူများ လွယ်လွယ်ကူကူထုတ်နုတ်အသုံးပြုနိုင်မည့် အနှစ်ချုပ်အစီရင်ခံစာနှင့် စာရင်းဇယားများကို ယနေ့ထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ ယင်းအစီရင်ခံစာများတွင် လူဦးရေဆိုင်ရာ အချက်အလက်များ၊ ရွှေ့ပြောင်းသွားလာခြင်း၊ ပညာရေး၊ လုပ်သားအင်အား၊ မသန်စွမ်းမှု၊ အိမ်အကြောင်းအရာ၊ မွေးဖွားခြင်းနှင့်သေဆုံးခြင်းအကြောင်းအရာ စသည့်အခန်းကဏ္ဍများပါဝင်ပြီး မိမိတို့နိုင်ငံအတွက် အကျိုးဖြစ်ထွန်းမှုများစွာရရှိစေနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စသည့်လုပ်ငန်းစီမံကိန်းများအတွက်လည်း များစွာအသုံးဝင်မည်ဖြစ်ကြောင်း။

ထို့ပြင် လာမည့် ဒီဇင်ဘာလ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကြီးအောင်မြင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် မဲဆန္ဒရှင် စာရင်း ပြည့်စုံမှန်ကန်ရေးဆောင်ရွက်ရာတွင်လည်း ယခုသန်းခေါင်စာရင်း၏ လူဦးရေကိန်းဂဏန်းများက အထောက်အကူပြုလျက်ရှိကြောင်း၊ သန်းခေါင်စာရင်းက ဖော်ထုတ်ရရှိသည့် ပညာအရည်အချင်းအလိုက်၊ လုပ်ငန်းအမျိုးအစားအလိုက်၊ နေထိုင်မှုပုံစံအလိုက် လူဦးရေကိုသိရှိခြင်းအားဖြင့် ယင်းတို့နှင့်ပတ်သက်ပြီး လိုအပ်သည့်အစီအမံများရေးဆွဲချမှတ်နိုင်ရန် အခြေခံအရင်းအမြစ်များကို ဖန်တီးပံ့ပိုးပေးနိုင်မည်ဖြစ်သကဲ့သို့ လိုအပ်သည့် လုပ်သားအင်အားကိုလည်း လေ့ကျင့်မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ လုပ်သားလိုအပ်ချက်များကို အခြေခံပြီး နှစ်စဉ်တက္ကသိုလ်ဝင်ခွင့်နှင့် သက်မွေးပညာဆိုင်ရာ ကျောင်းဝင်ခွင့်များနှင့် ပတ်သက်သည့် လူဦးရေလျာထားတွက်ချက်ရာတွင်လည်း အခြေခံအချက်အလက်များ ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း၊ ယခုလုပ်ငန်းခွင်များတွင် ကျွမ်းကျင်မှုလိုအပ်သည့် သို့မဟုတ် အရည်အသွေးမြှင့်တင်လိုသည့် လုပ်သားများအတွက်လည်း စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ၊ ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများကို လိုအပ်သလိုစီမံဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း။

ထို့ပြင် ပညာရေးနှင့် လုပ်သားအင်အားဆိုင်ရာ အချက်အလက်များကို ချိတ်ဆက်အသုံးပြုပြီး သက်မွေးပညာသင်ကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းဖြင့် ကျွမ်းကျင်မှုရှိသည့် လုပ်သားအရင်းအမြစ်ကို ပျိုးထောင်ပေးနိုင်သကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း၊ အလားတူ လူမှုဖူလုံရေး၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး၊ မသန်စွမ်းများမှတ်ပုံတင်ရေးနှင့်ထောက်ပံ့ပေးရေးကိစ္စရပ်များဆောင်ရွက်ရာတွင်လည်း လိုအပ်သည့်အချက်အလက်များ ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ လူဦးရေဆိုင်ရာစာရင်းအင်းအချက်အလက်ပြည့်စုံမှုသည် ယင်းနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှု၊ အုပ်ချုပ်မှုအရည်အသွေးနှင့် နိုင်ငံရေးတည်ငြိမ်မှုတို့ကို သွယ်ဝိုက်ညွှန်းဆိုဖော်ပြနေသည်ဟုဆိုနိုင်ကြောင်း၊ **နိုင်ငံတစ်နိုင်ငံ၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များကို ကဏ္ဍအလိုက် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်ရေးအခြေခံ အသုံးပြုရန် လိုအပ်သည့်အချက်အလက်များကို သန်းခေါင်စာရင်းကနေရရှိနိုင်ခြင်းဖြစ်**ကြောင်း၊ **ထို့ပြင် အုပ်ချုပ်မှုဧရိယာအသေးငယ်ဆုံးအဆင့်ထိ အချက်အလက်များကို သန်းခေါင်စာရင်းများကသာ ပံ့ပိုးပေးနိုင်ခြင်းဖြစ်**ကြောင်း။

သန်းခေါင်စာရင်း၏ ဖော်ပြချက်များသည် မိမိတို့နိုင်ငံ၏ အခွင့်အလမ်းများနှင့်

အတူ ယှဉ်တွဲပြီး လုပ်ဆောင်ရမည့်တာဝန်များကိုလည်း တစ်ပါတည်းညွှန်းဆို ဖော်ပြလျက်ရှိကြောင်း၊ **မိမိတို့ နိုင်ငံသည် ပထဝီနိုင်ငံရေးအရ အရေးပါသည့် နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း အိမ်နီးချင်းနိုင်ငံများထက် လူဦးရေသိပ်သည်းမှု သိသိသာသာနည်းပါးနေ**ကြောင်း၊ **၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းအချက်အလက်များအရ မိမိတို့နိုင်ငံ၏ လူဦးရေသည် ဆယ်စုနှစ်များအတွင်း ပထမဆုံးအကြိမ်အဖြစ် အနည်းငယ်လျော့ကျလာသည်ကိုတွေ့ရှိရ**ကြောင်း၊ **ယင်းသည် မွေးဖွားနှုန်းကျဆင်းခြင်း၊ ရွှေ့ပြောင်းသွားလာမှုမြင့်မားလာခြင်းနှင့် မိသားစုပုံစံများပြောင်းလဲလာခြင်းတို့ကြောင့် စိန်ခေါ်မှုတစ်ခုဖြစ်သလိုအခွင့်အလမ်းတစ်ခုဟုလည်း မှတ်ယူ**နိုင်ကြောင်း။

ပြည်ပရွှေ့ပြောင်းခြင်းကလည်း မိမိတို့နိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေ၊ နိုင်ငံရေးတည်ငြိမ်မှု၊ ပြည်တွင်းတွင်ရှိသည့် အလုပ်အကိုင်အခွင့်အလမ်းများနှင့်အိမ်နီးချင်းနိုင်ငံများ၏စီးပွားရေးဖွံ့ဖြိုးမှုတို့အပေါ် တည်မှီနေခြင်းကြောင့် မိမိတို့နိုင်ငံအတွက် ရေရှည်ဖွံ့ဖြိုးမှုကို ဦးတည်ထိန်းညှိနိုင်မည့် စီမံချက်များ ချမှတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏လူငယ်များကြားတွင် ပြည်ပရွှေ့ပြောင်းသွားလာမှုများမြင့်မားနေသော်လည်း တစ်ချိန်က မွေးနှုန်းမြင့်မားခဲ့သည့် အကျိုးဆက်ကြောင့် အလုပ်လုပ်နိုင်သည် လူငယ်လူရွယ်ဦးရေသည်လည်း ယခုတွင် များပြားနေဆဲဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် Demographic Bonus ဟုခေါ်သည့် လူဦးရေဆုလာဘ်ရရှိနေဆဲကာလဖြစ်ကြောင်း၊ ထို့ကြောင့် လူဦးရေဆုလာဘ်ရရှိနိုင်သည့် အချိန်ကာလမကုန်ဆုံးမီ ၎င်းလူငယ်လူရွယ်များကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် မှန်ကန်ထိရောက်စွာ အကျိုးရှိရှိဆောင်ရွက်နိုင်ရန် စီမံပေးရန်အရေးကြီးကြောင်း။

ကမ္ဘာ့နိုင်ငံတော်တော်များများတွင် လူငယ်များကို မြေတောင်မြှောက်ပြုစုပျိုးထောင်ပေးပြီး အခွင့်အလမ်းများ၊ မျှော်လင့်ချက်များဖန်တီးပေးသည့်အခါတွင် ၎င်းတို့သည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ မောင်းနှင်အားများဖြစ်လာသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယနေ့မိမိတို့လူငယ်များကို အကျိုးရှိရှိရင်းနှီးမြှုပ်နှံပေးခြင်းဖြင့် အနာဂတ်တွင် လူဦးရေဆုလာဘ်၏ ကောင်းကျိုးများကို ဖမ်းဆုပ်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့မဟုတ်ဘဲ လူငယ်များကို လျစ်လျူရှုထားပါက Demographic Burden နှင့်အတူ တည်ငြိမ်အေးချမ်းမှုလျော့နည်းလာနိုင်သလို အဆိုးဆုံးအခြေအနေအဖြစ် Demographic Disaster ဖြစ်သွားနိုင်ကြောင်း။

ထို့ကြောင့် မိမိတို့နိုင်ငံတွင် မြေအရင်းအမြစ်၊ ရေအရင်းအမြစ်၊ သယံဇာတအရင်းအမြစ်များနှင့် လိုက်လျောညီထွေဖြစ်မည့် ရှိသင့်ရှိထိုက်သည့် လူဦးရေဖြစ်ပေါ်လာစေရန် မိမိနိုင်ငံနှင့်ကိုက်ညီသည့် လူဦးရေမူဝါဒများကို ရေးဆွဲချမှတ်ပြီး မျိုးဆက်တစ်ခုစာ ကြိုတင်မြော်တွေးကာ ပြင်ဆင်ဆောင်ရွက်သွားရန်လိုကြောင်း၊ ယခုရေတွင်းတူး ယခုရေကြည်သောက်ချင်၍ မရနိုင်ကြောင်း။

**၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူမှုကို ပြည်ပအကူအညီမပါဘဲ ပြည်တွင်းအားဖြင့် အောင်မြင်အောင် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည့်အတွက် နိုင်ငံအတွက် ဂုဏ်ယူရမည့် အမျိုးသားရေးလုပ်ငန်းစဉ် အောင်မြင်မှုတစ်ရပ်ဖြစ်**ကြောင်း၊ ယနေ့သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနားသည် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ၏ စည်းလုံးညီညွတ်သည့် စုပေါင်းအားဖြင့်ဆောင်ရွက်ခဲ့သည့် အောင်မြင်မှုအဖြစ် ကမ္ဘာ့အလယ်တွင် သမိုင်းမှတ်တိုင် စိုက်ထူနိုင်ခြင်းလည်းဖြစ်ကြောင်း။

မိမိရှေ့တွင်ဆိုခဲ့သည့်အတိုင်း ၂၀၂၄ သန်းခေါင်စာရင်း အစီရင်ခံစာသည် မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် မူဝါဒချမှတ်နိုင်ရန် လမ်းပြမြေပုံတစ်ခုအဖြစ် အကျိုးရှိရှိ အသုံးပြုရန်အရေးကြီးကြောင်း၊ ယင်းကိန်းဂဏန်းအချက်အလက်များကို ဆန်းစစ် လေ့လာသုံးသပ်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဖော်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဖော်ဆောင်ရာတွင် လူငယ်လူရွယ်များ အရည်အသွေးမြင့်မားရေးအတွက် စီမံဆောင်ရွက်ပေးပြီး အခွင့်အလမ်းများ၊ မျှော်လင့်ချက်များဖန်တီးပေးကြရန်၊ ပညာရေးကို လုပ်သားဈေးကွက်လိုအပ်ချက်များနှင့် ချိန်ညှိပေးပြီး ခိုင်မာသည့်အသက်မွေးဝမ်းကျောင်းသင်တန်းများ ထူထောင်ပေးကြရန်၊ နည်းပညာနှင့် မောင်းနှင်သည့် အနာဂတ်ဖြစ်စေရန် မိမိတို့၏လုပ်သားအင်အားကို ပြင်ဆင်နိုင်အောင်ကြိုးစားကြရန်၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများနှင့် ထိခိုက်လွယ်အုပ်စုများအတွက် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ်များတည်ထောင်ပေးကြရန်၊ နိုင်ငံတွင်း၌ရေရှည်တည်တံ့ပြီး အရည်အသွေးရှိသည့် အလုပ်အကိုင်များဖန်တီးပေးခြင်းဖြင့် ရွှေ့ပြောင်းခြင်းကို အကျိုးရှိအောင်စီမံခန့်ခွဲပေးကြရန်၊ မိမိတို့ နိုင်ငံ၏လူဦးရေဖွဲ့စည်းမှုနှင့်အညီ မြေ၊ ရေနှင့် သဘာဝအရင်းအမြစ်များကို အကျိုးရှိရှိ မျှတစွာအသုံးပြုနိုင်အောင် စီမံပေးကြရန်၊ **ယနေ့ ကျောင်းစာသင်ခန်းတွင်ရှိနေသည့်ကလေးတိုင်းသည် မြန်မာနိုင်ငံ၏ အနာဂတ်ကို ပခုံးပြောင်းပုံဖော်မည့် အသိပညာရှင်၊ အတတ်ပညာရှင်အဖြစ် မှတ်ယူပြီး ပညာရေးကိုမြှင့်တင်ပေးကြရန် မှာကြားလို**ကြောင်း။

၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းရလဒ်များကို မူဝါဒ၊ စီမံကိန်းများရေးဆွဲချမှတ်သူများ၊ အချက်အလက်အသုံးပြုသူများအားလုံး အကျိုးရှိရှိအသုံးပြုနိုင်ရန် ယနေ့ထုတ်ပြန်ပါကြောင်းကို ဂုဏ်ယူဝမ်းမြောက်စွာ ကြေညာအပ်ကြောင်းဖြင့် ပြောကြားသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာထုတ်ပြန်ခြင်း အထိမ်းအမှတ်ပြခန်းအတွင်း ခင်းကျင်းပြသထားမှုများအား ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့်လှည့်လည်ကြည့်ရှုစဉ်။

**❖ နိုင်ငံတစ်နိုင်ငံ၏ လူဦးရေဆိုင်ရာစာရင်းအင်းအချက်အလက်ပြည့်စုံမှုသည် ယင်းနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှု၊ အုပ်ချုပ်မှုအရည်အသွေးနှင့် နိုင်ငံရေးတည်ငြိမ်မှုတို့ကို သွယ်ဝိုက်ညွှန်းဆိုဖော်ပြနေသည်ဟုဆိုနိုင် . . .**

**❖ မိမိတို့နိုင်ငံတွင် မြေအရင်းအမြစ်၊ ရေအရင်းအမြစ်၊ သယံဇာတအရင်းအမြစ်များနှင့် လိုက်လျောညီထွေဖြစ်မည့် ရှိသင့်ရှိထိုက်သည့် လူဦးရေဖြစ်ပေါ်လာစေရန် မိမိနိုင်ငံနှင့်ကိုက်ညီသည့် လူဦးရေမူဝါဒများကိုရေးဆွဲချမှတ်ပြီးမျိုးဆက်တစ်ခုစာ ကြိုတင်မြော်တွေးကာ ပြင်ဆင်ဆောင်ရွက်သွားရန်လို . . .**

**❖ ၂၀၂၄ သန်းခေါင်စာရင်း အစီရင်ခံစာသည် မိမိတို့ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအတွက် မူဝါဒချမှတ်နိုင်ရန် လမ်းပြမြေပုံတစ်ခုအဖြစ် အကျိုးရှိရှိအသုံးပြုရန်အရေးကြီး၊ ယင်းကိန်းဂဏန်းအချက်အလက်များကို ဆန်းစစ်လေ့လာသုံးသပ်ပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဖော်ဆောင်ကြရမည်ဖြစ် . . .**

ယင်းနောက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က သန်းခေါင်စာရင်းရလဒ်များအား အကျဉ်းချုပ်ရှင်းလင်းတင်ပြပြီး **"မြန်မာ့ပုံရိပ်ကို ထင်ဟပ်ဖော်ညွှန်းမည့် ၂၀၂၄ သန်းခေါင်စာရင်း"** အမည်ရသည့် သန်းခေါင်စာရင်းလုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ ယိမ်းအဖွဲ့များက "နိုင်ငံ့အကျိုး မျှော်ကိုးရည်ရှေ့သို့လှမ်းချီပန်းတိုင်ဆီ" သီချင်းဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ယိမ်းအဖွဲ့များက "ငြိမ်းချမ်းကြစို့ ရွှေပြည်မြန်မာ" သီချင်းဖြင့်လည်းကောင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ ယိမ်းအဖွဲ့များက "အောင်မြင်ခြင်း မင်္ဂလာ" သီချင်းဖြင့်လည်းကောင်း အသီးသီး သီဆို၊ ကပြဖျော်ဖြေကြသည်။

ယင်းနောက်နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

၎င်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာထုတ်ပြန်ခြင်း အထိမ်းအမှတ်ပြခန်းအတွင်း ခင်းကျင်းပြသထားမှုများအား ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့်လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။(၁၀၀)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing delivers speech at the ceremony to release the Union report on population and household census 2024



Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing delivers speech at the ceremony to release the Union report on population and household census 2024.

NAY PYI TAW October 27

A ceremony to release the Union report on population and household census 2024 was held at the Myanmar International Convention Centre 1 (MICC I) in Nay Pyi Taw this morning, with an address by Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing.

Also, present at the ceremony were Commission Vice-Chairman Vice-Senior General Soe Win, Commission member and Prime Minister U Nyo Saw, Commission Secretary and Joint Executive Chief General Ye Win Oo, commission members, Union ministers, Union-level dignitaries, the Nay Pyi Taw Council Chairman, region and state chief ministers, senior military officers from the Office of the Commander-in-Chief, deputy ministers, officials from the foreign embassies and international organizations, chairmen and officials from the political parties and associations, State service personnel who participated in the enumeration of the 2024 population and household census process, departmental personnel, guests, students and officials.



Senior General Min Aung Hlaing hears a report on population and household census 2024.

The choral dance troupes from the Fine Arts Department under the Ministry of Religious Affairs and Culture performed the song entitled “Enumerating the census while serving the State interests”.

Speaking on the occasion, the Senior General said that the release of the 2024 Union Report on Population and Housing Census today marks a meaningful and significant day for the nation, as it provides valuable statistical data and information for the country. The report presents the current demographic changes in the nation, including the population distribution between urban and rural areas, the educational attainment of citizens, the condition and composition of the labour force and employment, migration patterns, and lifestyles that reflect the daily lives of the people of Myanmar and shed light on the country’s future. The statistical data contained in this report reflect the present situation of the nation and serve as a mirror that indicates what conditions may arise in the future, making it a vital reflection of the state of the country.

Reviewing the history of Myanmar’s population census reveals that before independence, eight censuses were conducted between 1872 and 1941. After gaining independence, national population censuses were carried out in 1973, 1983, and 2014, and with the current 2024 census, a total of four national censuses have been conducted since independence. It can be said that a country without reliable data is like a ship sailing without a magnetic compass. Therefore, a census can be regarded as the magnetic compass that guides a nation along its path of development. Moreover, the census serves as one of the fundamental pillars for the administration and development of a country. For planners and policymakers, census data are essential to effectively implement programmes such as improving educational prospects, enhancing healthcare services, creating employment opportunities, and expanding social welfare activities. Hence, census information can be described as the lifeblood of a nation that values reliability and sound planning.

The population census is an extensive and large-scale operation that not only involves

See Page - 19►►

►► From Page - 18

massive workloads but also requires substantial financial resources. However, obtaining accurate and reliable demographic data is essential for assessing the nation's current situation and planning its future development. According to the recommendations of the United Nations and in line with international practices, it is necessary to conduct a population census every ten years. Therefore, despite various difficulties and challenges, efforts were made to ensure that the census was conducted without fail.

After the population census was conducted in October 2024, a preliminary population report was released on 31 December 2024, to provide basic data that could be immediately utilized for national planning purposes. Today, the Union Report — the main census report containing analyzed data and statistical indicators — along with a summary report and data tables designed for easy reference by users, will be officially released. These reports include information on population characteristics, migration, education, the labour force, disability, housing conditions, as well as births and deaths. The findings are expected to bring many benefits to the country and will also serve as valuable data for national security, rule of law, and poverty reduction programmes.

Furthermore, the population figures from the current census are also contributing to ensuring the completeness and accuracy of the voter lists, which form the essential foundation for the successful holding of the upcoming multi-party democratic general election to be held on 28 December. By identifying the population according to educational attainment, occupation, and living conditions through the census, the data will provide a basis for formulating and implementing relevant policies and programmes. It will also help in planning and developing the required labour force through appropriate training. In addition, the census data will serve as a fundamental reference for estimating annual enrolment projections for universities and vocational institutions based on labour demands from public, private, and local and foreign investment enterprises. It will also enable the planning and organization of necessary skill enhancement and capacity-building training programmes for workers who need to improve or upgrade their professional competencies in the current job market.

Furthermore, by connecting data on education and the labor force, and subsequently expanding the opening of vocational training schools, they can both cultivate a skilled labor force and create employment opportunities. Similarly, this approach will provide necessary data for carrying out matters related to social security, elderly care, and the registration and support of people with disabilities.

He stated that the completeness of a nation's demographic statistics indirectly indicates its development, the quality of its governance, and its political stability, and that the census provides the essential data needed as a foundation for the proportionate development of the country's social, economic, and administrative sectors. Furthermore, he emphasized that only the census can supply data down to the smallest administrative area.

He stated that the findings of the census simultaneously indicate the nation's opportunities and the responsibilities that must be addressed, noting that despite Myanmar's geopolitical importance, its population density is significantly lower than that of neighboring countries. The 2024 census data revealed that the nation's population has slightly decreased for the first time in decades. He regarded this as both a challenge and an opportunity, attributing the change to a declining birth rate, increased migration, and evolving family structures.

He remarked that international migration is contingent upon the country's socio-economic conditions, political stability, domestic job opportunities, and the economic development of neighboring countries, necessitating the formulation and implementation of plans to manage it with a focus on long-term national development. Although emigration among Myanmar's youth is high, he stated that the past high birth rate has resulted in a continued large number of working-age young people, indicating that the country is still experiencing a "Demographic Bonus." Therefore, he stressed the importance of managing these young people to ensure they are effectively and beneficially engaged in national development efforts before the period of the demographic bonus ends.

In most countries in the world, youths are cultivated and when opportunities and hopes are created for them, it can be seen that they have become a driving force for the development of the country. By investing in youths, the country will be able to grasp the benefits of the future population reward. If they are neglected, stability will decrease with the demographic burden and in the worst-case scenario, this may lead to the demographic disaster.

Therefore, population policies that are aligned with the country must be adopted and measures must be taken by taking a future generation into consideration so that the country has an appropriate population that is suitable for land resources, water resources and natural resources. It is impossible to get clean water immediately after you have dug a well.

As the population and household census 2024 was successfully conducted by relying on domestic forces without any foreign assistance, it is an achievement of a national process that the country can be proud of. Today's ceremony to release the union population census report amounts to an achievement and a historical landmark in the world, which is made possible through the concerted efforts of citizens.

As I said before, it is important to use the population census report 2024 beneficially as a roadmap for the development of the country. Efforts must be made for the socioeconomic development by analyzing the data in the report. In doing so, everyone is urged to create opportunities and hopes by taking measures for higher qualifications of youths, to conduct strong occupational trainings by adjusting education and labour market demands, to try to prepare our workforces for the technology-driven future, to help establish social protection systems for the elderly, the disable and vulnerable groups, to manage migration beneficially by creating sustainable high-quality jobs in the country, to administer the beneficial utilization of land, water and natural resources in line with the demographic composition of the country and to enhance education standards by regarding all children in classrooms of today as intellectuals and intelligentsia who will shoulder and shape the future of the country.

In conclusion, the Senior General announced that the population and household census 2024 was proudly released to enable policy makers and planners can use the census results beneficially.

Then, Chairman of the census commission Union Minister for Immigration and Population U Myint Kyaing made a brief reports on results of the population census and a documentary video depicting the process of conducting a population census titled "2024 Population Census that Reflects the Image of Myanmar," was screened.

Afterward, Myawady Band and dance troupes under the command of the Directorate of Public Relations and Psychological Warfare entertained the participants with a song titled "Moving Forward to Achieve Our Goals in the Interests of the Country," while dance troupes from Myanmar Radio and Television of the Ministry of Information and Fine Arts Department of the Ministry of Religious Affairs and Culture performed "Let Us Enjoy Peace, Golden Land Myanmar" song and "Auspicious Victory" song respectively.

Then, the Senior General posed for documentary photographs together with attendees.

Afterward, the Senior General and attendees observed the exhibits displayed in exhibition booths marking the release of the Population and Household Census 2024 report attentively.

**100**

# Kalay District to grow more than 15,000 acres of green gram this winter

KALAY October 27

According to Kalay District Agriculture Departmet, local farmers wil grow 15,650 acres of green gram as cold season crops in Kalay District of Sagaing Region this year.

In 2025-2026 cold season, local authorities earmarked 13,660 acres of green gram in Kalay Township, 600 acres in Kalewa Township, and 1,390 acres in Mingin Township, totalling 15,650 acres.

During this year's winter crop season, more than 15,000 acres of green gram are planned for cultivation in Kalay District. Efforts will be made to ensure the full targeted acreage is cultivated. Green gram cultivation has been increasing year by year. To expand cultivation, awareness programs will be conducted, including guidance on using quality and pure seeds to achieve better yields, according to U Aung, Head of the Kalay District Agriculture Department.

This year, the respective Township Agriculture Departments in Kalay District will provide farmers with awareness programs on the use of suitable and pure seed varieties, correct cultivation practices, pest prevention, systematic use of fertilizers, and methods for achieving good yields.

It is also learned that during this year's monsoon crop season, in the cultivation of various pulses, the Agriculture Department has been cooperating with farmers by providing quality seeds, necessary inputs, and post-harvest technologies to ensure good yield and quality of pulse crops. **SK**



# Putin Hosts North Korean Foreign Minister Choi Son Hui in Kremlin

MOSCOW October 27

The relations between Russia and North Korea are developing according to plan, Russian President Vladimir Putin said on Monday.

"In Beijing, we talked in detail about our relations and develop-ment prospects. Everything is going according to plan," Putin said at the meeting.

Putin also conveyed his best wishes to Kim Jong-un at the talks.

In early September, North Korean leader Kim Jong-un went to China on an official visit to attend the celebrations marking the 80th Anniversary of the victory over Japanese militarism and the end of World War II.On September 3, Kim, Russian President Vladimir Putin and Chinese leader Xi Jinping attended a military parade in Beijing's Tiananmen Square. Kim also held bilateral talks with Putin and Xi.

**Sputnik**

# At least 13 killed in head-on collision in northeast Argentina

BUENOS AIRES October 27

At least 13 people were killed on Sunday when a double-decker passenger bus collided head-on with a compact car in Argentina's northeastern province of Misiones, local media reported, citing authorities.

According to the Misiones government, the accident occurred around 4:30 a.m. local time on a bridge amid thick fog, and the bus carrying passengers from the city of Obera to Puerto Iguazu fell into a stream below due to the impact of the collision.

"The accident, which occurred early this morning, took place on National Route 14, at kilometer 892, when a bus belonging to the Sol del Norte company, which was carrying around 50 passengers from Obera, collided head-on with a car traveling in the opposite direction," the Misiones government said in a statement.

According to Hector Gonzalez, minister of health in Misiones, around 30 people had to be admitted to the hospital and several were already discharged.

**Xinhua**

# India and China resume direct flights

NEW DELHI October 27

Direct flights between China and India officially resumed on Sunday after a hiatus of five years. Following years of tense ties, the two neighbors first announced that air connection would be restored at the meeting of Prime Minister Narendra Modi and President Xi Jinping at the BRICS summit in Kazan last October.




The first flight, an A320 Neo operated by Indian private carrier IndiGo, departed from Kolkata to Guangzhou carrying 176 passengers. A ceremony at the airport marked the occasion, with one passenger lighting a ceremonial lamp symbolizing the spirit of renewed friendship and cooperation between India and China.

"My flight was going to Hong Kong. I had to cancel that, and now it's going directly from Kolkata to Guangzhou. So it's a very good opportunity here, and I hope it will start directly from Delhi too," said Abdul, a businessman who frequently travels to China.

Yu Jing, spokesperson for the Chinese Embassy in India, hailed the development in a post on X. She added that the Shanghai-New Delhi route is set to launch on November 9, with three weekly flights.

Direct flights between India and China were suspended at the onset of the COVID-19 pandemic in 2020. A border clash in June of that year further strained relations.

In July 2025, India resumed issuing tourist visas to Chinese citizens after a five-year pause. Later, Modi visited China for the first time since 2018, where he met Xi at the Shanghai Cooperation Organization (SCO) summit. Modi remarked at the time: "Our relationship has taken a positive direction. There is peace and stability on the borders."

Xu Feihong, Chinese Ambassador to India, posted on Sunday that India's exports to China surged about 22 percent in the first half of 2025-2026, compared to the first half of fiscal year 2025. "China welcomes more premium Indian goods in its market and stands ready to help offset the impact of US tariffs on India's trade," the envoy wrote.

In addition to resuming direct flights, the two countries have agreed on measures to improve border management and reopen cross-border trade.

**RT**

# Louvre heist was 'inside job' – Telegraph

PARIS October 27

French detectives investigating the robbery of the Louvre Museum have uncovered evidence pointing to an inside job, The Telegraph reported on Saturday, citing sources close to the investigation.

Last week, four masked men with a chainsaw broke into the iconic Paris museum, making off with eight pieces of France's crown jewels worth about US$-102 million.

According to The Telegraph, investigators discovered messages and recordings showing that the museum's employees had been in contact with suspected gang members before the raid.

"We have found digital forensic evidence that shows there was cooperation with one of the museum's security guards and the thieves," a source told the paper.

"Sensitive information was passed on about the museum's security, which is how they were aware of the breach."

The burglars are believed to have used a crane to reach a balcony and smash a window of the Galerie d'Apollon, which was open to visitors at the time. The entire operation lasted just seven minutes, with the robbers escaping down the furniture elevator before speeding away on motorbikes.

Investigators have collected more than 150 DNA samples from helmets, gloves, and tools left at the scene.

Louvre director Laurence des Cars told a French Senate committee that a camera near the break-in site was "pointing in the wrong direction," describing the theft as a "terrible failure."



The museum has since transferred several of its most valuable jewels to the Bank of France for safekeeping.

On Sunday, two suspects were reportedly arrested near Paris, one of them at Charles de Gaulle Airport as he attempted to board a flight to Algeria. An AP source said those detained were men in their 30s, adding that one of them was identified thr-ough DNA traces.

Paris prosecutor Laure Beccuau confirmed the arrests but condemned the media leaks, saying they could "hinder the efforts of the 100 investigators mobilized."

There was no indication on Sunday that any of France's stolen crown jewels have been recovered.

French Interior Minister Laurent Nunez congratulated the police on their progress, adding that the investigation must continue "in accordance with judicial secrecy."

**RT**

# KIA terrorist insurgents and PDF terrorist insurgents, subordinate of NUG, burned down departmental buildings, public homes in Banmauk

NAY PYI TAW October 27

Beginning early November 2023, KIA terrorist insurgents and PDF terrorist insurgents, subordinate of NUG, were launching surprise attacks on units/posts of the Tatmadaw that were shouldering security duties, taking positions in some towns and villages including Htigyaint, Kawlin, Pinlebu towns and Marathein Village, and committing terrorist acts using schools, village monasteries and pagodas as their base. Moreover, they were also abducting and killing locals for no reason, collecting extortion money and blowing up public roads and bridges to out fear in the minds of locals. In this regard, Tatmadaw columns had to launch counterterrorism operations and conducted security duties.



Photo shows KIA terrorist insurgents and PDF terrorist insurgents, subordinate of NUG, burning down departmental buildings and public homes in Banmauk.

In addition, KIA terrorist insurgents and PDF terrorist insurgents, subordinate of NUG, attacked members of the town security force in Banmauk on 20 September 2025. As the terrorist insurgents were committing terrorist acts in various forms including abduction of the locals who did not support them and forced recruitments, Tatmadaw columns were making attempts to retake Banmauk, under the brief control of terrorist insurgents, and taking other necessary measures for restoring security and territorial domination.

The Tatmadaw columns were systematically conducting area security activities to retake Banmauk with the participation of local people, and when they reached the place about 2000 meters west and northwest of Banmauk on 26 October, they saw KIA terrorist insurgents and PDF terrorist insurgents, subordinate of NUG, burning down public homes, departmental buildings.

In order to extinguish the burning buildings in Bamauk at the earliest time, to prevent the fire from spreading to other buildings and to stop terrorist acts, Tatmadaw columns were exerting best efforts to totally wipe out the terrorist insurgents they were encountering at the earliest time.

**100**

## Kawlin Township plans to grow more than 6,000 acres of vegetables this year

KAWLIN October 27

Statistics of Kawlin District Agriculture Department mentioned that local authorities have set plans to grow 6,152 acres of vegetables as cold season crops in Kawlin District of Sagaing Region.

In the 2025-2026 winter crop season, local authorities earmarked cultivation of 1,705 acres of vegetables in Kawlin Township, 3,145 acres in Wuntho Township, and 1,302 acres in Pinlebu Township, totalling 6,152 acres.

"In this year's winter crop season, more than 6,000 acres of vegetables are planned for cultivation in Kawlin District. Efforts will be made to fully meet the planned acreage. The crops include roselle, chili, onion, potato, cauliflower, eggplant, and cabbage. Farmers are being provided with technical support to cultivate all vegetables under the GAP (Good Agricultural Practices) system. They are also being guided to grow vegetables with minimal chemical residues and in ways that are safe for health," said U Win Thein, Head of the Department of Agriculture in Kawlin District.

It is learned that this year in Kawlin District, the respective township Departments of Agriculture are providing training courses for farmers to grow vegetables under the GAP system, along with technical guidance to ensure that vegetables from the fields are safe and healthy. Assistance is also being given for farmers to expand vegetable cultivation.

In Kawlin District, seasonal vegetables are grown every year, and it is reported that the vegetables being cultivated have been thriving successfully, providing income for families. The township departments of agriculture are giving awareness to vegetable farmers on correct cultivation methods, pest-free practices, and the use of natural fertilizers, organic pesticides, and bio-pesticides.

**SMK**

## Taze Township grows over 36,000 acres of rainfed paddy this year

TAZE October 27

According to YeU District Agriculture Department of Sagaing Region, local farmers have planted 36,819 acres of rainfed paddy in Taze Township this year.

Local authorities earmarked cultivation of 93,347 acres of rainfed paddy in the township in 2025-2026 monsoon season cultivation period but farmers have so far planted 36,819 acres of crops against the target cultivation.

"This monsoon crop season, over 90,000 acres of rainfed paddy are planned for cultivation in Taze Township. So far, more than 36,000 acres have already been cultivated. Efforts are being made to meet the target acreage. For rainfed paddy cultivation, we will provide the necessary technologies and quality seeds. We are also conducting field visits to help farmers grow monsoon paddy on time," said U Zaw Myint Tun, Head of the Department of Agriculture in YeU District.

It is learned that during this year's monsoon crop season, the relevant Township Department of Agriculture, in cooperation with local farmers, is working to ensure systematic and smooth cultivation of rainfed paddy without difficulties.

In Taze Township, farmers cultivating rainfed paddy are being provided with agricultural techniques, awareness programs for pest prevention, and guidance to minimize crop damage and losses, as well as timely post-harvest storage of paddy under cover.


This year, to ensure success and good yields in the cultivated rainfed paddy fields in Taze Township, the Township Department of Agriculture and its staff are conducting field activities, including the use of quality and pure seeds, pest control, weeding and thinning, removal of mixed varieties, and systematic use of fertilizers.

**SK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

## မှိုများက ဒစ်ဂျစ်တယ်ဒေတာများကို သိမ်းဆည်းနိုင်စွမ်းရှိဟုဆို



မှိုတွေဆိုတာ သူမတူတဲ့ခံနိုင်ရည်နဲ့စွမ်းရည်များရှိတယ်လို့ ပညာရှင်အများအပြားက အသိအမှတ်ပြုထားကြပါတယ်။ သူတို့ရဲ့စွမ်းရည်တွေကြောင့်ပဲ မှိုများဟာလက်ရှိခေတ်စားနေတဲ့ ဇီဝအီလက်ထရွန်နစ်နစ်အတွက် ပြီးပြည့်စုံတဲ့နမူနာပစ္စည်းတွေဖြစ်လာရပါတယ်။ ဇီဝအီလက်ထရွန်နစ်နစ်ဆိုတာ မျိုးဆက်သစ်တွက်ချက်မှုဆိုင်ရာနည်းပညာအတွက် အရေးပါတဲ့အရာပါ။ မှိုများကြောင့် နည်းပညာနယ်ပယ်မှာစိတ်လှုပ်ရှားဖွယ်ရာကောင်းတဲ့ အခြေခံကုန်ကြမ်းပစ္စည်းများအပြင် ထွက်ပေါ်လာနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတာကို သုတေသနပညာရှင်များရဲ့ တွေ့ရှိချက်အရပြောရရင် မှိုများကဒစ်ဂျစ်တယ်ဒေတာများကို သိမ်းဆည်းနိုင်စွမ်းရှိတဲ့အတွက်ကြောင့်ဖြစ်ပါတယ်။

အိုဟိုင်းယိုးတက္ကသိုလ်မှ သုတေသနပညာရှင်များက ရှီတာကီမှိုများကဲ့သို့ စားသုံးလို့ရတဲ့မှိုများကို သဘာဝမန်ရစ္စတာများဖြစ်လာစေဖို့ ပျိုးထောင်လေ့ကျင့်ပေးနိုင်တယ်လို့ တွေ့ရှိထားတာပါ။ မန်ရစ္စတာဆိုတာ ပြီးခဲ့တဲ့လျှပ်စစ်စီးကြောင်းအခြေအနေများကို မှတ်သားထားနိုင်စွမ်းရှိတဲ့ဒေတာပရိဆက်ဆာတစ်မျိုးဖြစ်ပါတယ်။ ဒါဟာအနာဂတ်နည်းပညာကို အလုည့်အပြောင်းဖြစ်စေမှာပါ။ **Ref: PO**

**ကိုထက်**

## စွမ်းအင်သုံးစွဲမှုကို ၉၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်မယ့် AI ဆာဗာ

လက်ရှိဒစ်ဂျစ်တယ်နည်းပညာခေတ်ကြီးမှာ အချက်အလက်များကိုသိုလှောင်၊ သိမ်းဆည်း၊ တွက်ချက်၊ ပြန်ထုတ်ပေးဖို့အတွက် ဆာဗာများက အင်မတန်အရေးကြီးပါတယ်။ သူတို့ရဲ့လုပ်ဆောင်နိုင်စွမ်းက အရေးပါသကဲ့သို့ သူတို့အလုပ်လုပ်နိုင်ဖို့အတွက် အသုံးပြုရတဲ့လျှပ်စစ်စွမ်းအင်ကလည်း အလွန်များပြားပါတယ်။ အဲဒီလိုအသုံးပြုရတဲ့အထဲမှာ သူတို့ကိုအအေးပေးမယ့်စနစ်များလည်းပါဝင်ပါတယ်။ ဒီအချိန်မှာ တရုတ်နိုင်ငံမှပညာရှင်များက AI နည်းပညာအသုံးပြုထားတဲ့ ဆာဗာတစ်မျိုးကို ထုတ်ဖော်ပြသလိုက်ပါတယ်။

ကွမ်တုံပြည်နယ်ရှိဥဏာသိပ္ပံနှင့်နည်းပညာတက္ကသိုလ်မှ သုတေသနပညာရှင်များက BIE-1 အမည်ရှိ စွမ်းဆောင်ရည်မြင့် AI ဆာဗာကို ထုတ်ဖော်ပြသလိုက်တာဖြစ်ပါတယ်။ ပုံမှန်အားဖြင့်ဆိုရင် စွမ်းရည်မြင့်မားတဲ့ဆာဗာတွေက အရွယ်အစားအားဖြင့်လည်း ကြီးမားပါတယ်။

ဒါပေမဲ့ အခုဆာဗာက ရေခဲသေတ္တာအရွယ်အစားမျှသာရှိပါတယ်။ ဒီလောက်အရွယ်အစားသာရှိပေမယ့်လည်း သူ့ရဲ့စွမ်းဆောင်ရည်က ပုံမှန်ဆာဗာကြီးတွေ၊ စွမ်းဆောင်ရည်မြင့်ကွန်ပျူတာကြီးတွေလိုမျိုးအပြည့်အဝစွမ်းဆောင်နိုင်ပါတယ်။ သူ့ရဲ့အထင်ရှားဆုံးအချက်ကတော့ သမားရိုးကျဆာဗာတွေနဲ့နှိုင်းယှဉ်ရင် စွမ်းအင်အသုံးပြုမှုပမာဏကို ၉၀ ရာခိုင်နှုန်းအထိလျှော့ချနိုင်စွမ်းရှိတာဖြစ်တယ်လို့ ပညာရှင်များက ပြောထားပါတယ်။ **Ref: IE**

**ကိုထက်**



## အမေရိကန်က ပင်လယ်ပြင်လွှမ်းမိုးမှုပြန်ရဖို့အသုံးပြုလာနိုင်တဲ့ ရွှေရောင်ရေယာဉ်စု



အမေရိကန်နိုင်ငံက သူတို့ရဲ့စစ်ရေယာဉ်များကို အဆင့်မြှင့်တင်ပြီး ပင်လယ်ပြင်မှာလွှမ်းမိုးမှုပြန်လည်ရရှိဖို့အတွက် ကြိုးပမ်းလို့နေပါတယ်။ ဒီလိုကြိုးပမ်းတဲ့နေရာမှာ ရွှေရောင်ရေယာဉ်စုလို့တင်စားခေါ်ဝေါ်ရတဲ့ မျိုးဆက်သစ်စစ်ရေယာဉ်များကိုအသုံးပြုသွားမယ်လို့ဆိုပါတယ်။ တကယ်တော့ ဒီအစီအစဉ်က အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ရဲ့ စစ်ဘက်အဆင့်မြှင့်တင်ရေးအစီအစဉ်ရဲ့ တစ်စိတ်တစ်ပိုင်းဖြစ်ပါတယ်။

လက်ရှိအချိန်မှာ ရွှေရောင်ရေယာဉ်စုကိုအကောင်အထည်ဖော်မယ့်အစီအစဉ်က တရားဝင်မဖြစ်သေးပါဘူး။ ဒါပေမဲ့ ဒီရေယာဉ်စုမှာပါဝင်လာမယ့် မျိုးဆက်သစ်စစ်ရေယာဉ်များက အရွယ်အစားအားဖြင့်ကြီးမားရမယ်။ ခရီးဝေးကိုလည်းပိုမိုသွားလာနိုင်ရမယ်။ ဒုံးကျည်တင်ရေယာဉ်များလည်းဖြစ်ရမယ့်အပြင် ထောက်ပံ့ရေးအတွက် အသေးစားမောင်းသူမဲ့ရေယာဉ်များ ဒါမှမဟုတ် ကော်ဗက်ကဲ့သို့ရေယာဉ်များကို ထုတ်လုပ်သွားဖို့စီစဉ်နေတာဖြစ်ပါတယ်။

လက်ရှိမှာတော့ အမေရိကန်ရေတပ်ကို ပြန်လည်အဆင့်မြှင့်တင်မှုအတွက် တစ်စိတ်တစ်ပိုင်းဖြစ်တဲ့ ရွှေရောင်ရေယာဉ်စုဆိုတာက မျိုးဆက်သစ်ရေတပ်အင်အားစုကြီးဖြစ်လာစေမယ့် အစောဆုံးစိတ်ကူးအဆင့်သာရှိပါသေးတယ်။ **Ref: IE**

**ကိုထက်**

## RAM ပမာဏ 12GB အထိပါဝင်လာဖို့ရှိနေတဲ့ Apple ရဲ့ iPhone 18 ရိုးရိုး



ဈေးကွက်အနေအထားအရကြည့်ရင် Apple နဲ့ Samsung တို့က ပြိုင်ဘက်တွေလို့ထင်ရပေမယ့် နည်းပညာပိုင်းဆိုင်ရာမှာတော့ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီသာဖြစ်ပါတယ်။ Apple က iPhone တွေမှာသုံးတဲ့ RAM တွေဆိုရင် Samsung ကနေမှာယူတာဖြစ်ပါတယ်။ အခုထွက်ပေါ်လာနေတဲ့သတင်းအရဆိုရင် Apple က Samsung ကနေ LPDDR5X RAM တွေကို တိုးမြှင့်မှာယူထားတယ်လို့သိရပါတယ်။

LPDDR5X RAM ဆိုတာ 12GB နဲ့ 16GB တို့နဲ့သာတွဲဖက်အသုံးပြုရတာပါ။ ဒါကြောင့် Apple ရဲ့ iPhone 18 ရိုးရိုးတွေမှာ RAM ပမာဏ 12GB အထိပါဝင်လာဖို့ရှိနေတယ်လို့ဆိုပါတယ်။

Apple ကုမ္ပဏီက ကမ္ဘာကျော် iPhone တွေကိုထုတ်လုပ်ရာမှာ ရိုးရိုး၊ Pro၊ Pro Max ဆိုပြီး အတန်းအစားခွဲပြီးထုတ်လုပ်လေ့ရှိပါတယ်။ သူတို့ပေးတဲ့အမြင့်ဆုံးစွမ်းဆောင်ရည်ကိုလိုချင်ရင် Pro Max ကိုသုံးရမှာပါ။ ဒီနှစ်ထုတ်လုပ်ထားတဲ့ iPhone 17 မှာဆိုရင် RAM ပမာဏအနေနဲ့ 8GB သာအသုံးပြုပေးထားတာပါ။ Pro တို့၊ Pro Max တို့မှာဆိုရင် RAM ကို 12GB အထိတိုးမြှင့်အသုံးပြုပေးထားတာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

## EV ဘက်ထရီများက တာရှည်ခံတဲ့စွမ်းဆောင်ရည်ရှိဟု သုတေသနများကထုတ်ပြန်



လျှပ်စစ်စွမ်းအင်သုံးယာဉ်(EV)များက ဈေးကွက်ထဲကို စတင်ဝင်ရောက်လာချိန်တုန်းကဆိုရင် EV ကားတွေရဲ့ဘက်ထရီတွေက ငါးနှစ်ပြည့်ရင်လွှင့်ပစ်လိုက်ရမှာပါ။ ထင်ထားသလောက်လည်း အသုံးမဝင်ပါဘူးဆိုပြီး ပြောခဲ့ကြတာရှိပါတယ်။ လက်ရှိအချိန်မှာတော့ နိုင်ငံတကာမှာ EV တွေကိုအသုံးပြုတာ အချိန်အားဖြင့်အတိုင်းအတာတစ်ခုကိုရောက်လာပါပြီ။ လေ့လာသူများကလည်း ဒီအချိန်အထိရောက်အောင်စောင့်နေကြပါတယ်။ အကြောင်းရင်းကတော့ EV ဘက်ထရီတွေရဲ့စွမ်းဆောင်ရည်ကိုသိရှိတိုင်းတာနိုင်ဖို့ပါ။

ဆွီဒင်နိုင်ငံကထုတ်ပြန်တဲ့ သုတေသနတစ်ခုမှာဆိုရင် EV ဘက်ထရီများက အချိန်အတိုင်းအတာတစ်ခုအထိ အသုံးပြုပြီးတဲ့တိုင်အောင် တာရှည်ခံတဲ့စွမ်းဆောင်ရည်ရှိပြီး လျှပ်စစ်စွမ်းအင်သိုလှောင်နိုင်မှုပမာဏက ၉၀ ရာခိုင်နှုန်းအထက်ရှိနေဆဲဖြစ်တယ်လို့ဆိုပါတယ်။ ဗြိတိန်နိုင်ငံမှကားကုမ္ပဏီတစ်ခုရဲ့ထုတ်ပြန်ချက်မှာလည်း တချို့ EV တွေက ကီလိုမီတာ ၁၅၀၀၀၀ နီးပါးသွားပြီးသည့်တိုင် ဘက်ထရီစွမ်းအင်သိုလှောင်နိုင်မှုက ၉၀ ရာခိုင်နှုန်းအထက်ရှိနေဆဲဖြစ်တယ်လို့ ဖော်ပြထားတာတွေ့ရှိရပါတယ်။ **Ref: IE**

**ကိုထက်**

# အမေရိကန်တိုက်လေယာဉ်တစ်စင်းနှင့် ရဟတ်ယာဉ်တစ်စင်းတို့ တောင်တရုတ်ပင်လယ်အတွင်း မိနစ် ၃၀ ခြားပြီး ပျက်ကျ



ဝါရှင်တန်၊ မတော်တဆမှု

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က အာရှဒေသသို့ရောက်ရှိနေစဉ် အမေရိကန်တပ်မတော်မှ တိုက်လေယာဉ်တစ်စင်းနှင့် ရဟတ်ယာဉ်တစ်စင်းသည် တောင်တရုတ်ပင်လယ်အတွင်း မိနစ် ၃၀ ခြားပြီးပျက်ကျမှုဖြစ်ပွားကြောင်း သိရသည်။

တောင်တရုတ်ပင်လယ်အတွင်းရှိ USS Nimitz လေယာဉ်တင်သင်္ဘောပေါ်၌ တာဝန်ထမ်းဆောင်နေသော Sea Hawk ရဟတ်ယာဉ်တစ်စင်းသည် ပုံမှန်လုပ်ငန်းများဆောင်ရွက်နေစဉ် အောက်တိုဘာလ ၂၆ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင်ပျက်ကျကြောင်း အမေရိကန်ရေတပ်က လူမှုကွန်ရက်၌တင်ထားသည်။

အလားတူ ထိုလေယာဉ်တင်သင်္ဘောမှ F/A-18F Super Hornet တိုက်လေယာဉ်သည် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် ပျက်ကျမှုဖြစ်ပွားကြောင်း၊ ယင်းမတော်တဆမှုများအတွင်း ပါဝင်သူငါးဦးစလုံးမှာ အသက်ဘေးစိုးရိမ်ရခြင်းမရှိကြောင်းနှင့် စုံစမ်းစစ်ဆေးမှုများကို လုပ်ဆောင်နေကြောင်း အမေရိကန်ရေတပ်က အောက်တိုဘာလ ၂၇ ရက်တွင် လူမှုကွန်ရက်၌တင်ထားသည်။

ယင်းလေယာဉ်တင်သင်္ဘောဦးဆောင်သော တိုက်ခိုက်ရေးအုပ်သည် အမေရိကန်အနောက်ဘက်ကမ်းရိုးတန်းဒေသသို့မပြန်မီ တောင်တရုတ်ပင်လယ်အတွင်း နောက်ဆုံးအကျော့လှည့်ပတ်သွားလာမှုလုပ်စဉ် ယခုကဲ့သို့မတော်တဆမှုများနှင့်ရင်ဆိုင်ရခြင်းဖြစ်ကြောင်း သိရသည်။

Ref: BP

# နှစ်နိုင်ငံကြား သဘောတူညီချက်ရရန် အပြန်အလှန် လိုက်လျှောမည်ဟု တရုတ်မျှော်လင့်

ပေကျင်း၊ နိုင်ငံရေး

အမေရိကန်နှင့်တရုတ်နိုင်ငံတို့ကြား၌ သဘောတူညီချက်ရရှိရန် နှစ်ဖက်စလုံးက အပြန်အလှန်လိုက်လျှောမည်ဟုမျှော်လင့်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးက အမေရိကန်နိုင်ငံခြားရေးဝန်ကြီးနှင့်တယ်လီဖုန်းဆက်ဆွေးနွေးစဉ်ပြောသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီက နှစ်နိုင်ငံခေါင်းဆောင်များကြား တွေ့ဆုံမှုမတိုင်မီ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုနှင့် အောက်တိုဘာလ ၂၇ ရက်တွင် တယ်လီဖုန်းမှတစ်ဆင့်ဆွေးနွေးစဉ် ယခုကဲ့သို့ပြောခြင်းဖြစ်သည်။

တရုတ်သမ္မတရှီကျင့်ဖျင်နှင့် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်တို့က ကာလရှည်ကြာဆက်ဆံရေးရှိပြီး တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစားမှုရှိကြောင်း၊ ခေါင်းဆောင်နှစ်ဦး၏ဆက်ဆံရေးသည် တရုတ်နိုင်ငံက တန်ဖိုးအထားရဆုံးသောအရာတစ်ခုဖြစ်ကြောင်း ဝမ်ယီကပြောသည်။ ရှီကျင့်ဖျင်နှင့်ထရမ့်တို့သည် ယခုသီတင်းပတ်တွင် တောင်ကိုရီးယား၌တွေ့ဆုံမည်ဖြစ်ကြောင်းသိရသည်။

Ref: ST

# ကမ္ဘောဒီးယားနှင့် နယ်စပ်တံခါးကို နိုဝင်ဘာလတွင် ပြန်ဖွင့်မည်မဟုတ်ဟု ထိုင်းဝန်ကြီးချုပ်ပြော

ဘန်ကောက်၊ နိုင်ငံရေး

ထိုင်းနိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံနှင့် နယ်စပ်တံခါးကို နိုဝင်ဘာလတွင် ပြန်ဖွင့်မည်မဟုတ်ကြောင်း ထိုင်းဝန်ကြီးချုပ်က အောက်တိုဘာလ ၂၇ ရက်တွင်ပြောသည်။ လာမည့်လတွင် ထိုင်းနိုင်ငံအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံနှင့် နယ်စပ်တံခါးကို ပြန်ဖွင့်မည်ဟူသော သတင်းများထွက်ပေါ်နေမှုကို ထိုင်းဝန်ကြီးချုပ်က ငြင်းဆိုလိုက်ခြင်းဖြစ်သည်။

နှစ်နိုင်ငံကြားချုပ်ဆိုထားသည့် ပူးတွဲကြေညာချက်ပါ သဘောတူညီချက်အနည်းဆုံးလေးချက်ကို ပြီးမြောက်သည်အထိ အကောင်အထည်ဖော်ပြီးမှသာ နှစ်နိုင်ငံဆက်ဆံရေးပုံမှန်ပြန်ဖြစ်မည်ဖြစ်ကြောင်း ထိုင်းဝန်ကြီးချုပ် အာနူတင်ချန်ဗီရာကူက ပြောသည်။ ထို့ပြင် နယ်စပ်ပြန်ဖွင့်ရေးမှာ ကမ္ဘောဒီးယားအစိုးရ၏ နယ်စပ်အရေးကို ရိုးသားစွာဖြေရှင်းမှုအပေါ် မူတည်ကြောင်း ထိုင်းနိုင်ငံဝန်ကြီးချုပ်ကပြောထားသည်ဟု သိရသည်။

Ref: Xinhua

# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ဂျပန်နိုင်ငံသို့ရောက်ရှိ ဂျပန်ဧကရာဇ်နှင့် တွေ့ဆုံ

တိုကျို၊ ဆက်ဆံရေး

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်သည် ၎င်း၏အာရှဒေသခရီးစဉ်များအနက် ဒုတိယခရီးစဉ်အဖြစ် အောက်တိုဘာလ ၂၇ ရက်တွင် ဂျပန်နိုင်ငံသို့ရောက်ရှိလာကြောင်းနှင့် ဂျပန်ဧကရာဇ်နှင့် တွေ့ဆုံဆွေးနွေးမှုလုပ်ကြောင်းသိရသည်။ ဂျပန်ဧကရာဇ်အနေဖြင့် ၂၀၁၉ ခုနှစ်တွင် ထီးနန်းအရိုက်အရာကိုဆက်ခံပြီးနောက် ပထမဆုံးသော ပြည်ပခေါင်းဆောင်တစ်ဦးနှင့် တွေ့ဆုံမှုအဖြစ် ထရမ့်နှင့်တွေ့ဆုံခြင်းဖြစ်သည်။

ထရမ့်သည် အောက်တိုဘာလ ၂၈ ရက်တွင် ဂျပန်ဝန်ကြီးချုပ်အသစ်ဖြစ်သည့် ဆာနာအီတာကာအီချီနှင့် တွေ့ဆုံကာ နှစ်နိုင်ငံကြားကုန်သွယ်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးမှုလုပ်မည်ဖြစ်သည်။ လက်ရှိတွင် ဂျပန်က အမေရိကန်နိုင်ငံ၌ ဒေါ်လာဘီလီယံ ၅၅၀ တန်ဖိုးရှိ ရင်းနှီးမြှုပ်နှံမှုလုပ်မည်ဟု ကတိပြုထားကြောင်း သိရသည်။

Ref: ST

# ဆိုင်ကလုန်းမုန်တိုင်းမွန်ထာကြောင့် အိန္ဒိယ၌ လူဦးရေ ၅၀၀၀၀ ကျော် ဘေးကင်းရာရွှေ့ပြောင်း



နယူးဒေလီ၊ သဘာဝဘေး

ဘင်္ဂလားပင်လယ်အော်အတွင်း ပိုမိုအားကောင်းလာလျက်ရှိသည့်ဆိုင်ကလုန်းမုန်တိုင်းမွန်ထာအနေဖြင့် ကုန်းတွင်းပိုင်းသို့မဝင်ရောက်မီ အိန္ဒိယတာဝန်ရှိသူများက ဒေသခံပြည်သူ ၅၀၀၀၀ ကျော်ကို ဘေးကင်းရာနေရာများသို့ ရွှေ့ပြောင်းနေရာချထားမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ဆိုင်ကလုန်းမုန်တိုင်းသည် အောက်တိုဘာလ ၂၈ ရက်တွင် အလွန်အားကောင်းသောမုန်တိုင်းအဖြစ်သို့ရောက်ရှိလာပြီး ယင်းနေ့နှောင်းပိုင်းတွင် နိုင်ငံတောင်ပိုင်းရှိ အန်ဒရာပရာဒေ့ရှ်ပြည်နယ်ကို ဖြတ်ကျော်ဝင်ရောက်နိုင်ခြေရှိကြောင်း အိန္ဒိယမိုးလေဝသဌာနကထုတ်ပြန်ထားသည်။

ထို့ကြောင့် မုန်တိုင်းဖြတ်ကျော်နိုင်သည့် အန်ဒရာပရာဒေ့ရှ်ပြည်နယ်နှင့် နိုင်ငံအရှေ့ပိုင်းအိုဒစ်ရှာပြည်နယ်တို့ရှိ စာသင်ကျောင်းများကိုနှစ်ရက်ပိတ်ထားရန်နှင့် အရေးပေါ်ကယ်ဆယ်ရေးဝန်ထမ်းများကို အသင့်စုဖွဲ့ထားရန် တာဝန်ရှိသူများက အောက်တိုဘာလ ၂၇ ရက်တွင်ညွှန်ကြားထားသည်။

ဧပြီလနှင့် ဒီဇင်ဘာလအတွင်း အိန္ဒိယနိုင်ငံအရှေ့ပိုင်းကမ်းရိုးတန်းသို့ မုန်တိုင်းများဝင်ရောက်လေ့ရှိသည်။ ၁၉၉၉ ခုနှစ်တွင်ဝင်ရောက်သော အလွန်အင်အားပြင်းမုန်တိုင်းသည် နိုင်ငံ၏လူသေဆုံးမှုအများဆုံးသောမုန်တိုင်းအဖြစ် စာရင်းဝင်နေဆဲဖြစ်ပြီး ယင်းဖြစ်စဉ်တွင်လူ ၁၀၀၀၀ နီးပါး သေဆုံးထားသည်။

Ref: ST

# ရုရှားသမ္မတဗလာဒီမာပူတင်က မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးကို လက်ခံတွေ့ဆုံ

မော်စကို၊ ဆက်ဆံရေး

ရုရှားသမ္မတဗလာဒီမာပူတင်က နိုင်ငံသို့ချစ်ကြည်ရေးခရီးရောက်ရှိလာသည့် မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးကို အောက်တိုဘာလ ၂၇ ရက်တွင် လက်ခံတွေ့ဆုံကြောင်းသိရသည်။

ထိုသို့တွေ့ဆုံစဉ် ရုရှားနိုင်ငံနှင့်မြောက်ကိုရီးယားနိုင်ငံတို့ကြားဆက်ဆံရေးသည် အစီအစဉ်အတိုင်း တိုးတက်ဖွံ့ဖြိုးလာနေကြောင်း ရုရှားသမ္မတဗလာဒီမာပူတင်က ပြောသည်။

"ပေကျင်းမှာတုန်းက မိမိတို့ရဲ့ဆက်ဆံရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုအလားအလာများနဲ့ပတ်သက်ပြီး အသေးစိတ်ဆွေးနွေးခဲ့ကြပါတယ်။ အခုတော့အရာအားလုံးက စီစဉ်ထားတဲ့အတိုင်းဖြစ်လာနေပါတယ်" ဟု ပူတင်ကပြောခြင်းဖြစ်သည်။

ထို့ပြင် ရုရှား၏နယ်မြေဒေသတစ်ခု လွတ်မြောက်စေရေးအတွက် ခု(စ်)ဒေသ၌ တိုက်ပွဲဝင်ခဲ့သည့် မြောက်ကိုရီးယားတပ်မတော်မှ အရာရှိ စစ်သည်များ၏စွန့်လွှတ်စွန့်စားမှုများကို ရုရှားနိုင်ငံကမေ့ပျောက်မည်မဟုတ်ကြောင်း၊ မြောက်ကိုရီးယား၏ ထိုကဲ့သို့ကူညီပေးမှုကြောင့်ပင် နှစ်နိုင်ငံကြားဆက်ဆံရေးက ပိုမိုခိုင်မာလာရခြင်းဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဆာဂျီလက်ရော့က မြောက်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ချွဲဆွန်းဟီနှင့်တွေ့ဆုံစဉ် ပြောသည်ဟုသိရသည်။

Ref: Sputnik



# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၄)သင်တန်းဖွင့်လှစ်

ရန်ကုန် အောက်တိုဘာ ၂၇

အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ်(၁၄)၏ သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) ရတနာသိဃ်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးစိုးတင့်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)မှပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြား / စီမံဌာနများမှ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင်က ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် နိုင်ငံ့ဝန်ထမ်းများကို လေ့ကျင့်ပေးရာတွင် သမိုင်းကြောင်းအတွေ့အကြုံပေါ်မူတည်ပြီး **“ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်”** ဆိုသည့်ဆောင်ပုဒ်နှင့်အညီ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် ခေါင်းဆောင်မှုသဘောတရားများကို သိရှိနားလည်စေရေးတို့အတွက် ဦးတည်လေ့ကျင့်ပေးလျက်ရှိကြောင်း ပြောကြားသည်။

အလယ်အလတ်အဆင့် အရာထမ်းသင်တန်းအမှတ်စဉ်(၁၄)ကို အောက်တိုဘာလ ၂၇ ရက်မှ ၂၀၂၆ ခုနှစ် မတ်လ ၁၈ ရက်ထိ သင်တန်းသား ၄၇ ဦး၊ သင်တန်းသူ ၄၄ ဦး စုစုပေါင်း ၉၁ ဦးဖြင့် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ မြဝတီ

# ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိ

နေပြည်တော် အောက်တိုဘာ ၂၇

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၁၉-၁၀-၂၀၂၅ ရက် ည ၈ နာရီမှ ၂၆-၁၀-၂၀၂၅ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၂၁ ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ်မတွေ့ရှိရပါ။** အစီရင်ခံကာလအတွင်း ပြင်းထန်လူနာ၊ အထူးကြပ်မတ်ကုသပေးသောလူနာနှင့် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးလူနာမရှိပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာ အခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

# ဆောင်းရာသီကာလ (၂၀၂၅ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအထိ)အတွက် ယေဘုယျ မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၂၇

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း (၅)ကြိမ်ဖြစ်ပေါ်နိုင်ပြီး (၃)ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေ**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး ကချင်ပြည်နယ်တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ဆောင်းရာသီကာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်နှင့်အထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဆောင်းရာသီကာလ ပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

**မြူအခြေအနေ**

ဆောင်းရာသီကာလအတွင်း ဒေသအလိုက် မြူထူဆိုင်းလေ့ရှိပြီး ကမ်းရိုးတန်းဒေသများ၊ ကုန်းမြင့်နှင့် တောင်တန်းဒေသတို့တွင် ပိုမိုထူထပ်စွာ မြူထူဆိုင်းတတ်သည်။

**(မြူအခြေအနေခန့်မှန်းချက်များကို လပတ်ခန့်မှန်းချက်များတွင် လအလိုက် ထပ်မံထုတ်ပြန်ပေးသွားမည်ဖြစ်ပါသည်။)**

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၅ ပေမှ ၁၀ ပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁၅ ပေမှ ၁၉ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၈ ပေမှ ၁၅ ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၇ ပေခွဲခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ၁ ပေခွဲခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၇ ပေမှ ၉ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၆ ပေမှ ၉ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၃ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ၄ ပေမှ ၅ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၇ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၃ ပေခွဲခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၁၃ ပေခွဲခန့်၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၃ ပေမှ ၅ ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၄ ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၃ ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။ **(မိုး/ဇလ)**

# ၂၀၂၅ ခုနှစ် နိုဝင်ဘာလ လပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် အောက်တိုဘာ ၂၇

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း (၃)ကြိမ် ဖြစ်ပေါ်နိုင်ပြီး (၂)ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိနိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ၈ ရက်မှ ၁၂ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၃ ရက်မှ ၇ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**ညအပူချိန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်နှင့်အထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နိုဝင်ဘာလပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

**မြူအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၆ ရက်မှ ၂၀ ရက်ခန့်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၁၁ ရက်မှ ၁၅ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ၅ ရက်မှ ၁၀ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၃ ပေမှ ၆ ပေခွဲခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၇ ပေခွဲမှ ၁၂ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။


ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၄ ပေမှ ၉ ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၄ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ၁ ပေခန့်၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၄ ပေခွဲမှ ၆ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၄ ပေမှ ၅ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ၁ ပေခွဲခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ၂ ပေမှ ၄ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၄ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၂ ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၉ ပေခန့်၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၂ ပေမှ ၃ ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၃ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၂ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။ **(မိုး/ဇလ)**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ




ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။






အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

**နေပြည်တော် အောက်တိုဘာ ၂၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၄ ရက်နှင့် ၂၅ ရက်**တို့တွင် ရွှေဘိုမြို့နယ်၊ မြောင်းကြီးကျေးရွာ၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ဂါလန် (၂၆၉၀၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၄၁၇၉၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့၊ ကံကြီးကုန်းကျေးရွာအနီး၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၃၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၂၃၁၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၂၄၁၀၀၀၀)** ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၄ ရက်**တွင် ဒိုက်ဦးမြို့နယ်နှင့် တောင်ငူမြို့နယ်တို့အတွင်း၌ တရားမဝင် အခြားသစ် (၄ ဒသမ ၀၈၇)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၀၇၁၆)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၂၄ ရက်**တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ဝေါမြို့ အထွက်ရှောင်ကွင်းလမ်း၌ မော်တော်ယာဉ် (၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁၇)မျိုး၊ စားသောက်ကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၉၄၁၂၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hyundai Starex (၁)စီး၊ Higer Mini Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကိုလည်းကောင်း၊ **အောက်တိုဘာလ ၂၅ ရက်**တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၄)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၉၆၄၉၀၀၀) ကိုလည်းကောင်း၊ **အောက်တိုဘာလ ၂၆ ရက်**တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည် (၁)ဦး၏ ဝန်စည်အတွင်းမှ လူသုံးကုန်ပစ္စည်း (၁၀)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၅၇၇၇၂၇)ကို လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၂၆၇၉၂၇)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ဆောင်ရွက်ထားရှိသည်။

**အောက်တိုဘာလ ၂၄ ရက်၊ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင်** ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၃)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၅၆၁၈၆၄၃)**ကို ဖမ်းဆီးရမိခဲ့ပါသည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင် တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။ **မြဝတီ**

# ချမ်းမြသာစည်မြို့နယ်၌ ငွေကြေးအခက်အခဲကြောင့် အဒေါ်ဖြစ်သူနှင့်တူမဖြစ်သူတို့ကို သံရိုက်တူဖြင့်ရိုက်နှက်ကာ ရွှေတုံးနှင့်ငွေများယူဆောင်ခဲ့သည့်အမျိုးသမီးအား ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် အောက်တိုဘာ ၂၇**

ချမ်းမြသာစည်မြို့နယ်၌ ငွေကြေးအခက်အခဲကြောင့် အဒေါ်ဖြစ်သူနှင့် တူမဖြစ်သူတို့ကို သံရိုက်တူဖြင့်ရိုက်နှက်ကာ ရွှေတုံးနှင့်ငွေများယူဆောင်ခဲ့သည့် အမျိုးသမီးအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာလ ၂၆ ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ လမ်း ၇၀ (အေ)၊ ၁၀၇ လမ်းနှင့် ၁၀၈ လမ်းကြားရှိ အိမ်အမှတ် (၁၇၂)နေအိမ်၌ အမျိုးသမီးတစ်ဦးအသတ်ခံရကြောင်း သတင်းအရ ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၁၁) နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေအိမ်ပိုင်ရှင် အငြိမ်းစား စာကြည့်တိုက်မှူး ဒေါ်ခင်စိုးမြင့် (၈၄)နှစ်ကို နေအိမ်မြေညီထပ် ဧည့်ခန်းအတွင်းရှိ ထိုင်ခုံပေါ်တွင် ဦးခေါင်းပေါက်ပြဲဒဏ်ရာတစ်ချက်ဖြင့် သေဆုံးနေပြီး အတူနေဝင်း၏မြေးဖြစ်သူ ဒေါ်အေးအေးခိုင် (၃၆)နှစ်အား မြေညီထပ် ဧည့်ခန်းခုတင်ပေါ်တွင် ဦးခေါင်း၊ ဝဲနားထင်တို့၌ ပေါက်ပြဲဒဏ်ရာနှစ်ချက်ရရှိထားသည်




ကို စစ်ဆေးတွေ့ရှိရသဖြင့် ချမ်းမြသာစည်မြို့နယ်၊ အမှတ်(၁၁)နယ်မြေရဲစခန်း(ပ) ၁၈၉/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၂၆ ဖြင့် အမှုရေးဖွင့် စစ်ဆေးဆောင်ရွက်ခဲ့သည်။

ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေးအတွက်ရဲတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခြင်းများဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်သူမှာ သေဆုံးသူ၏ တူမတော်စပ်သူ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၃) အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း၌ တွဲဖက်တာဝန်ထမ်းဆောင်နေသည့် အလယ်တန်းပြဆရာမ မစိုးစိုးထွန်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် ဖမ်းဆီးရမိနိုင်ရေးဆောင်ရွက်ခဲ့ရာ ၎င်းအား အောက်တိုဘာလ ၂၆ ရက် ညနေ ၅ နာရီကျော်တွင် အခင်းဖြစ်နေအိမ်သို့ ပြန်လည်ရောက်ရှိလာစဉ် ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ စိုးစိုးထွန်း၏ထွက်ဆိုချက်အရ ၎င်းသည် ၂၀၂၃ ခုနှစ် ဇူလိုင်လခန့်မှစ၍ နွားထိုးကြီးမြို့နယ်မှ ယာယီနေရပ်စွန့်ခွာ၍ ပြင်ဦးလွင်မြို့၌ အိမ်ငှားရမ်းနေထိုင်ခဲ့ရသဖြင့် ငွေကြေးအခက်အခဲများစွာရှိခဲ့ကြောင်း၊ ၂၀၂၅ ဇူလိုင်လတွင် ၎င်း၏အဒေါ်တော်စပ်ပြီး မိသားစုကဲ့သို့ ရင်းနှီး၍ ဝင်ထွက်သွားလာနေသည့် ဒေါ်ခင်စိုးမြင့်မှ မန္တလေးမြို့၊ မြို့သစ်(၅)ရပ်ကွက်ရှိ နေအိမ်အား ရောင်းချသည်ကိုသိရှိရသဖြင့် ငွေချေးယူခဲ့ရာ ဒေါ်ခင်စိုးမြင့်မှ အိမ်ရောင်းရငွေ အကျေအလည်ရရှိပါက စီစဉ်ပေးမည်ဟု ပြောကြားခဲ့ပြီး ငွေအကျေအလည်ရရှိပြီး အခင်းဖြစ်ပွားခဲ့သည့်နေအိမ်အား ပြန်လည်ဝယ်ယူပြောင်းရွှေ့နေထိုင်ခဲ့သော်လည်း ၎င်း၏အခက်အခဲအား ဆောင်ရွက်ပေးမှုမရှိကြောင်း၊ အောက်တိုဘာလ ၂၄ ရက်တွင် ဒေါ်ခင်စိုးမြင့်မှ ၎င်းအား ဖုန်းဆက်ခေါ်၍ အခင်းဖြစ်နေအိမ်သို့ ထပ်မံရောက်ရှိနေထိုင်ခဲ့ပြီး အောက်တိုဘာလ ၂၅ ရက် နံနက်ပိုင်းတွင်ဒေါ်ခင်စိုးမြင့်၊ တူမတော်စပ်သူ မအေးအေးခိုင်တို့နှင့်အတူ ဈေးဝယ်ထွက်ပြီးနောက် နံနက် ၁၁ နာရီခန့် နေအိမ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း၊ နေ့လယ်စာစားပြီးချိန်တွင် မအေးအေးခိုင်မှာ မြေညီထပ်ဧည့်ခန်းအတွင်းရှိခုတင်ပေါ်အိပ်ပျော်နေစဉ် နေအိမ်ဝင်ပေါက်အနီး သစ်သားသေတ္တာအတွင်းမှ သံရိုက်တူအား ယူဆောင်ကာ မအေးအေးခိုင်အား ၃ ချက်ခန့်ထုရိုက်ပြီး ထိုင်ခုံပေါ် ထိုင်နေသည့် ဒေါ်ခင်စိုးမြင့်၏ ဦးခေါင်းငယ်ထိပ်အား တစ်ချက်ထုရိုက်ခဲ့ကြောင်း၊ ထို့နောက် ဒေါ်ခင်စိုးမြင့် အိပ်ခန်းအတွင်းရှိသံသေတ္တာအား တူဖြင့်ရိုက်ဖျက်ကာ သေတ္တာအတွင်းသိမ်းဆည်းထားသည့် “အောင်သမာဓိ”တံဆိပ်ပါ ရွှေ ၁၀ ကျပ်သားတုံး ၁ တုံး၊ အိပ်ရာပေါ်ရှိ ငွေကျပ်သိန်း ၁၀၀ တို့ကို ယူဆောင်ကာ ပြင်ဦးလွင်မြို့သို့ ပြန်လာခဲ့ကြောင်း၊ အောက်တိုဘာလ ၂၆ ရက်တွင်ဒေါ်ခင်စိုးမြင့်နေအိမ်မှ ယူဆောင်လာသည့် ရွှေတုံးအား ရောင်းချကာ ၎င်းချေးငှားထားသည့်ငွေကြေးများ ပြန်လည်ပေးဆပ်သုံးစွဲခဲ့ကြောင်း စစ်ဆေးဖော်ထုတ်သိရှိရသည်။

ထိုသို့ ငွေကြေးအခက်အခဲကြောင့် အဒေါ်ဖြစ်သူနှင့် တူမဖြစ်သူတို့အား သံရိုက်တူဖြင့် ထုရိုက်ခဲ့သည့် စိုးစိုးထွန်းအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးနှင့် သိမ်းဆည်းရန်ကျန် သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်းရရှိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သက်ဆိုင်ရာမှ သိရသည်။ **မြဝတီ**

# တောင်ကြီးတန်ဆောင်တိုင်ပွဲတော်အား ညလွှတ်မီးပုံးပျံများနှင့် နေ့လွှတ်အရုပ်များလွှတ်တင်မှုဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်





**တောင်ကြီး အောက်တိုဘာ ၂၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက်ရှိ အဝေရာမီးပုံးပျံကွင်း၌ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်အား ညလွှတ်မီးပုံးပျံများနှင့် နေ့လွှတ်အရုပ်များ လွှတ်တင်ယှဉ်ပြိုင်မှုဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

အဆိုပါ တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော်တွင် ၂၅ ပေရှိသည့် ညမီးကြီး ၁၈ လုံး၊ ၂၂ ပေရှိသည့် ညမီးကြီး ၂၅ လုံး၊ ၁၈ ပေရှိသည့် စိန်နားပန် ၃၇ လုံး စုစုပေါင်း ၈၀ လုံး စသည့်မီးပုံးများကို နေ့ရက်အလိုက် ည ၆ နာရီမှ ပွဲစဉ်ပြီးဆုံးသည်အထိ လွှတ်တင်သွားမည်ဖြစ်သည်။

ထို့ပြင် နေ့လွှတ်အရုပ်များဖြစ်သော အရုပ်ခြေနှစ်ချောင်း ၁၉၁ လုံး၊ အရုပ်ခြေလေးချောင်း ၁၀၄ လုံး၊ အရုပ်အုပ်စု ၆၆ လုံး စုစုပေါင်း ၃၆၁ လုံး စသည့် နေ့လွှတ်အရုပ်များကို အောက်တိုဘာလ ၂၇ ရက်မှစတင်၍ မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ နေ့ရက်အလိုက်လွှတ်တင်သွားမည်ဖြစ်သည်။

တောင်ကြီးတန်ဆောင်တိုင် ပွဲတော်အား ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများနှင့်အတူ ညမီးပုံးပျံလွှတ်တင်ခြင်းများ၊ နေ့လွှတ်အရုပ်လွှတ်တင်ခြင်းများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ဈေးဆိုင်ခန်းများ၊ ကလေးကစားကွင်းများ၊ ပြခန်းများ၊ စားသောက်ဆိုင်ခန်းများ၊ ဂိမ်းအစီအစဉ်များနှင့် ပျော်ပွဲရွှင်ပွဲများဖြင့် အောက်တိုဘာလ ၂၉ ရက်မှ နိုဝင်ဘာလ ၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၅)

## အီလက်ထရောနစ်မဲပေးစက်ဖြင့် မဲပေးထားသည့် ဆန္ဒမဲရလဒ်များအား ရေတွက်ခြင်း

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲလာရောက်ပေးပြီး၍ဖြစ်စေ၊ ညနေ (၄) နာရီ ထိုးပြီး၍ဖြစ်စေ မဲရုံကိုပိတ်ပြီးလျှင် မဲရုံမှူးသည် ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည် -

- မဲပေးခြင်းပြီးဆုံးပါက မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များနှင့် အကူကိုယ်စားလှယ်များရှေ့မှောက်တွင် ထိန်းချုပ်စက်ပါ Total ခလုတ်ကိုနှိပ်၍ မဲပေးသူအရေအတွက်ကို ကြည့်ရှုမှတ်သားပြီးနောက် (On/Off)ခလုတ်ကိုနှိပ်၍ မဲပေးခြင်းကို ပိတ်သိမ်းရမည်။ ပိတ်သိမ်းချိန်ကို မှတ်တမ်းတင်ထားရှိရမည်။
- ဆန္ဒမဲရလဒ်များရေးမှတ်ရာတွင် ရောက်ရှိနေသည့် သက်သေအနည်းဆုံး ၁၀ ဦး၏ အမည်စာရင်းကို ပုံစံ (၁၇-ခ)၊ ပုံစံ {၁၇(ခ-၁)} တို့၏ ကျောဘက်တွင် မှတ်တမ်းတင်ထားရမည်။
- ဆန္ဒမဲရလဒ်များ ရေးမှတ်ခြင်းကို ရွေးကောက်ပွဲလေ့လာသူများကိုပါ လေ့လာခွင့်ပြုရမည်။
- ထိန်းချုပ်စက်ရှိ (Print)ခလုတ်ကိုနှိပ်ပြီး မဲရလဒ်စာရင်းများဖော်ပြသည့် စက္ကူဖြတ်ပိုင်းအား မဲပေးချက်ဖော်ပြသည့်စက်မှ ထုတ်ယူရမည်။ ယင်းစက္ကူဖြတ်ပိုင်း၏ ကျောဘက်တွင် မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၊ မဲရုံကိုယ်စားလှယ်များက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။ လက်မှတ်ရေးထိုးရန်ပျက်ကွက်ပါက ပျက်ကွက်သူ၏တာဝန်သာဖြစ်စေရမည်။
- မဲရလဒ်စာရင်းများဖော်ပြသည့် စက္ကူဖြတ်ပိုင်းရှိ ဆန္ဒမဲရလဒ်စာရင်းများနှင့် ရေတွက်ရရှိသော ကြိုတင်ဆန္ဒမဲရလဒ်စာရင်းများကို ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်တို့အတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများရရှိသည့် ဆန္ဒမဲအရေအတွက်ကို သက်ဆိုင်ရာပုံစံအသီးသီးတို့တွင် စာရင်းရေးသွင်းပြုစုရမည်။

**"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"**

**"လွှတ်လပ်မျှတ၊ မဲပေးကြ"**

# ဒေးဒရဲမြို့ စက္ခုဒါနဆေးခန်း၌ မျက်စိရောဂါခွဲစိတ်ကုသပေးလျက်ရှိသည့် လုပ်ငန်းများအား ကြည့်ရှုအားပေး

**ဒေးဒရဲ အောက်တိုဘာ ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် စက္ခုဒါနဆေးခန်း၌ မျက်စိဝေဒနာနှင့်ပတ်သက်သောရောဂါများစမ်းသပ်ခြင်းနှင့် ခွဲစိတ်ကုသခြင်းလုပ်ငန်းများကို အပတ်စဉ် ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာလ ၂၆ ရက် နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်နှင့်ကျေးရွာများရှိမျက်စိဝေဒနာရှင်ပြည်သူများအား အခမဲ့စမ်းသပ်ပေးခြင်းနှင့် ခွဲစိတ်ကုသမှုလုပ်ငန်းများဆောင်ရွက်နေမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြသိန်းမောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

ထိုသို့ကြည့်ရှုအားပေးရာတွင် စက္ခုဒါနဆေးခန်း ဦးဆောင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာစာရနှင့် တာဝန်ရှိသူများက ဆေးခန်းတည်ဆောက်လည်ပတ်နေမှု၊ မျက်စိဝေဒနာရှင်များအား ကုသဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြသပြီး မျက်စိခွဲစိတ်ကုသမည့် ပြည်သူများအား ကြည့်ရှုအားပေးကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ စက္ခုဒါနဆေးခန်းအား ၂၀၁၅ ခုနှစ်မှစတင်၍ ဖွင့်လှစ်ပြီး မျက်စိစမ်းသပ်ကုသမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ဒေးဒရဲမြို့နယ်နှင့် အနီးပတ်ဝန်းကျင်ရှိ မြို့နယ်၊ ကျေးရွာများမှ ရဟန်း၊ သံဃာ၊ သီလရှင်နှင့်နှမ်းပါးမျက်စိဝေဒနာရှင်များအား (အခမဲ့)၊ အခြားမျက်စိလူနာရှင်များအား စရိတ်မျှပေးစနစ်ဖြင့် မျက်စိဝေဒနာရှင် ၁၂၃၀၆ ဦးအား စမ်းသပ်ကုသပေးခဲ့ပြီး ၂၈၈၃ ဦးအား ခွဲစိတ်ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**အေဇာလင်း**

# ရွှေတောင်မြို့နယ်၌ စိုက်ပျိုးထားသည့် မိုးစပါး ၅၈၁၆၃ ဧက အောင်မြင်ဖြစ်ထွန်း



**ရွှေတောင် အောက်တိုဘာ ၂၇**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်တွင် လယ်ယာစိုက်ပျိုးရေးကို အဓိကဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်မိုးစပါးစိုက်ပျိုးရာသီတွင်စပါးမျိုးကောင်းမျိုးသန့်တိုးပွားစေရန်နှင့် ဆန်စပါးဖူလုံစေရန်ရည်ရွယ်၍ ယခုနှစ်တွင် မိုးစပါး ၅၈၁၆၃ ဧက လျာထားစိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေတောင်မြို့နယ်၌ ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် မော်ဘီ(၂)၊ ရတနာတိုး၊ ဗီယက်နမ်၊ ရက်၉၀ စသည့် စပါးမျိုးများကို ပျိုးထောင်စိုက်ပျိုးခြင်း၊ မျိုးစေ့ချကိရိယာ (Drum Seeder)ဖြင့်စိုက်ပျိုးခြင်း၊ ကောက်စိုက်စက်/လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းတို့ဆောင်ရွက်သည်။

ရွှေတောင်မြို့နယ် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီမှ မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိနိုင်ရေးအတွက် စိုက်ပျိုးနည်းစနစ်သင်တန်းများဖွင့်လှစ်ခြင်း၊ ကွင်းသရုပ်ပြသခြင်း၊ သွင်းအားစုများ ပံ့ပိုးပေးခြင်း၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာရောစပ်ကြဲပက်ခြင်း၊ စပါးအထွက်နှုန်းတိုးတက်မြင့်မားစေရန် တောင်သူများအား နည်းပညာပေးခြင်း၊ လယ်ယာကဏ္ဍသီးနှံစိုက်ပျိုးထုတ်လုပ်မှု မြင့်မားတိုးတက်စေရန်၊ အရည်အသွေးကောင်းမွန်စေရန်၊ မိုးစပါးစိုက်ပျိုးထုတ်လုပ်ရာတွင် စီးပွားရေးအရတွက်ခြေကိုက်သည့် အထွက်နှုန်းမြင့်မားပြီး အရည်အသွေးကောင်းမွန်သော မျိုးကောင်းမျိုးသန့် စပါးမျိုးများအား တောင်သူများ ပိုမိုကျယ်ပြန့်စွာ စိုက်ပျိုးသွားနိုင်ရန်ရည်ရွယ်၍ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**




## မတည်ရင်းနှီးငွေလျှော့ချခြင်း

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော်များ "Silver Star Group MM Company Limited" အစုရှယ်ယာရှင်များ၏ (၂၇-၁၀-၂၀၂၅)ရက်နေ့တွင် ပြုလုပ်ခဲ့သည့် အစုရှယ်ယာရှင်များအစည်းအဝေးဆွေးနွေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏ မတည်ငွေအား ကျပ်သိန်း(၄၅၀၀)တိတိမှ ကျပ်သိန်း(၁၅၀၀)တိတိသို့ ပြင်ဆင်လျှော့ချလိုက်ကြောင်း ကြော်ငြာအပ်ပါသည်။

"Silver Star Group MM Company Limited"
Ph:09-773321789

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြို့သစ်မြို့နယ်၊ ထန်းတပင်အုပ်စု၊ လယ်ပြင်စုကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်နေသော ဒေါ်မေငြိမ်းသူ၏ဖခင်မှာ ဦးဟံသောင်း(ခ)ဦးဟန်သောင်း(ခ)ဦးသောင်းဟန် ၈/မသန(နိုင်)၀၀၈၀၈၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဟံသောင်း(ခ)ဦးဟန်သောင်း(ခ)ဦးသောင်းဟန်**

## ပျောက်ဆုံးကြောင်း

ပုသိမ်မြို့နေ ဒေါ်တင်တင်ဝင်း(ဘ)ဦးထွန်းရင် ၁/ဆပဘ(နိုင်)၀၀၀၃၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

## မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ
## လူမှုရေး/စီးပွားရေးကြော်ငြာများ
(30 % Discount Off)

မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-

- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၆၇-၃၄၀၀၈၆၊ ၀၆၇-၃၄၀၀၈၈၊ ၀၄၂-၃၀၂၆၂၊ ၀၄၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၆၇-၃၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၆၇-၃၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၃၅၅၈
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၂၅၀၅၅၆၆၃၈
- Online ဖြင့်လည်း E-mail: mwddailynewspapergroup@gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

## လုပ်ငန်းအမှတ်တံဆိပ်အမည်အမှတ်အသားကို အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ထီးလှိုင်ရှင်အိမ်ရာ၊ တိုက်(၄၂)၊ အခန်း(၂၀၁)တွင် တည်ရှိသော Special Solution(S.S.S.S Co.,Ltd.)မှတ်ပုံတင်အမှတ်-၁၀၀၀၈၅၆၆၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

Special Solution
SSSS

မှတ်ပုံတင်အမှတ် - ၄/၈၂၈၄(၁၇-၉-၂၀၂၅)

အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားမှာ ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် -၄/၈၂၈၄(၁၇-၉-၂၀၂၅)ဖြင့် ကုမ္ပဏီ၏မူပိုင်အဖြစ်အသုံးပြုရန် မှတ်ပုံတင်သွင်းကြေညာထားပြီးဖြစ်ပါသည်။ Special Solution(S.S.S.S Co.,Ltd.)လုံခြုံရေးဝန်ဆောင်မှုလုပ်ငန်းတို့ကို မြန်မာနိုင်ငံတစ်ဝန်းလုံး၌ မိမိ၏မူပိုင်အဖြစ် အသုံးပြုသွားမည်ဖြစ်ပါသည်။ အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားတစ်ခုလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အတုအပပြုလုပ်ခြင်းဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပပြုလုပ်သုံးစွဲနေသည်များကို တွေ့မြင်ကြားသိရပါက မိမိ၏အကျိုးစီးပွားထိခိုက်နစ်နာမှုအတွက် လျော်ကြေးငွေတောင်းခံသွားနိုင်ရန်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ မည်သည့်တရားရုံးတွင်မဆို၊ တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်ဇာလီအောင်
လွှတ်တော်ရှေ့နေ(စဉ်-၁၄၃၅၂/၂၀၁၈)
တိုက်-၃/၂၀၅၊ စင်းကားအိမ်ရာ၊ (၃၆)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်လေလံရောင်းချခြင်း)

၁။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင် ACSR ဆယ်တင်ကြိုး(17234)kg နှင့် ဆယ်တင်မြေအောက်ဓာတ်ကြိုးဟောင်း(ဆိုဒ်စုံ)(12984)M တို့အား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်လေလံတင်ရောင်းချလိုပါသည်။

၂။ လေလံပုံစံနှင့်အချက်အလက်များကို ဌာနမှသတ်မှတ်နှုန်းထားအတိုင်း (၂၈-၁၀-၂၀၂၅) ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ လေလံပိတ်ရက်မှာ (၁၁-၁၁-၂၀၂၅)ရက်နေ့၊ (၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဌာနသို့ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**လေလံစိစစ်ရွေးချယ်ရေးအဖွဲ့**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ ဖိုးဦးစိန်ကျေးရွာနေ ကျွန်မ မမေမြင့်မိုရ်၏ဖခင်အမည်မှန်မှာ ဦးချစ်ကို ၁၀/သထန(နိုင်)၁၆၃၀၄၉ ဖြစ်ပါကြောင်း။

**ဦးချစ်ကို**

## ပျောက်ဆုံးကြောင်း

ဝင်းမြတ်သူ(ဘ)ဦးတင်မိုးနိုင် ၁၂/သဃက(နိုင်)၁၇၃၀၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ပျောက်ဆုံးကြောင်း

ဆုကြယ်စင်ဝေ(ဘ)ဦးတင်မောင်ဝေ ၁၂/ဥကတ(နိုင်)၂၂၀၂၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 565927)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၆၀၂၉၁၉၁

## ပျောက်ဆုံးကြောင်း

သန်းသန်းမြင့်(ဘ)ဦးမိုးသီး ၁၂/ဒပန(နိုင်)၀၆၇၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၃၇၁၉၄၅၀

## ပျောက်ဆုံးကြောင်း

သော်ထက်အောင်(ခ)သော်ထက်(ဘ)ဦးထိန်ဝင်း ၉/နထက(နိုင်)၀၉၅၃၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၂၂၅၆၅၈

## ပျောက်ဆုံးကြောင်း

ဇင်မာမြင့်(ဘ)ဦးသန်းညွှန့် ၉/ကပတ(နိုင်)၂၉၈၉၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၄၃၃၄၃၄၂

## ပျောက်ဆုံးကြောင်း

ကိုအောင်အောင်(ဘ)ဦးမောင်မောင် ၉/မထလ(နိုင်)၂၂၀၁၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၀၉၀၈၈၅၉

## ပျောက်ဆုံးကြောင်း

ဝင်းသူဇာလှိုင်(ဘ)ဦးကျော်တင် ၁၁/မပန(နိုင်)၁၄၁၂၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၅၀၄၉၀၈၂

## ပျောက်ဆုံးကြောင်း

စိုင်းဝမ်းဆိုင်(ဘ)ဦးစိုင်းယီ ၁၃/မဆတ(နိုင်)၀၅၉၈၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၂၃၀၀၈၄၇

## ပျောက်ဆုံးကြောင်း

သန်းနိုင်(ဘ)ဦးခင်မောင်သန်း ၁၂/ပဇတ(နိုင်)၀၃၄၀၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၅၀၄၉၀၈၂

## ပျောက်ဆုံးကြောင်း

ရာဇာဝင်းကိုကို(ဘ)ဦးမောင်ဝင်း ၇/ရတရ(နိုင်)၂၂၀၃၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၂၃၀၀၈၄၇

## ပျောက်ဆုံးကြောင်း

ချမ်းမြေ့သူ(ဘ)ဦးသိန်းဇော်ဦး ၉/ကပတ(နိုင်)၂၈၀၄၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၉၁၆၄၀၀၂၈

## ပျောက်ဆုံးကြောင်း

ထွန်းအေး(ဘ)ဦးကျော်ဇင် ၁၂/မဂတ(နိုင်)၀၅၁၄၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

## ပျောက်ဆုံးကြောင်း

နန်းဆိုင်လောင်(ဘ)ဦးမောင်စိန် ၁၃/တယန(နိုင်)၀၆၁၇၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၆၄၆၁၇၂၉

## ပျောက်ဆုံးကြောင်း

ဘုန်းမြတ်မိုး(ဘ)ဦးချစ်ကိုကိုဝင်း ၁၂/ဒဂဆ(နိုင်)၀၁၇၆၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 738126)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၂၈၇၀၀၂၂

## ပျောက်ဆုံးကြောင်း

အေးရင်းသန့်(ဘ)ဦးအာဆန်း ၁၃/လရန(နိုင်)၂၂၉၁၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၄

## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ
"HTOO AUNG KHAING COMPANY LIMITED"
## အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေ အစည်းအဝေးတက်ရောက်ရန် အကြောင်းကြားစာ

"HTOO AUNG KHAING COMPANY LIMITED" ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ(၁၃)ရက်နေ့ နံနက်(၁၀:၃၀)နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ ကျွန်းတောလမ်း၊ တိုင်းစီးတီး-အခန်းအမှတ်(အေ ၂၃၄)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံးမပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများတင်ပြပါမည်။

ZIN WAI B.Com(AA); C.P.A(210)
CERTIFIED PUBLIC ACCOUNTANT

## ပျောက်ဆုံးကြောင်း

တင်မိုးဝင်း(ဘ)ဦးစိုးဝင်း ၇/ကဝန(နိုင်)၁၁၅၇၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၇၅၁၃၂၉၁

## ပျောက်ဆုံးကြောင်း

ခင်မောင်ထူး(ဘ)ဦးတင်ဝင်း ၇/နတလ(နိုင်)၁၂၉၃၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၃၃၃၅၆၄၂၇

## ပျောက်ဆုံးကြောင်း

စိန်စိန်နွယ်(ဘ)ဦးမြင့်ဝင်း ၇/ပခန(နိုင်)၅၀၅၆၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 341271)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

## ပျောက်ဆုံးကြောင်း

နော်အယ်ခူဝါး(ဘ)စောစံစီထွန်း ၇/ကဝန(နိုင်)၂၂၃၇၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## ပျောက်ဆုံးကြောင်း

ဒူရ်ဂါး(ဘ)ဦးသူလစီရမ်း ၅/တမန(နိုင်)၀၈၆၃၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 684391)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၀၈၇၉၈၉၃

## ပျောက်ဆုံးကြောင်း

မွန်မွန်ခင်(ဘ)ဦးတင်မောင်ထွန်း ၅/ကနန(နိုင်)၁၃၂၁၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 296622)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၇၀၂၀၅၀၆

## ပျောက်ဆုံးကြောင်း

စည်သူနိုင်(ဘ)ဦးမာမက်ဂျလား ၁၂/တမန(နိုင်)၁၂၆၃၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၂၀၉၂၂၈၈

## ပျောက်ဆုံးကြောင်း

ငုဝါလွင်(ဘ)ဦးတိုးဝင်း ၁၂/သဃက(နိုင်)၁၇၆၆၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၀၆၆၅၄၀

## ပျောက်ဆုံးကြောင်း

နေလင်းဇော်(ဘ)ဦးသန်းထွန်း ၈/အလန(နိုင်)၁၄၆၉၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၈၅၆၂၀၅၈

## ပျောက်ဆုံးကြောင်း

ရန်ကျားရီ(ဘ)ဦးရန်လောက်ကျိန်း ၁၃/ကရန(နိုင်)၁၈၁၁၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၇၂၂၅၈၅၉

## ပျောက်ဆုံးကြောင်း

စန်းသစ်ခိုင်(ဘ)ဦးတင်ကို ၇/နတလ(နိုင်)၁၅၈၁၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၇၅၅၁၈၁၁

## ပျောက်ဆုံးကြောင်း

ငယ်ငယ်လွင်(ဘ)ဦးဘိုကေ ၇/ဇကန(နိုင်)၀၀၂၇၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 046790)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

## ပျောက်ဆုံးကြောင်း

နှင်းမေအောင်(ဘ)ဦးခင်မောင်မြင့် ၁၂/အစန(နိုင်)၁၇၉၉၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၉၉၀၃၁၀၆

## ပျောက်ဆုံးကြောင်း

နန်းမိုခမ်း(ဘ)စိုင်းခမ်းအုံ ၁၃/လရန(နိုင်)၁၈၆၄၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၅၁၅၇၉၈၂

## ပျောက်ဆုံးကြောင်း

မြနုစိန်(ဘ)ရွှေသာထွန်း ၁၁/မပန(နိုင်)၀၃၉၈၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၈၈၂၈၁၈၄၂

## အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့၊ အမှတ်(၂)ရပ်ကွက်၊ ရန်ကင်းရပ်နေ ဦးအောင်မျိုးထွေး၏သားမောင်မြတ်နိုး၏အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်မှာ ၈/ရစက(နိုင်)၂၈၅၀၂၇ အရ မောင်မင်းညီ(၂၈-၇-၂၀၀၇)ဖြစ်ပါကြောင်း။ **မောင်မင်းညီ(၂၈-၇-၂၀၀၇)**

## ပျောက်ဆုံးကြောင်း

နော်စနိုးရာ(ဘ)စောဂျိုးဇက် ၇/တငန(နိုင်)၁၈၁၆၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၉၄၁၀၈၅၆

## ပျောက်ဆုံးကြောင်း

မိုးဇော်(ဘ)ဦးစစ်ကျင် ၁၂/ကမန(နိုင်)၀၄၄၇၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၆၃၃၃၁၁၄

## ပျောက်ဆုံးကြောင်း

ရွှေပြည်သာမြို့နယ်၊ စမ်းကြောင်းကြီးရပ်ကွက်၊ ၀၁၀ နေ အောင်ဇော်(ဘ)ဦးလှအောင် ၇/ညလပ(နိုင်)၁၂၃၇၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၉၁၄၈၆၇၃

## ပျောက်ဆုံးကြောင်း

နတ်တလင်းမြို့၊ ဓမ္မကျအုပ်စု၊ ပန်းတင်ဘေးရွာနေ အောင်မြင့်ကို(ဘ)ဦးမြင့်ဇော် ၇/နတလ(နိုင်)၁၂၈၉၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၈၅၅၆၆၄၇၆

## ပျောက်ဆုံးကြောင်း

ကျောက်တန်းမြို့၊ ချောင်းဝကျေးရွာအုပ်စု၊ ချောင်းဝကျေးရွာ၊ ခတ္တာလမ်းနေ အောင်မျိုးသိန်း(ဘ)ဦးခင်ဦး ၁၂/ကတန(နိုင်)၁၂၁၂၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 152971)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၉၆၇၀၀၇၇

## ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ မြဝတီမြို့၊ ပူလွဲပူအုပ်စု၊ ထီးကော်တောရွာနေ မသင်းသင်းချို(ဘ)ဦးတိုင်းအောင် ၃/မဝတ(နိုင်)၀၄၆၃၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၈၇၈၄၄၁၈

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 76W/58790 အမျိုးအမည် Honda Wave 110 ယာဉ်အမည်ပေါက်သူ/ယာဉ်လက်ဝယ်ရှိသူအမည် ဦးမင်းသူ မှတ်ပုံတင်အမှတ် ၅/မမတ(နိုင်)၀၈၈၅၀၆ မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ကယားပြည်နယ်ရုံး(လွိုင်ကော်)**

# ဆန်းဒါးလန်းအသင်းကို ရှုံးနိမ့်ပြီးနောက် အသင်း၏ခံစစ်ကစားသမားများကို ချယ်လ်ဆီးအသင်းနည်းပြမာရက်ကာ ဝေဖန်



လန်ဒန် အောက်တိုဘာ ၂၇

ချယ်လ်ဆီးအသင်းနည်းပြ မာရက်ကာက ဆန်းဒါးလန်းအသင်းကို ရှုံးနိမ့်ပြီးနောက် အသင်း၏ ခံစစ်ကစားသမားများကို ဝေဖန်ခဲ့ကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်(၉) အဖြစ် အိမ်ကွင်း၌ တန်းတက် ဆန်းဒါးလန်းအသင်းကို ပွဲကစားချိန် မိနစ် ၉၀ အထိ တစ်ဂိုးစီ သရေကျနေခဲ့ကာ နာကျင်အချိန်ပို ၃ မိနစ်တွင် ချယ်လ်ဆီးအသင်း ခံစစ်ကစားသမား နှစ်ဦးရှိနေသည့်ကြားမှ ဆန်းဒါးလန်းအသင်းမှ ဘရိုင်ယန်ရေ့ဘ်၏ ဖန်တီးပေးပို့မှုကို လူစားဝင်ကစားသမား ချမ်ဒိုင်းတယ်ဘီက သွင်းယူနိုင်သည့်အတွက်၂ ဂိုး-၁ ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ထို့ကြောင့် အဆိုပါပွဲစဉ်တွင် ချယ်လ်ဆီးအသင်း ခံစစ်ကစားသမားများ၏ ပြိုင်ဘက်အသင်းကစားသမားများအား ချဉ်းကပ်ကစားပုံနှင့် ပွဲစဉ်အပေါ် အာရုံစိုက်မှုနည်းပါးသည့်အတွက် ယခုကဲ့သို့ ဝေဖန်ခဲ့ခြင်းဖြစ်သည်။

နည်းပြ မာရက်ကာက "ဆန်းဒါးလန်းအသင်းရဲ့ ဒုတိယဂိုးက ပြိုင်ဘက်ကစားသမားတစ်ယောက်နဲ့ ခံစစ်မှူးနှစ်ယောက်တွေ့ဆုံကြတာပါ။ ကျွန်တော်တို့အသင်း လုံးဝမတားဆီးနိုင်ခဲ့ပါဘူး။ ဒီအခြေအနေက လွယ်လွယ်ကူကူတားဆီးလို့ရတဲ့အခြေအနေပါ။ ကျွန်တော့်ကစားသမားတွေ နည်းနည်းစိတ်လှုပ်ရှားနေကြတယ်။ ဒါပေမဲ့ သူတို့အနေနဲ့ ဒီထက်ပိုကောင်းအောင်ကစားသင့်ပါတယ်။ ကျွန်တော်တို့ ကံမကောင်းခဲ့သလို ဂိုးဖန်တီးမှုတွေ အများကြီးမလုပ်နိုင်ခဲ့ပါဘူး"ဟု ပြောကြားခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ယခုဘောလုံးရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပေါ်တူဂီကလပ် ဘင်ဖီကာအသင်းနှင့် နယ်သာလန်ကလပ် အေဂျက်ဇ်အသင်းတို့ကို ဆက်တိုက်အနိုင်ရခဲ့သော်လည်း ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် မန်ယူ၊ ဘရိုက်တန်နှင့် ဆန်းဒါးလန်းအသင်းတို့ကိုရှုံးနိမ့်ကာ ကိုးပွဲယှဉ်ပြိုင်ကစားအပြီးတွင် လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ သုံးပွဲရှုံးရလဒ်ဖြင့် အမှတ်ပေးဇယားအဆင့်(၉)နေရာ၌ ရပ်တည်နေကြောင်း သိရသည်။

*Ref; Fotmob*

# အင်တာမီလန်အသင်းနှင့်ယှဉ်ပြိုင်ကစားသည့်ပွဲစဉ်တွင် နာပိုလီအသင်းကွင်းလယ်ကစားသမားဒီဘရိုင်း ဒဏ်ရာရရှိ



ရောမ အောက်တိုဘာ ၂၇

နာပိုလီအသင်းကွင်းလယ်ကစားသမား ဒီဘရိုင်းသည် အင်တာမီလန်အသင်းနှင့်ပွဲစဉ်တွင် တံကောက်ကြောဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

နာပိုလီအသင်းနှင့် အင်တာမီလန်အသင်းတို့သည် အီတလီစီးရီးအေပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားရာ နာပိုလီအသင်းက ၃ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ရာ အဆိုပါပွဲစဉ် ပွဲချိန် ၃၃ မိနစ်တွင်ရရှိသည့် ပယ်နယ်တီသွင်းဂိုးကို ကွင်းလယ်ကစားသမား ဒီဘရိုင်းက သွင်းယူစဉ် တံကောက်ကြောဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ထို့နောက် ၎င်းသည် အသင်းဆေးအဖွဲ့ဝင်များ၏ အကူအညီဖြင့် ကွင်းအတွင်းမှ ထွက်ခွာခဲ့ကာ လူစားလဲလှယ်ခဲ့ရသည်။

ဒီဘရိုင်းသည် ပြီးခဲ့သည့်ကစားသမားအပြောင်းအရွှေ့ကာလက မန်စီးတီးအသင်းမှ ထွက်ခွာလာကာ နာပိုလီအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိလာခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ၁၁ ပွဲ ပါဝင်ကစားထားပြီး လေးဂိုးသွင်းယူကာ ဂိုးဖန်တီးမှုနှစ်ကြိမ်ပြုလုပ်ထားသည်။

နာပိုလီအသင်းနည်းပြ ကွန်တီက "ကျွန်တော်တို့အသင်း ခက်ခဲတဲ့အခြေအနေကနေ အနိုင်ရရှိခဲ့တာပါ။ အသင်းမှာ အဓိက ကစားသမားတွေမရှိဘဲနဲ့ ကစားနေရတဲ့အပြင် အခုပွဲစဉ်မှာ အရေးပါတဲ့ကစားသမား ဒီဘရိုင်းပါ ဒဏ်ရာထပ်ရသွားပြန်ပါပြီ။ ဒါပေမဲ့ ကျွန်တော်တို့ ရှေ့ဆက်ကြိုးစားသွားရဦးမှာပါ"ဟု ပြောကြားခဲ့သည်။

နာပိုလီအသင်းသည် ယခုပွဲစဉ် အနိုင်ရရှိမှုကြောင့် အမှတ်ပေးဇယားအဆင့်(၁)နေရာ၌ ရပ်တည်လျက်ရှိပြီး အောက်တိုဘာလ ၂၉ ရက်တွင် စီးရီးအေပွဲစဉ်(၉)အဖြစ် လက်ချီအသင်းနှင့် အဝေးကွင်းပွဲစဉ် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

*Ref; Goal.com*

# ဘာစီလိုနာအသင်းအား ပြိုင်ပွဲစုံ လေးပွဲဆက်ရှုံးနိမ့်မှုကို ရီးယဲလ်မက်ဒရစ် ရပ်တန့်

မက်ဒရစ် အောက်တိုဘာ ၂၇

ရီးယဲလ်မက်ဒရစ်အသင်းသည် ဘာစီလိုနာအသင်းကို ပြိုင်ပွဲစုံ လေးပွဲ ဆက်ရှုံးနိမ့်မှုကို ရပ်တန့်နိုင်ပြီဖြစ်ကြောင်း သိရသည်။

စပိန်လာလီဂါပွဲစဉ်(၁၀)အဖြစ် ယှဉ်ပြိုင်ကစားကြသည့် ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဘာစီလိုနာအသင်းတို့၏ ပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းက တိုက်စစ်မှူး အမ်ဘတ်ပီ၊ ဘယ်လင်ဟမ်တို့၏သွင်းဂိုးများဖြင့် ၂ ဂိုး- ၁ ဂိုးရလဒ်နှင့် အနိုင်ရရှိခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းအနေဖြင့် ယခုပွဲစဉ်အနိုင်ကြောင့် ဘာစီလိုနာအသင်းနှင့် ယခုပွဲစဉ်တွေ့ဆုံမှုမတိုင်မီ ပြိုင်ပွဲစုံ နောက်ဆုံး လေးကြိမ်တွေ့ဆုံထားပြီး လေးကြိမ်စလုံး ရှုံးနိမ့်မှုကို ရပ်တန့်နိုင်ခဲ့ခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်း အနေဖြင့် ဘာစီလိုနာအသင်းအား ပြိုင်ပွဲစုံတွေ့ဆုံမှုဖြစ်သော ပြီးခဲ့သည့်ဘောလုံးရာသီ စပိန်လာလီဂါတွေ့ဆုံမှု နှစ်ကျော့စလုံးတွင်လည်းကောင်း၊ ၂၀၂၄-၂၀၂၅ စပိန်စူပါကပ်ဖလား ဗိုလ်လုပွဲတွင်လည်းကောင်း၊ ၂၀၂၄-၂၀၂၅ စပိန်ကိုပါဒယ်ရေးဖလား ဗိုလ်လုပွဲတွင်လည်းကောင်း လေးပွဲဆက်ရှုံးနိမ့်ခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ဘာစီလိုနာအသင်းကို အနိုင်ရရှိခြင်းကြောင့် စပိန်လာလီဂါ ၁၀ ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်တွင် ရမှတ်၂၇ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့် (၁) နေရာ၌ ရပ်တည်နိုင်ခဲ့ပြီး အဆင့်(၂) နေရာမှ ဘာစီလိုနာအသင်းကို ငါးမှတ်ဖြတ်ထားနိုင်ခဲ့သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် နိုဝင်ဘာလ ၂ ရက်တွင် စပိန်လာလီဂါပွဲစဉ်(၁၁) အဖြစ် ဗလင်စီယာအသင်းကို အဝေးကွင်း၌လည်းကောင်း၊ ဘာစီလိုနာအသင်းသည် နိုဝင်ဘာလ ၃ ရက်တွင် အယ်ချီအသင်းကို အိမ်ကွင်း၌လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

*Ref; Fotmob*

# အသင်းခေါင်းဆောင် ဘရူနိုဖာနန်ဒက်စ် မန်ယူအသင်းနှင့် ပြိုင်ပွဲစုံ ပွဲပေါင်း ၃၀၀ ပြည့်မြောက်သည့်ကစားသမားဖြစ်လာ




မန်ချက်စတာ အောက်တိုဘာ ၂၇

မန်ယူအသင်းခေါင်းဆောင် ဘရူနိုဖာနန်ဒက်စ်သည် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ပွဲပေါင်း ၃၀၀ ပြည့်မြောက်သည့် ကစားသမားဖြစ်လာခဲ့ကြောင်း သိရသည်။

ဘရူနိုဖာနန်ဒက်စ်သည် ပရီးမီးယားလိဂ်ပွဲစဉ်(၉)အဖြစ် ဘရိုက်တန်အသင်းကို အိမ်ကွင်း၌ ၄ ဂိုး-၂ ဂိုးဖြင့် အနိုင်ရရှိသည့်ပွဲစဉ်တွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ကစားပြီးနောက်၎င်းအနေဖြင့်ပရီးမီးယားလိဂ်ပွဲပေါင်း ၂၀၄ ပွဲ၊ အက်ဖ်အေဖလားပွဲပေါင်း ၂၃ ပွဲ၊ လိဂ်ဖလားပွဲပေါင်း ၁၄ ပွဲ၊ ဥရောပပြိုင်ပွဲ ပွဲပေါင်း ၅၈ ပွဲနှင့် ကွန်မြူနတီဒိုင်းပြိုင်ပွဲ တစ်ပွဲပါဝင်ကစားခဲ့ကာ ပြိုင်ပွဲစုံ ပွဲပေါင်း ၃၀၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်သည်။

အသက် ၃၁ နှစ်အရွယ် ဘရူနိုဖာနန်ဒက်စ်သည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် ပေါ်တူဂီကလပ် စပို့တင်းလစ္စဘွန်းအသင်းမှမန်ယူအသင်းသို့ပြောင်းရွှေ့ကြေး ယူရို ၅၅ သန်းဖြင့် ရောက်ရှိလာခဲ့သူဖြစ်သည်။

၎င်းသည် မန်ယူအသင်း၌ ဘောလုံးရာသီ ခြောက်ရာသီတွင် ပရီးမီးယားလိဂ်ရစ်ပွဲသာလွဲချော်ခဲ့ရပြီး ပြိုင်ပွဲစုံ ပွဲပေါင်း ၃၀၀ ပြည့်မြောက်ချိန်တွင်လည်း ဂိုးပါဝင်ပတ်သက်မှု ၁၈၇ ဂိုးအထိရှိကာ သွင်းဂိုး ၁၀၀ သွင်းယူထားနိုင်ခဲ့ပြီး ဂိုးဖန်တီးမှု ၈၇ ကြိမ်အထိရရှိထားသည်။

ထို့ပြင် ဘရူနိုဖာနန်ဒက်စ်သည် မန်ယူအသင်းနှင့်အတူ ကာရာဘောင်းဖလားနှင့် အက်ဖ်အေဖလားတို့ကို ရရှိခဲ့ကြောင်း သိရသည်။

*Ref; Goal.com*

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၁၅၅ ဦး ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းခဲ့

နေပြည်တော် အောက်တိုဘာ ၂၇

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ–မဲ့ထော်သလေး(KK Park)နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများကျူးလွန်ခဲ့ကြသည့် အိန္ဒိယ



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်နိုင်ရေးဆောင်ရွက်စဉ်။

နိုင်ငံသား ၁၀၄ ဦး၊ အင်ဒိုနီးရှားနိုင်ငံသား ၂၄ ဦးနှင့် ဖိလစ်ပိုင်နိုင်ငံသား ၂၇ ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ၁၅၅ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများစာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကရင်ပြည်နယ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ အောက်တိုဘာလ ၂၇ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၁၀၁၁၉ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၃၃၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးအပ်ခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၇၈၀ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့်နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေးအိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

( ၁၀၀)

● **ကျောဖုံးမှအဆက်**

ဆက်ကြေးကောက်ခံခြင်း၊ အများပြည်သူသွားလာအသုံးပြုလျက်ရှိသော လမ်း/တံတားများအား မိုင်းထောင်ဖောက်ခွဲခြင်းများ လုပ်ဆောင်လျက်ရှိသဖြင့် တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးများဆောင်ရွက်၍ နယ်မြေခံလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အလားတူ KIA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့အား ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်တွင်အင်အားအလုံးအရင်းဖြင့် မြို့လုံခြုံရေးဆောင်ရွက်နေသည့်တပ်ဖွဲ့ဝင်များအား ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ၎င်းတို့အား ထောက်ခံအားပေးမှုမရှိသည့် ဒေသခံပြည်သူများအား အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်း၊ လူသစ်စုဆောင်းခြင်းများအပါအဝင် အကြမ်းဖက်လုပ်ရပ်မျိုးစုံကို လုပ်ဆောင်လျက်ရှိသဖြင့် တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် ဗန်းမောက်မြို့အား ပြန်လည်သိမ်းပိုက်ရရှိရေးအပါအဝင် အခြားလိုအပ်သည့် နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့်အတူ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ တပ်မတော်စစ်ကြောင်းများက ဗန်းမောက်မြို့အား ပြန်လည်သိမ်းပိုက်ရရှိရေးအတွက် နယ်မြေလုံခြုံရေးလုပ်ငန်းများကို စနစ်တကျစုဖွဲ့ချီတက်ရှင်းလင်းမှုများ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာလ ၂၆ ရက်တွင် ဗန်းမောက်မြို့၏ အနောက်ဘက်နှင့် အနောက်မြောက်ဘက်မီတာ ၂၀၀၀ ခန့်အကွာသို့ ရောက်ရှိစဉ် KIA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ဗန်းမောက်မြို့အတွင်းရှိ ပြည်သူပိုင်နေအိမ်အဆောက်အအုံများ၊ ဌာနဆိုင်ရာအဆောက်အအုံများအား မီးရှို့ဖျက်ဆီးနေကြောင်း မျက်မြင်တွေ့ရှိရသည်။

ထို့ကြောင့် အကြမ်းဖက်သောင်းကျန်းသူများ မီးရှို့ဖျက်ဆီးခဲ့သည့် ဗန်းမောက်မြို့အတွင်းရှိ အဆောက်အအုံများအား မီးအမြန်ဆုံးငြိမ်းသတ်နိုင်ရေး အခြားသော ဗန်းမောက်မြို့နေပြည်သူလူထု၏အဆောက်အအုံများ မီးကူးစက်မှုမရှိစေရေး၊ ထပ်မံ၍ အခြားအကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်မှုမရှိစေရေးအတွက်တပ်မတော်စစ်ကြောင်းများက ရင်ဆိုင်တိုက်ခိုက်လျက်ရှိသည့် လက်ကျန်အကြမ်းဖက် သောင်းကျန်းသူများအား အမြန်ဆုံးလက်စတုံးတိုက်ခိုက်ချေမှုန်းလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ်ချွေတာသင့်ပါသည်။**

# အမျိုးသမီးများကို တရုတ်အမျိုးသားများနှင့် ပေါင်းသင်းနေထိုင်စေပြီး တရုတ်နိုင်ငံသို့ပို့ဆောင်ရန် စီစဉ်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၂ နှစ်စီချမှတ်

နေပြည်တော် အောက်တိုဘာ ၂၇

အမျိုးသမီးများကို တရုတ်အမျိုးသားများနှင့်ပေါင်းသင်းနေထိုင်စေပြီး တရုတ်နိုင်ငံသို့ပို့ဆောင်ရန် စီစဉ်ခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၂ နှစ်စီချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှသိရသည်။

ဖြစ်စဉ်မှာ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အုန်းချောကျေးရွာနေ ဒေါ်ပြည့်(ခ) ဒေါ်ခင်ပြည့်နှင့် ၎င်း၏သမီးဖြစ်သူ တရုတ်နိုင်ငံနေ မသီတာသောင်းတို့က ၎င်းတို့နှင့် ခင်မင်ရင်းနှီးကြသူများဖြစ်ကြသည့် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်နေ မ----၊ ၂၈/၂၀၂၅ နှစ်၊ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်နေ မ----၊ ၂၄/၂၀၂၅ နှစ်နှင့် ရှမ်းပြည်နယ်၊ နောင်ချိုမြို့နေ မ----၊ ၃၀/၂၀၂၅ နှစ်တို့ကို တရုတ်နိုင်ငံသားနှင့်လက်ထပ်ပါက ငွေကျပ် သိန်း ၁၀၀ ရရှိမည်တင်နေသည့်အကြွေးများဆပ်ပေးမည်ဟု စည်းရုံးပြောဆို၍ တရုတ်နိုင်ငံသို့ပို့ဆောင်ရန်အတွက် နိုင်ငံကူးလက်မှတ်အား မြဝတီမြို့၌ သွားရောက်ပြုလုပ်စေခဲ့သည်။

နိုင်ငံကူးလက်မှတ်ရရှိပြီးနောက် ၎င်းအမျိုးသမီး သုံးဦးအနက် နှစ်ဦးကို ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်ရှိ MGM ဟိုတယ်တွင် တရုတ်နိုင်ငံသား ဝမ်ရှောင်(WANG XIANG)၊ လျူရူချန့် (RUCHENG) တို့နှင့် ပေါင်းသင်းနေထိုင်စေပြီး ကျန်တစ်ဦးကို တရုတ်နိုင်ငံသားနှင့် ပေါင်းသင်းနေထိုင်ရန် စီစဉ်ဆောင်ရွက်နေစဉ်အတွင်း ဖမ်းဆီးရမိသဖြင့် ပုသိမ်ကြီးမြို့နယ်၊ အုန်းချောနယ်မြေရဲစခန်း(ပ)၄၁/ ၂၀၂၅၊ (ပ)၄၂/ ၂၀၂၅နှင့် (ပ) ၄၃/ ၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ တို့ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး အောက်တိုဘာလ ၂၃ ရက်တွင် အောင်မြေသာစံခရိုင်တရားရုံးမှ ဖမ်းမိတရားခံ ဝမ်ရှောင်(WANG XIANG)၊ လျူရူချန့် (RUCHENG) တို့ကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ်ကျခံစေရန်နှင့် တရားခံ ဒေါ်ပြည့်(ခ) ဒေါ်ခင်ပြည့်ကို အမှုတစ်မှုချင်းစီအတွက် အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ သီတာသောင်းကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

ထို့တူ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်နေ မသဲသဲအောင်သည် အိုးဝေမောင်းသည့် အလုပ်အားလုပ်ကိုင်စဉ် အိုးဝေငှားရမ်းစီးနင်းသူ မူဆယ်မြို့နေ မသဲယုယနှင့် ခင်မင်ရင်းနှီးခဲ့ရာ မသဲယုယမှမိန်းကလေးများကို တရုတ်နိုင်ငံသို့ စိုက်ပျိုးရေး၊ အထည်ချုပ်နှင့် တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ပေးသည့် အလုပ်လုပ်ကိုင်ကြောင်း၊ လူရှာပေးပါက တစ်ဦးလျှင် ငွေကျပ် ၁၅ သိန်းပေးမည်ဟုပြောဆိုသဖြင့် အိုးဝေလာရောက်ငှားရမ်းစီးနင်းသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နေသူမိန်းကလေးနှစ်ဦးနှင့် တစ်ရပ်ကွက်တည်းနေ မိန်းကလေးနှစ်ဦးတို့ကို တရုတ်နိုင်ငံသို့ သွားရောက်၍ တရုတ်ဇနီးမယားအဖြစ် လုပ်ကိုင်ပါက ရုပ်ရည်ပေါ်မူတည်၍ ငွေများများရမည်ဟု စည်းရုံးပြောဆိုကာ ငွေကြေးအကျိုးအမြတ်များရယူ၍ မူဆယ်မြို့နေ မသဲယုယထံ ပို့ဆောင်ပေးခဲ့သည်။

စစ်ဆေးချက်အရ မသဲယုယက တရုတ်နိုင်ငံသို့ တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားခဲ့ကြောင်းစိစစ်ပေါ်ပေါက်သဖြင့် ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုနယ်မြေရဲစခန်း (ပ) ၈၈/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး အောက်တိုဘာလ ၂၄ ရက်တွင် မဟာအောင်မြေခရိုင် တရားရုံးမှ ဖမ်းမိတရားခံ မသဲသဲအောင်ကို အလုပ်နှင့်ထောင်ဒဏ် ၁၂ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ မသဲယုယကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

မြဝတီ

# ဆိပ်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါးစိုက်ခင်းများအောင်မြင်ဖြစ်ထွန်း

ဆိပ်ဖြူ အောက်တိုဘာ ၂၇

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများ စိုက်ပျိုးခဲ့သည့် မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ဆိပ်ဖြူမြို့နယ်အနေဖြင့် မိုးစပါး ၁၀၅၃၆ ဧက စိုက်ပျိုးရန်လျာထားပြီး ဒေသခံတောင်သူများ စိုက်ပျိုးမှုအောင်မြင်ဖြစ်ထွန်းရေး၊ မျိုးကောင်းမျိုးသန့်နှင့်စိုက်ပျိုးနည်းစနစ်မှန်ကန်ရေး၊ သီးနှံအထွက်နှုန်း မြင့်မားတိုးတက်စွာရရှိရေး စိုက်ပျိုးရေးနည်းပညာများပေးခြင်း၊ စံပြစိုက်ခင်းများဆောင်ရွက်ခြင်း၊ မျိုးစပါးအထွက်တိုး မျိုးကောင်းမျိုးသန့်များကို ဖြန့်ဖြူးပေးခြင်းအပြင် စိုက်ပျိုးရေပြည့်ဝစွာရရှိရေးလုပ်ငန်းတို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ပေးခဲ့သည်။

မိုးစပါးစိုက်ပျိုးသည့်ဒေသခံတောင်သူများအနေဖြင့် လျှပ်စစ်မြစ်ရေတင်၊ အစိုးရဆည်၊ ဆည်ငယ်ကန်ငယ်၊ မြေအောက်ရေတင်စနစ်နှင့် မိုးကောင်းသောက်လယ်စသော စိုက်ပျိုးရေရရှိရေးနည်းလမ်းအသွယ်သွယ်တို့ဖြင့် အောင်နိုင်တိုး၊ ဆာဖိုသာ၊ ဆင်းသုခနှင့် ရောမင်းစပါးမျိုးများကိုစိုက်ပျိုးခဲ့ကြရာ ၁၀၅၇၄ ဧက စိုက်ပျိုးပြီးစီးခဲ့၍ လျာထားဧကပြည့်မီကျော်လွန်ခဲ့ကြောင်း၊ လက်ရှိတွင် မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်းသိရသည်။

**ကိုဇွဲ(အညာမြေ)**

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲတွင် ရခိုင်ယူနိုက်တက်အသင်းက ဒဂုံပေါ့အသင်းကို အနိုင်ရရှိ



ရန်ကုန် အောက်တိုဘာ ၂၇

၂၀၂၅-၂၀၂၆ ရာသီ မြန်မာနေရှင်နယ်လိဂ်အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၇)ပြိုင်ပွဲတစ်ခုဖြစ်သည့် ရခိုင်ယူနိုက်တက်အသင်းနှင့် ဒဂုံပေါ့အသင်းတို့ ယနေ့ညနေပိုင်းတွင် သန်လျင်မြို့ရှိ သီဟဒီပကွင်း၌ ယှဉ်ပြိုင်ကစားကြရာ ရခိုင်ယူနိုက်တက်အသင်းက ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ပထမပိုင်းပွဲတွင် နှစ်သင်းလုံးက တိုက်စစ်ဖွင့်ကစားခဲ့ကြသည်။ ဒဂုံပေါ့အသင်း ဂိုးသွင်းခွင့် အကြိမ်များများရရှိခဲ့သော်လည်း ရခိုင်ယူနိုက်တက်အသင်း၏ဂိုးသမားက အကောင်းဆုံးလက်စွမ်းပြကာကွယ်ပေးနိုင်ခဲ့၍ ဦးဆောင်ဂိုးပေးရမည့်အခြေအနေမှလည်း ကင်းဝေးခဲ့ရသည်။ ရခိုင်ယူနိုက်တက်အသင်းသည် ခံစစ်မှတိုက်စစ် တိုက်စစ်မှခံစစ် တစ်သင်းလုံးဟန်ချက်ညီ လိုက်ပါနိုင်ခဲ့ပြီး တောင်ပံအမြင့်ကန်ဘောများဖြင့် တန်ပြန်တိုက်စစ်များသည်လည်း ဒဂုံပေါ့အသင်းအတွက် အန္တရာယ်များခဲ့သည်။ နှစ်ဖက်အပြန်အလှန်ကစားရင်း ပွဲကစားချိန် ၁၂ မိနစ်အရောက်တွင် ညီညီထွန်း၏ဖန်တီးပေးပို့မှုကနေ မိုစတာဖာက ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ရခိုင်ယူနိုက်တက်အသင်း ဦးဆောင်ဂိုးရရှိသွားသည်။ လက်ကျန်အချိန်များတွင် ဒဂုံပေါ့အသင်း ချေပဂိုးရရှိရေး အကောင်းဆုံးကြိုးစားခဲ့သော်လည်း ရလဒ်မပြောင်းဘဲ ပထမပိုင်းပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်သင်းလုံးတိုက်စစ်မြှင့်ကစားခဲ့ကြသည်ဆိုသော်လည်း ဒဂုံပေါ့အသင်းက ချေပဂိုးရရှိရေးအတွက် ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ရခိုင်ယူနိုက်တက်အသင်းကို ဖိအားပေးကစားခဲ့သည်။ ဒဂုံပေါ့အသင်းကစားသမားများအနေဖြင့် ပြိုင်ဘက်ဂိုးဧရိယာအတွင်း၌ သေချာသောဂိုးရရှိနိုင်သည့်အခွင့်အရေးများရရှိခဲ့သော်လည်း စိတ်လောနေ၍ အသုံးမချနိုင်ဘဲရှိခဲ့သည်။ ရခိုင်ယူနိုက်တက်ဂိုးသမားသည်လည်း ယနေ့ပွဲတွင် သေချာသောဂိုးဟုဆိုရလောက်သည့် ဘောလုံးများကို ကြိမ်ဖန်များစွာပုတ်ထုတ်ကာကွယ်နိုင်ခဲ့၍ ဒဂုံပေါ့အသင်း ချေပဂိုးရရှိရေးကံခေခဲ့သည်။ လက်ကျန်အချိန်များကို နှစ်ဖက်အသင်းကစားသမားများ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသော်လည်း ပထမပိုင်းရရှိသည့်ဂိုးရလဒ်ဖြင့်ပင် ရခိုင်ယူနိုက်တက်အသင်းက ၁ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ထို့အတူ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၇)ပြိုင်ပွဲတစ်ခုဖြစ်သည့် ဒဂုံစတားယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ YUSC ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြရာ တစ်ဖက် ၂ ဂိုးစီဖြင့် သရေကျခဲ့ကြကြောင်း သိရသည်။ **ဝန်းရံခ**

**➤ တရားမဝင်စက်သုံးဆီမှ**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၃၀ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တရားမဝင်စက်သုံးဆီ သယ်ယူဖြန့်ဖြူးရောင်းချမှု (၅၅၃)ကြိမ်မှ ငွေကျပ်တန်ဖိုး (၁၈၉၂၂)သန်းကျော်တန်ဖိုးရှိသည့် စက်သုံးဆီတန်ချိန်(၃၀၃၇) တန်ခန့်ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့ရကြောင်း စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီမှ သိရှိရသည်။


ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေပုဒ်မ ၃၀ အရ **"မည်သူမျှ ဤဥပဒေအရ လိုင်စင်ရယူရန် လိုအပ်သည့်လုပ်ငန်း သို့မဟုတ် ဆောင်ရွက်မှုတစ်ခုခုကို သက်ဆိုင်ရာလိုင်စင်မရရှိဘဲ လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ"** ဟုပြဋ္ဌာန်းထားသည့်အတွက် တရားမဝင်စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရောင်းချမှုမရှိစေရေးနှင့် လျှော့နည်းပပျောက်စေရေးကို ဥပဒေနှင့်အညီ ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည့်အပြင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအဖွဲ့များနှင့်ပူးပေါင်းပြီး စစ်ဆေးကြပ်မတ်ဆောင်ရွက်ခြင်းနှင့် တရားမဝင်စက်သုံးဆီဖြန့်ဖြူးရောင်းချခြင်းမရှိစေရန် အသိပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် တရားဝင်လုပ်ငန်းလိုင်စင်ရယူ၍ လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်သော်လည်း ဥပဒေပြဋ္ဌာန်းချက်များ၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည်ကို စိစစ်တွေ့ရှိရပါက ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေပြဋ္ဌာန်းချက်အရ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းဥပဒေပုဒ်မ ၃၄ ပုဒ်မခွဲ(က) အရ **သတိပေးခြင်း၊** ပုဒ်မ ၃၄ ပုဒ်မခွဲ(ခ) အရ **သတ်မှတ်ထားသော ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊** ပုဒ်မ ၃၄ ပုဒ်မခွဲ(ဂ)အရ **လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊** ပုဒ်မ ၃၄ ပုဒ်မခွဲ(ဃ)အရ **လိုင်စင်ကို အပြီးတမ်းရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း** စသည့်အရေးယူမှုများကိုဆောင်ရွက်နိုင်ကြောင်းသိရသည်။

စက်သုံးဆီများအား တရားမဝင်သယ်ယူသိုလှောင်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများသည် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရသည့် လုပ်ငန်းများမဟုတ်သဖြင့် မီးဘေးအန္တရာယ်ဖြစ်ပွားနိုင်ပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်နိုင်ကာ နိုင်ငံတော်နှင့် အများပြည်သူပိုင်ပစ္စည်းများ ဆုံးရှုံးနိုင်ခြင်း၊ နိုင်ငံတော်မှရသင့်ရထိုက်သည့်ဘဏ္ဍာငွေများ ဆုံးရှုံးနစ်နာနိုင်ခြင်း၊ အများပြည်သူအနေဖြင့် စံချိန်စံညွှန်း၊ အရည်အသွေးပြည့်မီသည့် စက်သုံးဆီများ မသုံးစွဲနိုင်ခြင်း စသည့်ထိခိုက်နစ်နာမှုများအပြင် ဥပဒေနှင့်လည်း ညီညွတ်ခြင်းမရှိသဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုကြရန်နှင့် ဥပဒေနှင့်အညီ သက်ဆိုင်ရာလုပ်ငန်းလိုင်စင်များရယူဆောင်ရွက်ကြရန် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသိပေးတိုက်တွန်းနှိုးဆော်လျက်ရှိကြောင်း သိရသည်။

**မြဝတီ**

## ၂၇-၁၀-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၁၅:၃၀ နာရီအချိန် တိုင်းထွာချက်အရ ဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ(MONTHA)" လမ်းကြောင်းပြမြေပုံ




○ **ကျောဖုံးမှအဆက်**

အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ" (MONTHA) သည် အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး ဆက်လက်တည်ရှိနေသည်။ အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ"သည် မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့ (Coco Island) ၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၅၃၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ချင်းနိုင်မြို့ (Chennai)၏ အရှေ့ဘက်ရေမိုင် ၂၄၀ မိုင်ခန့်၊ ကာကီနာဒါမြို့ (Kakinada) ၏ အရှေ့တောင်ဘက် ရေမိုင် ၂၆၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။

ဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟုသတ်မှတ်သည်။

**ဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ" ၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ" သည် ညနေ ၃ နာရီခွဲအချိန်တွင် မြောက်လတ္တီတွဒ် ၁၃ ဒသမ ၂ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၈၄ ဒသမ ၄ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၆ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၄၅ မိုင်မှ မိုင် ၅၀ နှုန်းခန့်ဖြစ်သည်။

**နောက် ၃၆ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ" သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အောက်တိုဘာလ ၂၈ ရက်၌ အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) အဖြစ်သို့ ရောက်ရှိနိုင်ကာ ယင်းနေ့ညပိုင်းတွင် အင်ဒိယာပရာဒေ့ရှ်ကမ်းခြေကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ" ၏အရှိန်ကြောင့် ယနေ့ညနေမှ အောက်တိုဘာလ ၂၈ ရက်အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ" ၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင်နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီးရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**



အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်
၁။ ပြည်သူ့ပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူ့ပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ
မိသားစုဘဝ လုံခြုံစိတ်ချဖို့
ကျန်းမာရေးအာမခံ
ထားကြစို့!
We Protect The Family
about us
နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇




SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀ ၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး




မြန်မာလင်း(န်)အင်(န်)ဒဲဗလော့(ပ်)မင့်(တ်)လီမိတက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၈/၂)၊ သီရိရတနာလမ်း၊ ဒုညီပန်းအဝိုင်းအနီး၊ဇေနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၃၄၃၅၁၈၁၊ ၀၆၇ ၃၄၃၅၁၈၂၊၀၆၇ ၃၄၃၅၁၈၅၊ ၀၆၇ ၃၄၃၅၁၈၃၊ Fax - ၀၆၇ ၃၄၃၅၁၈၈၊ Email; myanmarland2005@gmail.com

❖ ကျန်းမာမှ အလုပ်လုပ်နိုင်မည်၊ ကျန်းမာမှပညာသင်ကြားနိုင်မည်၊ လူ့အသက်ထက် အရေးကြီးသည်မှာ ဘာမှမရှိ၊ ဆေးရုံတိုင်းဆရာဝန်ရှိရမည် စသည့်မူဝါဒများချမှတ်၍ ကျန်းမာရေးနှင့်ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးဝန်ထမ်းများ ဖြည့်ဆည်းပေးခြင်း၊ အထောက်အကူပြုပစ္စည်းများ ဖြည့်ဆည်းပေးခြင်းတို့ဖြင့် အားပေးမြှင့်တင်ပေးလျက်ရှိ . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင်ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တရားမဝင်စက်သုံးဆီလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုကြရန် အသိပေးတိုက်တွန်း

နေပြည်တော် အောက်တိုဘာ ၂၇

စွမ်းအင်ဝန်ကြီးဌာန စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီနှင့် ရေနံနှင့်ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတို့သည် စက်သုံးဆီများတင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာစနစ်တကျဆောင်ရွက်နိုင်ရန်အတွက် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ စနစ်တကျစီမံဆောင်ရွက်လျက်ရှိသည့်အပြင် တရားမဝင်စက်သုံးဆီလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေကြောင်းစိစစ်တွေ့ရှိရပါကလည်း ဥပဒေနှင့်အညီ ထိထိရောက်ရောက်အရေးယူဆောင်ရွက်လျက်ရှိသည်။ စာမျက်နှာ ၃၀ ကော်လံ ၄ ➤

# KIA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ဗန်းမောက်မြို့ရှိ ဌာနဆိုင်ရာ အဆောက်အအုံများနှင့် ပြည်သူလူထု၏နေအိမ်များအား မီးရှို့ဖျက်ဆီး


KIA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ဗန်းမောက်မြို့ရှိဌာနဆိုင်ရာဆောက်အအုံများနှင့် ပြည်သူလူထု၏နေအိမ်များအားမီးရှို့ဖျက်ဆီးနေသည့်မှတ်တမ်းဓာတ်ပုံ။



နေပြည်တော် အောက်တိုဘာ ၂၇

KIA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလအစောပိုင်းမှစ၍ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိတပ်မတော်မှ နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်/စခန်းများအား အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ခြင်းများပြုလုပ်၍ အဆိုပါဒေသအတွင်းရှိထီးချိုင့်၊ ကောလင်း၊ ပင်လည်ဘူးမြို့နှင့် မရသိမ်ကျေးရွာအပါအဝင် အချို့မြို့/ရွာများတွင် ဝင်ရောက်နေရာယူကာ စာသင်ကျောင်းများ၊ ကျေးရွာဘုန်းတော်ကြီးကျောင်းများနှင့် ဘုရားစေတီများတွင် အခြေပြု၍ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည့်အပြင် ဒေသခံပြည်သူများအား ၎င်းတို့အပေါ် အကြောက်တရားလွှမ်းမိုးစေရန်အတွက် အကြောင်းမဲ့ဖမ်းဆီးသတ်ဖြတ်ခြင်း၊ စာမျက်နှာ ၂၉ ကော်လံ ၁ ●

# ဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ"၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိ




နေပြည်တော် အောက်တိုဘာ ၂၇

**ဆိုင်ကလုန်းမုန်တိုင်း "မွန်ထာ" (MONTHA) အခြေအနေ**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့်ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် စာမျက်နှာ ၃၀ ကော်လံ ၁ ❍

# ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများ၏ ဟောပြောစည်းရုံးမှုများကို ရုပ်သံလိုင်းများတွင် ထုတ်လွှင့်ပြသမည်

နေပြည်တော် အောက်တိုဘာ ၂၇


၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများ၏ ဟောပြောစည်းရုံးမှုများကို အောက်တိုဘာလ ၂၈ ရက် ည ၇ နာရီမှစတင်၍ MRTV HD၊ MRTV Parliament ၊MWD HD၊ MWD Variety HD တို့မှ လည်းကောင်း၊ မြန်မာ့အသံရေဒီယို၊ သပြေရေဒီယို၊ သဇင် FM တို့နှင့် MRTV App: ၊ Radio App: အပါအဝင် MRTV Online Platform တို့မှလည်းကောင်း ထုတ်လွှင့်ပြသပေးမည်ဖြစ်သည်။

အဆိုပါ နိုင်ငံရေးပါတီများ၏ ဟောပြောစည်းရုံးမှုများကို အောက်တိုဘာလ ၂၈ ရက်မှ နိုဝင်ဘာလ ၂၄ ရက်အထိ နေ့စဉ် ည ၇ နာရီတွင် ပထမအကြိမ်အဖြစ် စတင်ထုတ်လွှင့်ပြသပေးမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

**ပြန်လည်ထူထောင်ရေးနှင့်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သောဘိလပ်မြေများကို အထူးကုန်ရထားဖြင့်ပို့ဆောင်** စာ - ၁၅ သို့

MYAWADDY TRADING LIMITED





ပို့ကုန် — လယ်ယာထွက်သီးနှံ၊ ဆန်စပါး၊ သကြား၊ ရာဘာ၊ ရေထွက်ပစ္စည်း၊ အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန် — စားအုန်းဆီ၊ လူသုံးအဆောင်၊ ရေနံနှင့်ဓာတုပစ္စည်း၊ ဓာတ်မြေဩဇာ၊ ကတ္တရာ။
Tel: 95-01-8373255,8373265,8373267, 8373291
Fax: 95-01-8373257